# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိကိုယ်ကို ချစ်ရာရောက်**

လူတိုင်းသည် မိမိကိုယ်ကို ချစ်ကြသည်သာဖြစ်၏။ ချစ်လည်း ချစ်အပ်၏။ ဤသို့ ချစ်အပ်ကြောင်းကို သိရှိသူသည် မိမိဘဝ နစ်နာဆုံးရှုံးရမည့် မကောင်းမှုတို့ကို မပြုသင့်ကြချေ။ ထိုသို့ မပြုလုပ်မိစေရန် မမေ့မလျော့ဘဲ မြဲမြံသောသတိဖြင့် ထိန်းသိမ်းစောင့်ရှောက်သင့်ကြ၏။ မကောင်းမှုကို ရှောင်ကြဉ်၍ မိမိကိုယ်ကိုချစ်ရာရောက်အောင် ကြိုးစားအားထုတ်ရာ၏။ **အတ္တဝဂ်(ဓမ္မပဒ - ၁၅၇)**


၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၁ ရက် | ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာ ၂၉ ရက်၊ ကြာသပတေးနေ့၊ | အတွဲ (၅၆)၊ အမှတ် (၀၉၀)


# ပြည်တွင်းစစ်မီး မကြာမီကာလမှာ ငြိမ်းစေရမယ်ဆိုတဲ့ မျှော်လင့်ချက်အကောင်အထည်ပေါ်လာဖို့ တိုင်းရင်းသားများအားလုံးအကြား အပြန်အလှန်နားလည်မှု၊ ယုံကြည်လေးစားမှုတွေ ပြုစုပျိုးထောင်

နေပြည်တော် ဒီဇင်ဘာ ၂၈

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်နေ့တွင် ကျရောက်သည့် ကရင်အမျိုးသားနှစ်သစ်ကူးနေ့အတွက် သဝဏ်လွှာတစ်စောင်ပေးပို့သည်။**

**အဆိုပါ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-**

## ကရင်အမျိုးသားနှစ်သစ်ကူးနေ့သဝဏ်လွှာ

၁။ ယနေ့ (၂၇၅၆) ခုနှစ်၊ သလေးထိုင်ခုတ်ဖို ပြာသိုလဆန်း (၁) ရက်နေ့မှာ ကျရောက်တဲ့ ကရင်နှစ်သစ်မင်္ဂလာနေ့ထူးနေ့မြတ်မှာ မြန်မာနိုင်ငံတစ်ဝန်းလုံးနဲ့ ကမ္ဘာ့ဒေသအရပ်ရပ်မှာ ပျံ့နှံ့အခြေချနေထိုင်လျက်ရှိကြတဲ့ ကရင်တိုင်းရင်းသားအပေါင်းတို့ ကောင်းမြတ်ခြင်း မင်္ဂလာအဖြာဖြာနဲ့ပြည့်စုံကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

၂။ တိုင်းရင်းသားပေါင်းများစွာနဲ့ ဆောက်တည်ထားတဲ့ ကျွန်မတို့ပြည်ထောင်စုရဲ့ ဂုဏ်ယူတန်ဖိုးအထားရဆုံး အရာတစ်ရပ်ကတော့ ချစ်ဖွယ်ကောင်းလှတဲ့ အမျိုးမျိုးအဖုံဖုံသော ရိုးရာယဉ်ကျေးမှုအစဉ်အလာလေးတွေဖြစ်ပါတယ်။ အစဉ်အလာအလေ့အကျင့်ကောင်းတွေကို လေ့လာ၊ သတိရခြင်းဟာ ကျွန်မတို့တွေရဲ့ ပြည်ထောင်စုစိတ်ဓာတ်ကို မြင့်တင်ပေးပြီး ကျွန်မတို့နိုင်ငံရဲ့ အင်အားတွေ ကြီးထွားစေပါတယ်။

*စာမျက်နှာ ၄ ကော်လံ ၁* ✻




# ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရန်ပုံငွေဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့က သဘောတူချမှတ်ထားသော ဦးစားပေးကဏ္ဍကြီးများနှင့် ညီညွတ်မှုရှိရမည်

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ရန်ပုံငွေလုံလောက်မှုမရှိ၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ထိခိုက်စေခြင်းမျိုးမဖြစ်ရန် လိုအပ်သကဲ့သို့ မလိုအပ်ဘဲ အပိုကုန်ကျမှုများမရှိရန်လည်းလိုအပ်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရန်ပုံငွေကို နိုင်ငံတော်အစိုးရတစ်ခုတည်းက ပိုင်ဆိုင်ခြင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) က ပိုင်ဆိုင်ခြင်း မဟုတ်ကြောင်း၊ နိုင်ငံသူ နိုင်ငံသားအားလုံးက ပိုင်ဆိုင်ခြင်းဖြစ်ကြောင်း၊ အလှူရှင်များက လှူဒါန်းပြီးသည့်နောက်တွင် ပြည်သူပိုင်ဖြစ်သွားပြီဖြစ်ကြောင်း၊ ထိုရန်ပုံငွေများကို စိစစ်ရာတွင်လည်း မည်သည့်အတွက်ကြောင့် သုံးစွဲရသည်၊ မည်သည့်နေရာများတွင် သုံးစွဲရသည်ကို ယခုပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့က သဘောတူညီရန် လိုအပ်သကဲ့သို့ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုရှိရန်လိုအပ်ပါကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရန်ပုံငွေဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (Joint Coordinating Body for Peace Process Funding-JCB) အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ကျင်းပရာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရန်ပုံငွေဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ထိုသို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ◆

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်




မြန်မာ့အလင်း

# တရားဥပဒေစိုးမိုးမှုနှင့် ပြည်သူလူထု၏ တည်ငြိမ်အေးချမ်းမှု

ရန်ကုန်မြို့နေ သန်းနှင့်ချီသော ပြည်သူအများစုသည် နေ့စဉ်သွားလာရေးအတွက် ဘတ်စ်ကား(ခရီးသည်တင်ယာဉ်လိုင်းများ) များကိုသာ အားပြုနေကြရပါသည်။ သို့ဖြစ်ပါ၍ ခရီးသည်တင်ယာဉ်လိုင်းများသည် ရန်ကုန်မြို့နေ ပြည်သူတို့၏ နေ့စဉ်ဘဝတွင် မရှိမဖြစ်အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ ဤသို့ မရှိမဖြစ်အခန်းကဏ္ဍမှ ပါဝင်နေသောကြောင့် ခရီးသည်တင်ယာဉ်လိုင်းများ၏ ဝန်ဆောင်မှုသည် ခရီးသွားပြည်သူတို့၏ အဆင်ပြေမှုအတွက် အထောက်အပံ့ကောင်း ဖြစ်စေရမည်ဖြစ်ပါသည်။ သို့သော် ခရီးသည်တင်ယာဉ်လိုင်းများရှိ တချို့သောယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်တို့၏ ရမ်းကားဆိုးသွမ်းမှုသည် ပြည်သူလူထုအကြား အရေးတယူဆွေးနွေးရသည့် အဆင့်အထိ ရောက်ရှိလာသည်ကို တွေ့ရှိရပါသည်။

ခရီးသွားပြည်သူတို့ထံမှရရှိသော ဝင်ငွေအပေါ် အမှီပြုရပ်တည်နေရသည့် ခရီးသည်တင်ယာဉ်လိုင်းများရှိ တချို့သော ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်တို့၏ ရမ်းကားဆိုးသွမ်းမှုသည် ခရီးသွားပြည်သူတို့ကို စော်ကားသည့် အဓိပ္ပာယ်သက်ရောက်ရုံသာမက ဥပဒေကိုဘေးဖယ်၍ မင်းမဲ့စရိုက်ဆန်ဆန် ပြုကျင့်သည့်အဓိပ္ပာယ်လည်း သက်ရောက်ပါသည်။ သို့သော် "လူပါး၀ bus များရပ်" ဟု လှုံ့ဆော်၍ ရမ်းကားဆိုးသွမ်းသည့် ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များကို နီးစပ်စုစည်းမိရာ လူအင်အားဖြင့်ဆုံးမရန် ဆောင်ရွက်ခြင်းသည်လည်း ဥပဒေကို ဘေးဖယ်၍ မင်းမဲ့စရိုက်ဆန်ဆန် ပြုကျင့်သည့်အဓိပ္ပာယ် သက်ရောက်နေပါသည်။ ဤသို့သော မင်းမဲ့စရိုက်ဆန်သည့်လုပ်ရပ်များ ထိပ်တိုက်တိုးမိပါက မျှော်လင့်မထားသော အဓိကရုဏ်းများမှတစ်ဆင့် တရားဥပဒေစိုးမိုးမှုနှင့် ပြည်သူလူထု၏ တည်ငြိမ်အေးချမ်းမှုတို့ကို စိန်ခေါ်ခြိမ်းခြောက်လာမည်ဖြစ်ပါသည်။

တရားဥပဒေစိုးမိုးမှုနှင့် ပြည်သူလူထု၏ တည်ငြိမ်အေးချမ်းမှုတို့ကို စိန်ခေါ်ခြိမ်းခြောက်လာခြင်းသည် လူထုအစိုးရသစ်၏ပုံရိပ်ကို ထိခိုက်စေသည်သာမက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း အနှောင့်အယှက်အဟန့်အတားတစ်ရပ် ဖြစ်လာမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ရမ်းကားဆိုးသွမ်းသည့် ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်တို့၏ တရားလက်လွတ်ပြုကျင့်မှုများကို ပြည်သူလူထု၏ တည်ငြိမ်အေးချမ်းမှုကို နှောင့်ယှက်ဖျက်ဆီးသည့် လုပ်ရပ်များအဖြစ် သတ်မှတ်၍ အရေးပေါ်အစီအစဉ်များချမှတ်ဆောင်ရွက်သင့်ပါသည်။ အဆိုပါ အရေးပေါ်အစီအစဉ်များတွင် ရမ်းကားဆိုးသွမ်းသည့် ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်တို့အား တရားရုံးသို့ ချက်ချင်းပို့ဆောင်၍ ပြစ်မှုထင်ရှားပါက ထိရောက်သော ထောင်ဒဏ်များကို ချက်ချင်းချမှတ်သင့်ပါသည်။

တာဝန်ရှိအာဏာပိုင်အဖွဲ့အစည်းများက ဤအရေးပေါ်အစီအစဉ်များကို ပြည်သူလူထုထံ ကျယ်ကျယ်ပြန့်ပြန့် အသိပေး ဆောင်ရွက်သင့်ပါသည်။ တာဝန်ရှိအာဏာပိုင်အဖွဲ့အစည်းများက ဥပဒေနှင့်အညီ ထိုကဲ့သို့အပြစ်ပေးအရေးယူနေပါလျက် နီးစပ်ရာလူစုအင်အားဖြင့် ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်တို့ကို ၎င်းတို့စိတ်တိုင်းကျ အပြစ်ပေးသူများအားလည်း အရေးပေါ်အစီအစဉ်အရ အလားတူပြစ်ဒဏ်ချမှတ် အရေးယူသင့်ပါသည်။ အချုပ်အားဖြင့် တရားဥပဒေစိုးမိုးမှုနှင့် ပြည်သူလူထု၏ တည်ငြိမ်အေးချမ်း မှုကို ထိပါးသောလုပ်ရပ်မှန်သမျှအား အချိန်မဆိုင်းထိထိရောက်ရောက် အပြစ်ပေးအရေးယူပေးပါရန် လေးစားစွာပန်ကြားတင်ပြအပ်ပါသည်။ ။

## ကျန်းမာရေးစောင့်ရှောက်မှုများပြုလုပ်

**ပွင့်ဖြူ ဒီဇင်ဘာ ၂၈**

မင်းဘူးခရိုင် ပွင့်ဖြူမြို့ သက်တော်ရှည်ရပ်ကွက်ရှိ အထက၌ ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးဆောင်သော အထူးကုဆရာဝန်၊ ဆရာမ ၇၀၊ ကျန်းမာရေးဝန်ထမ်း ၆၀ တို့က ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်း၏ (၃၅) နှစ်မြောက် ကျန်းမာရေးဆေးကုသခြင်း အလှူအဖြစ် ဒီဇင်ဘာ ၂၆ ရက် နံနက် ၈ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မြို့နယ်အတွင်းရှိ မျက်စိ ဝေဒနာရှင် ၁၁၀၀၊ သွားနှင့်ခံတွင်းဝေဒနာရှင် ၂၅၄ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်း ဝေဒနာရှင် ၃၃၃ ဦး၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အရေပြားရောဂါ၊ အထွေထွေရောဂါ ဝေဒနာရှင် ၂၁၁၉ ဦး စုစုပေါင်းလူနာ ၄၄၄၄ ဦးအား ကျန်းမာရေး စောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့ကြောင်းနှင့် မျက်စိဝေဒနာရှင် ၁၀၃ ဦးအား မျက်စိ ခွဲစိတ်ပေးခဲ့ကြောင်း သိရသည်။ အဆိုပါဆေးကုသမှုအား ဒီဇင်ဘာ ၂၇ ရက်ကလည်း ဆက်လက်ကုသခဲ့ကြောင်း သိရသည်။ **မေသူလွင်(မကွေးကိုယ်ပွား)**

# ၂၀၁၇ ခုနှစ်၊ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံတွင် တွေ့ဆုံညှိနှိုင်းမှုများမှရရှိလာမည့် ဆုံးဖြတ်ချက်များနှင့်အညီ ဘုံသဘောတူညီချက်တစ်ခုဖြင့် အနာဂတ်တွင် စစ်မှန်သည့် ပြည်ထောင်စုကြီးတည်ဆောက်သွားနိုင်ရေး။

(၂) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

(၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီစံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်လျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏ စီးပွားရေးမူဝါဒ မျှော်မှန်းချက်များနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေမည့် စီးပွားရေးအခြေအနေကောင်းများရရှိရန် ကြိုးပမ်းဆောင်ရွက်ရေး။

## ဗိုလ်ချုပ်ရင်ပြင် တည်ဆောက်မှု ၇၅ ရာခိုင်နှုန်းကျော် ပြီးစီး

**အောင်လံ ဒီဇင်ဘာ ၂၈**

အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အောင်မာလာပန်းခြံအတွင်း၌ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ကြေးရုပ်ထားရှိရန် ဗိုလ်ချုပ်ရင်ပြင်ကို တည်ဆောက်လျက်ရှိရာ ၇၅ ရာခိုင်နှုန်းကျော် ပြီးစီးပြီဖြစ်သည်။ ဗိုလ်ချုပ်ကြေးရုပ်ဖြစ်မြောက်ရေး ကော်မတီဝင်တစ်ဦးက "ဗိုလ်ချုပ်ကြေးရုပ်ကိုလည်း မန္တလေးမြို့မှာ သွန်းလုပ်နေပြီဖြစ်ပါတယ်၊ ဗိုလ်ချုပ်မွေးနေ့ဖြစ်တဲ့ ဖေဖော်ဝါရီ ၁၃ ရက်မှာ ဖွင့်လှစ်နိုင်အောင် ကော်မတီက ကြိုးစားဆောင်ရွက်နေပါတယ်"ဟု ပြောကြားသည်။

**သိန်းလွင်(အောင်လံ)**



ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစု ပင်လုံအခမ်းအနား ဓာတ်ပုံ - မျိုးမင်းထိုက် (IPRD)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း ၂၈-၁၂-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေစျေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၂၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၂၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၂၀၀၀ |

စက်သုံးဆီစျေးနှုန်း(တစ်လီတာစျေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၆၅၀/၆၇၅ ကျပ် |
| အောက်တိန်း ၉၂ | ၆၆၀/၆၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၇၁၀/၇၂၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၇၀/၇၁၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်စျေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၇၅ · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၃၃ · ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၄၈ · ၈၈ |
| ထိုင်း | တစ်ဘတ် | ၃၈ · ၂၄ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ · ၁၉ |
| တရုတ် | တစ်ယွမ် | ၁၉၆ · ၈၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၆ · ၂၁ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

◆ **ရှေ့ဖုံးမှ**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရန်ပုံငွေပေါင်းစပ် ညှိနှိုင်းရေးလုပ်ငန်းစဉ်သည် အထူးအရေးကြီးကြောင်း၊ နိုင်ငံတကာက ထောက်ပံ့သည်ဖြစ်စေ၊ ပြည်တွင်းအလှူရှင်များက ထည့်ဝင်လှူဒါန်းသည်ဖြစ်စေ နိုင်ငံသူနိုင်ငံသားများကို လှူဒါန်းခြင်းဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရန်ပုံငွေဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့က သဘောတူချမှတ်ထားသော ဦးစားပေးကဏ္ဍကြီးများနှင့် ညီညွတ်မှုရှိရမည် ဖြစ်ကြောင်း၊ အဖွဲ့အစည်းတစ်ဖွဲ့ချင်း၏ ရန်ပုံငွေကိစ္စမှာ ယင်းတို့ အဖွဲ့အစည်းများနှင့်သာ သက်ဆိုင်ပြီး မိမိတို့ JCB အဖွဲ့မှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဆက်စပ်ပတ်သက်သည့် ရန်ပုံငွေကိစ္စရပ်များကိုသာ ဆွေးနွေးညှိနှိုင်းမည်ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ အမျိုးသားလွှတ်တော်၊ တိုင်းရင်းသားရေးရာကော်မတီဥက္ကဋ္ဌ ဒေါ်ရှီလာနန်တောင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောတင်ဝင်း၊ NCA လက်မှတ်ရေးထိုးထားပြီးဖြစ်သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ကိုယ်စား ပဒိုစောကွယ်ထူးဝင်း (KNU အထွေထွေအတွင်းရေးမှူး)၊ ဦးစိုင်းလျန်း (RCSS-SSA)၊ ဆလိုင်းထလာဟေး (CNF အထွေထွေအတွင်းရေးမှူး)၊ ဦးမျိုးဝင်း (ABSDF) နှင့် NCA လက်မှတ်ရေးထိုးခြင်းမရှိသေးသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ဦးစံလော (“ဝ” အထူးဒေသ(၂)၊ ပြည်ပဆက်ဆံရေးဌာနမှူး) နှင့် ဦးခမ်းမောင် (အထူးဒေသ(၄)မိုင်းလား၊ ငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီ) တို့ တက်ရောက်ကြသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရန်ပုံငွေဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

အစည်းအဝေးတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA) လက်မှတ်ရေးထိုးထားပြီးဖြစ်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရန်ပုံငွေဆိုင်ရာအစီအစဉ်များ၊ အတည်ပြုထားပြီးဖြစ်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရန်ပုံငွေဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (JCB) ၏ တာဝန်နှင့် ဝတ္တရားများကိုအခြေခံ၍ လုပ်ငန်းအဖွဲ့များ၊ ရုံးအဖွဲ့များဖွဲ့စည်းထားရှိဆောင်ရွက်ရေး၊ JCB ၏ လုပ်ငန်းလမ်းညွှန်နှင့် လုပ်ထုံးလုပ်နည်းများရေးဆွဲအတည်ပြုရေး၊ လတ်တလောလိုအပ်ချက်များကို အလေးပေးခွင့်ပြုနိုင်ရေး စသည်တို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အပြည်ပြည်ဆိုင်ရာကရိဿျဏအနုဿတိအသင်းနှစ် ၅၀ ပြည့် ရွှေရတုသဘင်ပွဲတော်နှင့် ၂၀၁၇ နှစ်သစ်ကို မေတ္တာဖြင့်ကြိုဆိုခြင်းအခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၈**

အပြည်ပြည်ဆိုင်ရာကရိဿျဏအနုဿတိအသင်း(ISKCON)နှစ် ၅၀ ပြည့် ရွှေရတုသဘင်ပွဲတော်နှင့် ၂၀၁၇ နှစ်သစ်အား မေတ္တာဖြင့်ကြိုဆိုခြင်းအခမ်းအနားကို ယမန်နေ့ ည ၇ နာရီတွင် ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို တက်ရောက်အမှာစကားပြောကြားသည်။ **(အောက်ဝဲပုံ)**




အခမ်းအနားတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက သူရဦးတင်ဦးက အပြည်ပြည်ဆိုင်ရာ ကရိဿျဏအနုဿတိအသင်း တည်ထောင်သူ ဆရာတော်ကြီး အေစီဘ(က်)သီးဝေဒါန်သဆွာမိပရဘူးပါးဒ်၏ ပုံတူရုပ်တုကို ပန်းကုံးစွပ်ဂါရဝပြုပြီး အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အပြည်ပြည်ဆိုင်ရာ ကရိဿျဏအနုဿတိအသင်း တည်ထောင်သူ ဆရာတော်ကြီး အေစီဘ(က်)သီး ဝေဒါန်သဆွာမိပရဘူးပါးဒ်၏ ပုံတူရုပ်တုကို ပန်းကုံးစွပ်ဂါရဝပြုပြီး အမှာစကားပြောကြားသည်။

ဆက်လက်ပြီး အပြည်ပြည်ဆိုင်ရာ ကရိဿျဏအနုဿတိအသင်း(မြန်မာ) မှဦးဆောင်ဆရာတော်က အပြည်ပြည်ဆိုင်ရာ ကရိဿျဏအနုဿတိအသင်း ဖြစ်ပေါ်လာပုံနှင့် မေတ္တာအကြောင်း ရှင်းလင်းပြောကြားသည်။

အပြည်ပြည်ဆိုင်ရာ ကရိဿျဏအနုဿတိအသင်း တည်ထောင်သူ ဆရာတော်ကြီးသည် ၁၉၆၆ခုနှစ် ဇူလိုင် ၁၃ ရက်တွင် နယူးယောက်မြို့၌ အပြည်ပြည်ဆိုင်ရာ ကရိဿျဏအနုဿတိအသင်းကို စတင်တည်ထောင်ပြီး သာသနာပြုခဲ့သည်။ ဆရာတော်ကြီး အေစီဘ(က်)သီးဝေဒါန်သဆွာမိပရဘူးပါးဒ် သာသနာပြုခဲ့သည့် ၁၁ နှစ်တာကာလအတွင်း ကျမ်းစာအုပ်ပေါင်း အတွဲ ၆၀ ကျော်ကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားပြုစုပြီး ဘာသာပေါင်း ၅၀ ကျော်ပြန်ဆိုခဲ့ကြောင်း၊ တက္ကသိုလ်များတွင်လည်း ဘွဲ့လွန်ကျောင်းသားများအတွက် ကျောင်းသုံးစာအုပ်အဖြစ် ပြဋ္ဌာန်းခဲ့ကြောင်း၊ အသင်းခွဲဘုရားကျောင်းပေါင်း ၁၀၈ကျောင်း တည်ထောင်ပြီး သာသနာပြုခဲ့ကြောင်း ကရိဿျဏအနုဿတိအသင်း မှတ်တမ်းများအရ သိရသည်။

ကရိဿျဏအနုဿတိ အသင်းကြီးကို ၁၉၉၃ခုနှစ်တွင် ဆရာတော်ကြီး၏ တပည့်ဖြစ်သူ ရှရီဝါးစ်ပဏ္ဍိသ်ပရဘူးက မြန်မာနိုင်ငံတွင် တည်ထောင်ခဲ့ပြီး ယခု အခါ မြို့ကြီး ၁၀ မြို့၌ အသင်းခွဲများ တည်ထောင်ကာ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်း-မင်းသစ်(သတင်းစဉ်)**

**ဓာတ်ပုံ-ဇော်မင်းလတ်**

# ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကို အင်းစိန်မြို့နယ်၌ စည်ကားသိုက်မြိုက်စွာကျင်းပ

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏီတ)**

**ရန်ကုန် ဒီဇင်ဘာ ၂၈**

၂၇၅၆ ခုနှစ် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်ကို ယနေ့ မွန်းလွဲပိုင်းမှစတင်၍ အင်းစိန်မြို့နယ် မဟာဆေးဝက်ပါ အာလိန်ငါးဆင့်ကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။ **(ယာပုံ)**

အဆိုပါနှစ်သစ်ကူးပွဲတော်ကို ယနေ့ ညနေ ၆ နာရီတွင် မဟာရန်ကုန် ကရင်နှစ်သစ်ကူးကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပါမောက္ခ ဖဒိုမန်းရွှေပြည်အေးက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး အဖွင့်အမှာစကားပြောကြားရာတွင် “ကရင်လူမျိုးတို့အနေနဲ့ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက အခုလိုအချိန်မှာ ပေါ်ဦးပေါ်ဖျားဖြစ်တဲ့ ကောက်သစ်ကို မိမိကိုယ်တိုင်မစားသောက်ခင် အသိမိတ်ဆွေတွေနဲ့ လူကြီးမိဘတွေကို ပူဇော်ကန်တော့ ကျွေးမွေးပြီးမှ ဆက်လက်စားသောက်မှုကို ပြုခဲ့ကြတယ်။ ဒါကို အစွဲပြုပြီးတော့ ယနေ့လို ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်ဆိုတာ ဖြစ်ပေါ်လာရတာပါ။ အခုလို နှစ်သစ်ကူးပွဲတော်ကို နေ့ရာအနှံ့ရောက်ရှိနေတဲ့ ကရင်လူမျိုးတွေကလည်း သက်ဆိုင်ရာ ဒေသအသီးသီးမှာ ကျင်းပနေမှာဖြစ်ပါတယ်။ ကျွန်တော်တို့တိုင်းပြည်မှာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၆၀ ကျော်ကာလက ပြည်တွင်းစစ်ပြဿနာတွေနဲ့ လူထုတွေ ဒုက္ခရောက်ခဲ့ရတယ်။ လာမယ့်ကာလမှာ စည်းစည်းလုံးလုံးနဲ့ ဆက်ပြီး လုပ်ကိုင်နိုင်မယ်ဆိုရင် တိုင်းပြည်အတွက် အကျိုးရှိမှာပါ”ဟု ပြောကြားသည်။

ယနေ့ညပိုင်းတွင် ကရင်တိုင်းရင်းသူ တိုင်းရင်းသားလေးများက တယောသံစဉ်ဖြင့် တီးခတ်ဖျော်ဖြေမှုများ ၊ ကရင်ရိုးရာဒုံးယိမ်းအကများ၊ တိုင်းရင်းသားရိုးရာ တေးသီချင်းဖျော်ဖြေမှုများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

အဆိုပါ နှစ်သစ်ကူးပွဲတော်တွင် ကရင်တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုပြခန်းနှင့် သတင်းနှင့်ပြန်ကြားရေးပြခန်းတို့ကို ဖွင့်လှစ်ပြသထားပြီး ရိုးရာလက်ရည်ယှဉ်ပြိုင်ပွဲနှင့် ကရင်ရိုးရာအကများ၊ တေးသီချင်းများ၊ ဒုံးယိမ်းအကများဖြင့် ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

ထို့အပြင် တိုင်းရင်းသားရိုးရာအမှတ်တရပစ္စည်း အရောင်းဆိုင်များ၊ တိုင်းရင်းသားရိုးရာ အစားအသောက်ဆိုင်များ၊ ပျော်ပွဲရွှင်ပွဲများ ပါဝင်လျက်ရှိရာ တိုင်းရင်းသား ညီအစ်ကို၊ မောင်နှမများက ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလျက်ရှိသည်။

“အခုလိုနှစ်သစ်ကူးပွဲတော်မှာ အရင်နှစ်တွေတုန်းက ပြည်တွင်းက လက်ဝှေ့ဝါသနာရှင်တွေသာ လာရောက်ယှဉ်ပြိုင်ခဲ့ကြတာပါ၊ ဒီနှစ်မှာတော့ ဂျပန်နိုင်ငံက လက်ဝှေ့ဝါသနာရှင်လာရောက်ယှဉ်ပြိုင်မှာဖြစ်တဲ့အတွက် ထူးခြားပါတယ်”ဟု ပါမောက္ခ ဖဒိုမန်းရွှေပြည်အေးက ပြောကြားသည်။

အဆိုပါ ရိုးရာလက်ရည်ယှဉ်ပြိုင်ပွဲကို အင်းစိန်မြို့နယ် မြန်မာ့မီးရထား ဘောလုံးကွင်း၌ ယနေ့ မွန်းလွဲပိုင်းက စတင်ကျင်းပလျက်ရှိပြီး ဒီဇင်ဘာ ၂၉ ရက် မွန်းလွဲပိုင်းတွင် ဂျပန်နိုင်ငံသား လက်ဝှေ့ဝါသနာရှင်က ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ထို့အပြင် ယင်းနေ့နံနက်ပိုင်းတွင် အလံတော်ကို အလေးပြုခြင်း၊ ဟောပြောပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ၊ အားကစားနှင့် ပျော်ပွဲရွှင်ပွဲများကို ကျင်းပသွားမည်ဖြစ်ပြီး မွန်းလွဲပိုင်းတွင် ရိုးရာလက်ရည်ယှဉ်ပွဲနှင့် ညပိုင်းတွင် ရိုးရာအကများ၊ တေးသီချင်းများ၊ ဒုံးပြိုင်ပွဲများဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည့်အပြင် ဆုများကို ဒီဇင်ဘာ ၃၀ ရက်တွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။



## အဘိဓမ္မာခုနစ်ကျမ်း အသံမစဲ ရွတ်ဖတ်ပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၈**

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော် သာသနဇောတိကဓမ္မာရုံ၌ ဇန်နဝါရီ ၃ ရက်မှ ၁၂ ရက်( ပြာသိုလဆန်း ၆ ရက်မှ လပြည့်နေ့)ထိ ပင့်သံဃာတော် ၂၈ ပါးတို့က အဘိဓမ္မာ ခုနစ်ကျမ်းကို (၃၇) ကြိမ်မြောက်အဖြစ် နာရီပေါင်း ၂၄၀ ကြာ အသံမစဲရွတ်ဖတ်ပူဇော်ကြမည်ဖြစ်ရာ အလှူရှင်များ တက်ရောက်ကြည်ညိုလှူဒါန်းနိုင်ကြောင်း သိရသည်။ **ကိုချစ်**

✻ *ရှေ့ဖုံးမှ*

၃။ ရှေးယခင်ကစပြီး ကောက်သစ်ပေါ်ချိန်မှာ မိသားစုတွေအတူတကွ ကောက်သစ်စားပွဲများကျင်းပလာရာမှ ကရင်နှစ်သစ်ကူးပွဲတော် ဆင်းသက်လာတယ်လို့ ပြောလို့ရပါတယ်။ ဒါကြောင့် နှစ်သစ်ကူးချိန်ဟာ နှစ်ဟောင်းကအားစိုက်ကြိုးပမ်းမှုတွေရဲ့ အသီးအပွင့်တွေကို ရယူပွေ့ပိုက်နိုင်ခြင်းအတွက် ကျေနပ်ကြည်နူးရတဲ့အချိန်အခါပါ။ ဇွဲ၊ လုံ့လ၊ ဝီရိယနဲ့ လုပ်ခဲ့ရသမျှရဲ့ အကျိုးကျေးဇူးတွေကို တစ်နေ့တော့ ခံစား၊ စံစားရမှာပဲဆိုတဲ့ မျှော်လင့်ချက်ကို ရှင်သန်စေတဲ့ပွဲတော်ပါ။

၄။ နှစ်ပေါင်း (၆၀) ကျော် လွတ်လပ်ရေးရစဉ်ကစပြီးလောင်ခဲ့တဲ့ ပြည်တွင်းစစ်မီး မကြာမီကာလမှာ ငြိမ်းစေရမယ်ဆိုတဲ့ မျှော်လင့်ချက်ရှင်သန်ရုံသာမက အကောင်အထည်ပေါ်လာဖို့အတွက် ဇွဲ၊ လုံ့လ၊ ဝီရိယတို့နဲ့၊ ကျွန်မတို့တိုင်းရင်းသားများအားလုံးအကြား အပြန်အလှန်နားလည်မှု၊ ယုံကြည်လေးစားမှုတွေ ပြုစုပျိုးထောင်ကြပါစို့။ ယခုနှစ် စိုက်လိုက်တဲ့ ငြိမ်းချမ်းရေးပျိုးပင်လေးတွေဟာ နောက်နှစ်မှာ ငြိမ်းချမ်းရေးကောက်သစ်စားပွဲကြီးကို ပြည်ထောင်စုတစ်ဝန်း ဆင်နွှဲနိုင်ကြပါစေလို့ ကရင်အမျိုးသားနှစ်သစ်ကူးအထူးမင်္ဂလာဆုတောင်း ပို့သလိုက်ပါတယ်။

# ရခိုင်ပြည်နယ်အတွင်း လုံခြုံရေးနှင့် တည်ငြိမ်မှုအခြေအနေ၊ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သက်ဆိုင်ရာပြည်နယ်အစိုးရနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနေမှုအခြေအနေများ ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီး H.E.Mr. Olivier RICHARD အား ယမန်နေ့နံနက်၉နာရီခွဲက နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် ရခိုင်ပြည်နယ်အတွင်း လုံခြုံရေးနှင့် တည်ငြိမ်မှုအခြေအနေ၊ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သက်ဆိုင်ရာ ပြည်နယ်အစိုးရနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးနေမှုအခြေအနေ၊ လုံခြုံရေးနှင့်ဆက်စပ်လျက် လူသားချင်းစာနာထောက်ထားမှုအထောက်အပံ့များ ဆောင်ရွက်ပေးနေမှုအခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



# နှစ်နိုင်ငံနယ်နိမိတ်အကြား လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေးနှင့် မြန်မာနိုင်ငံမှ လက်ရှိဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး မစ္စတာ ဗစ်ခရမ်မစ်ဆရီနှင့်အဖွဲ့ကို ယနေ့မွန်းလွဲ ၂ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ဝဲပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော်အကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံနယ်နိမိတ်အကြား လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေးနှင့် မြန်မာနိုင်ငံမှ လက်ရှိဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီ တတိယအကြိမ် အစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီ၏ တတိယအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပရာ စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက် အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများသည် အာဆီယံဒေသတွင်းနိုင်ငံများ၏ စီးပွားရေးအသိုက်အဝန်း (ASEAN Economic Community) တွင် မဖြစ်မနေ အကောင်အထည်ဖော် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ် ဖြစ်ပါကြောင်း၊ လက်ရှိကာလတွင် အထူးစီးပွားရေးဇုန်များကို ကြီးကြပ်ခြင်း၊ ကုန်သွယ်မှုများ တိုးတက် ဖြစ်ထွန်းလာစေရေးအတွက် ဆောင်ရွက်ပေးခြင်းများ ပြုလုပ်လျက်ရှိသကဲ့သို့ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကိုလည်း ဥပဒေပြဋ္ဌာန်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

စားသုံးသူအခွင့်အရေးနှင့် စားသုံးသူအကျိုး ထိခိုက်နစ်နာမှုမရှိစေရေးအတွက် ကုန်စည်နှင့် ဝန်ဆောင်မှုများအပေါ် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေး၊ စိတ်ကျေနပ်မှုရရှိစေရေးတို့အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ဆောင်ရွက်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် အရည်အသွေးကောင်းမွန်ပြီး လုံခြုံစိတ်ချရသော ကုန်စည်များထုတ်လုပ်ရောင်းချလာကာ ပြည်တွင်းသာမက ပြည်ပဈေးကွက်ကိုပါ ထိုးဖောက်နိုင်မည်ဖြစ်ကြောင်း၊ ဗဟိုကော်မတီအောက်တွင် တိုင်းဒေသကြီးနှင့်ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များ၊ ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များအား အဆင့်ဆင့်ဖွဲ့စည်းကာ ဘေးဥပဒ်အန္တရာယ်ရှိနိုင်သော ကုန်ပစ္စည်းများ စားသုံးသူ လက်ဝယ်မရောက်ရှိစေရေးနှင့် ဝန်ဆောင်မှုများ စိတ်ကျေနပ်မှုရရှိ



စေရေးတို့အတွက် ကွင်းဆင်းစစ်ဆေးမှုများကို ဆောင်ရွက်ခြင်း၊ စားသုံးသူများ၏ အကျိုးအတွက် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များမှ ချိတ်ဆက်ညှိနှိုင်းမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပြုလုပ်သွားကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီ အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးက စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများနှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်းတင်ပြ ဆွေးနွေးပြီး တက်ရောက်လာသူများက စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်း ထိရောက်စွာ ဆောင်ရွက်နိုင်ရေး အတွက် ကုန်စည်နှင့်ဝန်ဆောင်မှု လုပ်ငန်းများအပေါ် အသိပညာပေးမှု၊ အရေးယူ ဆောင်ရွက်သွားရန် ကိစ္စရပ်များ၊ ထုတ်လုပ်မှုလုပ်ငန်းများအပေါ် စိစစ်ရန်ကိစ္စရပ်များ၊ ဌာနများအချင်းချင်း ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်သွားမည့် အစီအမံများနှင့်ပတ်သက်၍ အသေးစိတ် ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး က တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# လယ်ယာ သားငါးကဏ္ဍ နည်းပညာဖွံ့ဖြိုးမှု ပူးပေါင်းရေး ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ယနေ့နံနက် ၁၀ နာရီက ဘရာဇီးနိုင်ငံ သံအမတ်ကြီး Mr.Antonio Jose’ Maria de Souza e Silva အား ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌တွေ့ဆုံ၍ နှစ်နိုင်ငံအကြား လယ်ယာသားငါးကဏ္ဍ နည်းပညာဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

## မိုးလေဝသ အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့်သာယာမည်။

ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

(မိုး/ဇလ)

# လူရည်ချွန်တွေ ပြန်စုစည်းပြီး နိုင်ငံအကျိုးပြုလုပ်ငန်းတွေမှာ ဆောင်ရွက်နေပါတယ်

တွေ့ဆုံမေးမြန်း - ရီရီမြင့် ၊ ဓာတ်ပုံ - ရဲထွန်း


ဒေါက်တာတင်မျိုးဝင်း


ပါမောက္ခ ဗိုလ်မှူးကြီး ဒေါက်တာကေသီထွန်း


ကပ္ပတိန် ခင်မောင်ကြည်


ဦးကျော်ငွေး


ဒေါက်တာအောင်ဇော်မျိုး

**လူရည်ချွန် (၁၉၆၄-၈၈)အဖွဲ့၏ ၂၀၁၆ ခုနှစ် နှစ်ပတ်လည်ညီလာခံနှင့် ညစာစားပွဲကို ဒီဇင်ဘာလ ၂၈ ရက် ညနေပိုင်းနှင့် ညပိုင်းတို့က ရန်ကုန်မြို့ ပြည်လမ်းရှိ ဆေးတက္ကသိုလ်(၁) စာသင်ခန်းမနှင့် မြက်ခင်းပြင်တို့၌ ကျင်းပခဲ့သည်။ လူရည်ချွန် (၁၉၆၄-၈၈)အဖွဲ့၏ ရည်ရွယ်ချက်များနှင့် လက်ရှိဆောင်ရွက်ချက်များအား အဖွဲ့မှ တာဝန်ရှိသူများအား မြန်မာ့သတင်းစဉ်သတင်းအဖွဲ့က မေးမြန်းမှုများကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။**

**ဒေါက်တာတင်မျိုးဝင်း**

**လူရည်ချွန် (၁၉၆၄-၈၈)အဖွဲ့ ဥက္ကဋ္ဌ**

ကျွန်တော်က ခွဲစိတ်အထူးကုဆရာဝန်ကြီးပါ။ ဒီအဖွဲ့ကြီးကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၅ ရက်မှာ စဖွဲ့တယ်။ အဓိကက ခုနှစ်တန်းကနေ တက္ကသိုလ်အထိ လူရည်ချွန်တွေ၊ သိပ္ပံလူရည်ချွန်တွေ၊ သင်္ချာလူရည်ချွန်တွေ အားလုံးပြန်လည်စုစည်းတာပေါ့။ ရည်ရွယ်ချက်ကတော့ လူရည်ချွန်တွေ ပြန်စုစည်းပြီး နိုင်ငံအကျိုးပြုလုပ်ငန်းတွေမှာ ဆောင်ရွက်နေပါတယ်။ အဓိကက ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ အဲဒါတွေပါမကဘူး။ အခြားအဖွဲ့အစည်းတွေနဲ့ စုစည်းပြီး ရည်ရွယ်ချက်တစ်ခုတည်းနဲ့ တိုင်းပြည်အတွက်၊ အများအတွက် လုပ်နေကြတာပါ။ နောက်တစ်ခုက မျိုးဆက်သစ်လူရည်ချွန်တွေကို ထပ်မွေးတဲ့အခါ သူတို့ကို လက်ဆင့်ကမ်းရတာပေါ့။ အမွေပေးတာပေါ့၊ အတွေ့အကြုံတွေ၊ ရည်ရွယ်ချက်တွေ လက်တွဲပူးပေါင်းလုပ်ကြပါလို့ ပြောချင်ပါတယ်။

**ပါမောက္ခ ဗိုလ်မှူးကြီး ဒေါက်တာကေသီထွန်း**

**လူရည်ချွန် (၁၉၆၄-၈၈)အဖွဲ့ ဒုဥက္ကဋ္ဌ-၁**

**(တပ်မှူး အမှတ်(၁) တပ်မတော်သားဖွားမီးယပ်နှင့် ကလေးဆေးရုံ၊ မင်္ဂလာဒုံ)**

ကျွန်မတို့ ဒီအဖွဲ့ နှစ်ပတ်လည်အနေနဲ့ (၃)ကြိမ်မြောက် ညစာစားပွဲဖြစ်ပါတယ်။ ဒီအဖွဲ့မှာ ကျွန်မအနေနဲ့ ကျန်းမာရေးနဲ့ပတ်သက်ပြီး တာဝန်ယူရပါတယ်။ ကျန်းမာရေးနဲ့ ပတ်သက်ပြီး လှိုင်သာယာ၊ ကျန်စစ်သားလမ်းမှာ ကုသိုလ်ဖြစ်အခမဲ့ ဆေးခန်းလေးကို ဖွင့်ထားပါတယ်။ အင်္ဂါနေ့မှအပ ကျန်တဲ့နေ့တွေမှာ ဖွင့်လှစ်ထားပါတယ်။ ကျွန်မအနေနဲ့ ကလေးအထူးကုတာဝန်ယူပါတယ်။ အထွေထွေရောဂါအထူးကုနဲ့ သားဖွားမီးယပ်၊ မျက်လုံး၊ အာထရာဆောင်း၊ သွေးစစ်တာတို့ကအစ ရှိပါတယ်။ အရိုးအကြော၊ ဦးနှောက်အာရုံကြော၊ ဆေးပညာ၊ ခွဲစိတ်ပညာ အကုန်လုံးရှိပါတယ်။ လူရည်ချွန်ထဲက အထူးကုဆရာဝန်ကြီးတွေဖြစ်နေတာ အများကြီးပါ။ နယ်လှည့်ဆေးကုလုပ်ငန်းတွေကိုလည်း လုပ်ပါတယ်။ လာရောက်မကုသနိုင်တဲ့ လူနာတွေကို တပ်မတော် မင်္ဂလာဒုံစစ်ဆေးရုံမှာ အခမဲ့ကုသနိုင်အောင် စီစဉ်ပေးပါတယ်။ ဆေးခန်းမှာ လူနာ သုံးသောင်းကျော် ကုသပေးခဲ့ပြီးဖြစ်ပါတယ်။ ဆေးဝါးနဲ့ စမ်းသပ်ခတွေက အခမဲ့ပါ။ အလှူရှင်တွေကလည်း ပံ့ပိုးမှုတွေရှိပါတယ်။ မိမိတို့တတ်ကျွမ်းတဲ့ပညာတွေနဲ့ လူရည်ချွန်အဖွဲ့က အတူတကွပူးပေါင်းပြီး ဆောင်ရွက်နေကြတာဖြစ်ပါတယ်။

**ကပ္ပတိန် ခင်မောင်ကြည်**

**လူရည်ချွန် (၁၉၆၄-၈၈)အဖွဲ့ ဒုဥက္ကဋ္ဌ-၂**

ကျွန်တော်က လူရည်ချွန် နှစ်ထပ်ကွမ်းပါ။ ဒီအသင်းကိုစဖွဲ့တာက ရည်ရွယ်ချက် နှစ်ချက်နဲ့ပါ။ တစ်ချက်က လူရည်ချွန်ဟောင်းတွေပြန်ပြီး စုစည်းဖို့ရယ်၊ ဒုတိယအချက်က နိုင်ငံတော်အတွက် ဘယ်လိုအကျိုးပြုနိုင်မလဲ၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စတွေ ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ သိသင့်သိထိုက်တဲ့ ဗဟုသုတတွေ သိစေဖို့ လူရည်ချွန်ဟောပြောပွဲလုပ်ခဲ့တာ (၉)ကြိမ်ရှိပါပြီ။ အဖွဲ့ရဲ့ ရည်ရွယ်ချက်အတိုင်း တိုင်းပြည်အတွက် အကျိုးရှိမယ့်လုပ်ငန်းတွေကို ဆက်လက်ဆောင်ရွက်နေပါတယ်လို့ ပြောချင်ပါတယ်။

**ဦးကျော်ငွေး**

**လူရည်ချွန် (၁၉၆၄-၈၈)အဖွဲ့ အတွင်းရေးမှူး**

ကျွန်တော်က လူရည်ချွန်ဆု ငါးကြိမ် ရခဲ့ပါတယ်။ (၁၉၆၄-၈၈)ခုနှစ်အတွင်း သင်္ချာလူရည်ချွန်ပေါင်း ၅၁၀၀ ကျော်ရှိပါတယ်။ ၂၀၁၃ ခုနှစ်မှာ ပြန်စုစည်းခဲ့တယ်။ ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့မှာ ပြန်စုစည်းပြီး ဖွဲ့စည်းရပါတယ်။ ၁၉၆၄-၈၈ အဖွဲ့ဆိုပြီး နာမည်တပ်ပါတယ်။ အဖွဲ့ရဲ့ ရည်ရွယ်ချက်ကတော့ လူရည်ချွန်မောင်နှမတွေအားလုံး ပြန်စုဖို့၊ ပညာရေး၊ ကျန်းမာရေး နိုင်ငံအကျိုးပြုလုပ်ငန်းတွေမှာပါဝင်ဖို့ အဲဒီအချက်နှစ်ချက်နဲ့ တစ်ခုက ပြန်စုတယ်။ တစ်ခုက ပြန်လည်စုစည်းပြီးတော့ တိုင်းကျိုးပြည်ပြုလုပ်ငန်းတွေမှာ ပါဝင်ကြမယ်လို့ အဲဒီလိုရည်ရွယ်ချက်နဲ့ပါ။

**ဒေါက်တာအောင်ဇော်မျိုး**

**(လူရည်ချွန် ခုနှစ်ထပ်ကွမ်း)**

ရန်ကုန်ဆေးရုံကြီးမှာ နှလုံးနဲ့သွေးကြော ခွဲစိတ်ကုဌာနမှာ တွဲဖက်ပါမောက္ခတာဝန် ထမ်းဆောင်နေပါတယ်။ ၁၉၆၄-၈၈ အတွင်းမှာ ရခဲ့တဲ့ လူရည်ချွန်တွေကို ပြန်ပြီးစုစည်းဖို့အတွက် ပါဝင် ကြိုးစားခဲ့တယ်။ တိုင်းပြည်အတွက် အကျိုးရှိမယ့် လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတွေကို အတူတကွစုပေါင်းပြီး လုပ်နိုင်အောင် အဲဒီလို ရည်ရွယ်ချက်နဲ့ပါ။ ဌာနအသီးသီးမှာ နယ်ပယ်အသီးသီးမှာရောက်နေတဲ့ လူရည်ချွန်တွေရဲ့ အင်အားကို စုစည်းပြီး အကျိုးရှိအောင်၊ အသုံးချနိုင်အောင် ရည်ရွယ်ချက်တွေရှိခဲ့ပါတယ်။ လှိုင်သာယာမှာရှိတဲ့ လူရည်ချွန်ကုသိုလ်ဖြစ်ဆေးခန်းမှာ ကျွန်တော် တာဝန်ယူပေးပါတယ်။ စုစည်းထားတဲ့ လူရည်ချွန်တွေ တိုင်းပြည်အတွက် တစ်ထောင့် တစ်နေရာက လုပ်အားပေးနိုင်တယ်၊ အကြံဉာဏ်ပေးနိုင်တယ်။ အကူအညီပေးနိုင်တယ် ဆိုတော့ ဒီအဖွဲ့ကြီးကို ဆက်ပြီး တိုးတက်အောင်မြင်စေချင်တယ်။

---

❒ *ကျောဖုံးမှ*

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်မှ ပေးပို့သည့် ခရစ္စမတ်ဆုတောင်း သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် သိက္ခာတော်ရဆရာတော်များက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြပြီး မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်မှ EC အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးကာ Jesse က ဂုဏ်တော်ချီးမွမ်းသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက နှုတ်ခွန်းဆက်စကားပြောကြား၍ တေးသံရှင်များက ဂုဏ်တော်ချီးမွမ်းကြပြီး ဒေသနာရှင် Dr. CK No Chum က ခရစ္စမတ်ဒေသနာဟောကြားသည်။

ယင်းနောက် သိက္ခာတော်ရ ဆရာတော်ဦးစောရွှေလင်းက နိုင်ငံတော်အတွက် မေတ္တာပို့ ဆုတောင်းစကား ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုဝန်ကြီးများနှင့်အတူ မြန်မာနိုင်ငံဧဝံဂေလိခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ်(MECA)အသင်းဝင်များက စုပေါင်းမုတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြပြီး ညစာအတူတကွ သုံးဆောင်ကြသည်။

**(သတင်းစဉ်)**

## မီးဖိုမီးအသုံးပြုလျှင်

(၁) လူစောင့်ထားပါ။ (၂)လောင်စာမီးအားကို လိုအပ်သည်ထက်ပိုမသုံးပါနှင့်။ (၃) မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပါ။ (၄) မီးဖိုနှင့်အမိုး၊ နံရံအကြား အပူခံအကာအရံများ ထားပါ။ (၅) ဆီအိုးတည်ပြီးမမေ့ပါနှင့်။

**မီးသတ်ဦးစီးဌာန**

# ဧရာဝတီမြစ်အတွင်း နေ့စဉ်အမှိုက်များကျဆင်းမှု များပြား၍ စနစ်တကျစွန့်ပစ်ရန်လို

**ကသာ ဒီဇင်ဘာ ၂၈**

ဧရာဝတီမြစ်ကမ်းအနီး တစ်လျှောက်နေထိုင်သူများနှင့် ရေယာဉ်၊ မော်တော်ယာဉ်များတွင် အမှိုက်များကို စည်းကမ်းမဲ့စွန့်ပစ်မှုများရှိသည့်အတွက် မြစ်အတွင်း အမှိုက်များမျောခြင်း၊ သောင်များ၌ စုပုံခြင်း၊ သစ်မြစ်ချုံပုတ်များတွင် တင်ကျန်နေခြင်းတို့ကို တွေ့ရသည်။ **(ယာပုံ)**



ယခုအခါ ဧရာဝတီမြစ်တွင် အမှိုက်များ မျောပါနေမှုကို ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများနှင့် ရေလုပ်သားအများစုက နေ့စဉ်နှင့်အမျှ ကြုံတွေ့နေရသည်။ မြစ်ကြောင်းအတွင်း သဲသောင်ထွန်း၍ ရေလမ်းကြောင်း ရှင်းလင်းမှုနှင့် စပ်လျဉ်း၍ ရေလမ်းကြောင်းရှင်းလင်းရေးအဖွဲ့က မြစ်အတွင်း အမှိုက်များ ဘာကြောင့်ကျဆင်းရသနည်းဆိုသည့် ဇာစ်မြစ်ကို လေ့လာပြီး ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် အမှိုက်များ စွန့်ပစ်ခြင်းကို ထိန်းသိမ်းလာနိုင်မည်ဖြစ်သည်။ အထူးသဖြင့် မြစ်ကမ်းတစ်လျှောက်နေထိုင်သည့် ကျေးရွာသူကျေးရွာသားများ၊ ရေယာဉ်စီးနင်းသူများက အမှိုက်များကို စည်းကမ်းမဲ့စွာ မစွန့်ပစ်ကြပါက မြစ်အတွင်းအမှိုက်များ လျော့ကျလာစေနိုင်မည်ဖြစ်သည်။

အမှိုက်များမျောပါမှု မြင့်တက်လာခြင်းနှင့်အတူ နောက်ဆက်တွဲဖြစ်ပေါ်လာသော သဲသောင်ထွန်းခြင်း၊ ကမ်းပါးပြို တိုက်စားခြင်း၊ ရေထုညစ်ညမ်းခြင်း၊ ရေလမ်းကြောင်း ပြောင်းလဲစေခြင်း၊ ဧရာဝတီမြစ် ရေစီးရေလာကောင်းမွန်ရေးကို အဟန့်အတား ဖြစ်စေနိုင်ခြင်းစသည့် ဆိုးကျိုးများ ဖြစ်ပွားလာနိုင်သဖြင့် မြစ်များအတွင်း အမှိုက်များ မစွန့်ပစ်ရေး ပြည်သူများ အထူးဂရုပြုလိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်း ရေလမ်းကြောင်းရှင်းလင်းရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ငွေအိုး(ကသာ)**

---

❁ *ကျောဖုံးမှ*

အခမ်းအနားတွင် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်က (၄၂)ကြိမ်မြောက် အာခါတိုင်းရင်းသားစုပေါင်းနှစ်သစ်ကူးပွဲတော်သို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ်ထံမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားပြီးနောက် တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်အေးက စုပေါင်းနှစ်သစ်ကူးပွဲတော်မိန့်ခွန်းပြောကြားသည်။

ယင်းနောက် အာခါတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအာဗေလက စုပေါင်းနှစ်သစ်ကူးပွဲတော် နှုတ်ခွန်းဆက်စကားကို ပြောကြားပြီးနောက် စုပေါင်းနှစ်သစ်ကူးပွဲတော် အလှူငွေနှင့် လက်ဆောင်ပစ္စည်းများပေးအပ်ခြင်း၊ စုပေါင်းနှစ်သစ်ကူးပွဲတော် နှုတ်ခွန်းဆက်တေးသီချင်းနှင့် အာခါတိုင်းရင်းသားများ၏ ရှေးရိုးရာမြေဝိုင်းအကနှင့် ခေတ်ပေါ် တိုင်းရင်းသားအကပဒေသာအကများဖြင့် ဖျော်ဖြေခြင်း၊ အာခါတိုင်းရင်းသားများ၏ ယဉ်ကျေးမှုပြခန်းများ လိုက်လံပြသခြင်း၊ အာခါတိုင်းရင်းသားများ၏ ရိုးရာဟင်းလျာများဖြင့် တည်ခင်းဧည့်ခံခြင်းဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အာခါတိုင်းရင်းသားများသည် ရှေးအစဉ်အဆက်က နှစ်သစ်ကူးပွဲတော်များကို မိမိတို့နေထိုင်ရာဒေသအလိုက် ကျင်းပခဲ့ရာ ၁၉၇၅ ခုနှစ်တွင် အာခါတိုင်းရင်းသားလူမျိုးစုကို အခြေခံကိုယ်စားပြုသည့် “အာခါတိုင်းရင်းသား စုပေါင်းနှစ်သစ်ကူးပွဲတော်” တစ်နည်းအားဖြင့် “အာခါအမျိုးသားနေ့”ကို နှစ်စဉ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပလာခဲ့သည်မှာ ယနေ့ဆိုလျှင် (၄၂)ကြိမ်မြောက် ဖြစ်သည်

ပွဲတော်သို့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်နှင့် လွှတ်တော် ကိုယ်စားလှယ်များ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်အေးနှင့် စစ်ဘက်ဆိုင်ရာအကြီးအကဲများ၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်၊ အာခါ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအာဗေလ၊ အာခါတိုင်းရင်းသားရိုးရာ ထိန်းသိမ်းရေးအဖွဲ့မှ တာဝန်ရှိသူ ဦးမင်းညို၊ ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး ဦးကောင်းစံဦးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ တိုင်းရင်းသားရိုးရာအဖွဲ့များ၊ နိုင်ငံခြားသားလေ့လာသူများ၊ သတင်းမီဒီယာများ စုံလင်စွာတက်ရောက်ကြောင်း သိရသည်။


# (၂၂) ကြိမ်မြောက် အာရှသကြားညီလာခံနှင့် မြန်မာနိုင်ငံ ကြံ၊ သကြားဈေးကွက်အလားအလာ

ခင်မောင်ညွန့် (ကြံသီးနှံ)

စာရေးသူသည် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁ ရက်မှ ၂ ရက်အထိ ကျင်းပ ပြုလုပ်သည့် (၂၂)ကြိမ်မြောက် အာရှအပြည်ပြည်ဆိုင်ရာ သကြား ညီလာခံ "22nd Annual Asia International Sugar Conference" သို့ လယ်ယာသုံးစက်ကိရိယာများနှင့် တင်သွင်းဖြန့်ဖြူးနေသော ရွှေဘုန်းကုမ္ပဏီ(မန္တလေး) ၁၂ နိုင်ငံမှ ကိုယ်စားလှယ်ပေါင်း ၁၂၂ ဦးတက်ရောက်ခဲ့ပြီး ကမ္ဘာ့ကြံစိုက်ပျိုး သကြားထုတ်လုပ်သော နိုင်ငံများမှ ကြံ၊ သကြားစက်မှုပညာရှင် ၁၈ ဦးက ကမ္ဘာ့ကြံစိုက်ပျိုးမှု၊ သကြားထုတ်လုပ်မှု၊ အာရှနှင့် အာဆီယံနိုင်ငံများ အခြေအနေ၊ အနာဂတ်အလားအလာများနှင့် ပတ်သက်၍ စာတမ်းပေါင်း ၁၈ ခု ဖတ်ကြားဆွေးနွေးခဲ့သည်။

ဆွေးနွေး တင်ပြချက်များမှသော ပုံ(၁)နှင့်(၂)ပါအရ မြန်မာနိုင်ငံသည် ကြံစိုက်ပျိုးရန်အတွက် နိုင်ငံအနှံ့ ရေ၊ မြေ၊ သယံဇာတ ပြည့်စုံကြွယ်ဝပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၁ ခုအထိ စီးပွားဖြစ်စိုက်ပျိုးကြသော်လည်း လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံနှစ်ခုသာ မိမိတို့ထက် စိုက်ပျိုးထုတ်လုပ်နိုင်မှု နည်းပါးကာ ကျန်နိုင်ငံများမှာ များစွာ ကျော်လွန်သွားပြီဖြစ်ပါသည်။ အထူးသဖြင့် ဗီယက်နမ်နိုင်ငံသည် မြန်မာနိုင်ငံထက် သကြားထုတ်လုပ်မှု သုံးဆမြင့်တက်သွားပြီး ဖြစ်ပါသည်။ ၂၀၁၆- ၂၀၁၇ခုနှစ်တွင် ကြံရာသီတွင်များတွင် လည်းကောင်း၊ ကမ္ဘာ့နိုင်ငံများတွင်လည်းကောင်း ကြံ၊ သကြား ထုတ်လုပ်မှုတွင် အရေးပါသော နိုင်ငံတစ်ခုဖြစ်ပြီး နှစ်စဉ် ကြံ၊ သကြား စိုက်ပျိုးမှုအများဆုံး ၁၀ နိုင်ငံတွင် အဆင့်(၅)ဖြစ်ပါသည်။ ပြင်ပသကြား ရောင်းချမှုတွင် ဘရာဇီးပြီးပါက ဒုတိယ အများဆုံး နိုင်ငံဖြစ်ပါသည်။ ၂၀၁၆- ၂၀၁၇ ခုနှစ် သကြားတန်ချိန် ၉ ဒသမ ၆ သန်းထုတ်လုပ်ပြီး ပြည်ပကို သကြား တန်ချိန် ၆ ဒသမ၂ သန်းခန့်ရောင်းချခဲ့ပါသည်။

ထိုင်းနိုင်ငံသည် ပုံ(၃)၊ ပုံ(၄)အရ ထုတ်လုပ်ပြီး ယခုအခါ ထပ်ဆင့်၍ Next Stage သို့ ဆောင်ရွက်နေပြီဖြစ်ကြောင်း တင်ပြသွားသည်မှာ အားကျဖွယ်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် သကြားစက်ရုံပေါင်း ၂၂ ရုံ ရှိပြီး ပိုင်ဆိုင်သော ကုမ္ပဏီ၊ ဌာန၊ အဖွဲ့ အစည်းအမျိုးမျိုးရှိသော်လည်း ယခုအချိန်အထိ သကြားဖြူတစ်မျိုးတည်းကိုသာ ထုတ်လုပ်နိုင်ကာ Refined သန့်စင်သကြား ထုတ်လုပ်နိုင်သော စက်ရုံမှာ နဝဒေးသကြားစက်(ပြည်)နှင့် ကန့်ဘလူသကြားစက်(ရွှေဘို)တို့သာ ရှိပါသည်။ ထိုကဲ့သို့ ဘေးထွက်ပစ္စည်း ၂ ဒသမ ၉ သန်းခန့် ပြည်ပနိုင်ငံအသီးသီးမှ Reexport အကြောင်းပြချက်ဖြင့် တင်သွင်းခဲ့ပြီး တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါသည်။ အထူးသဖြင့် ထိုင်း၊ အိန္ဒိယ၊ ဘရာဇီးနိုင်ငံတို့မှ တင်သွင်းခဲ့ပြီး အချို့ဘုရင့်နောင်ဈေးကွက်တွင် ပြည်တွင်းလိုအပ်ချက် (သကြားဈေးနှုန်းမြင့်မားမှု)ကြောင့် အရောင်းအဝယ်ဖြစ်သွားခဲ့ပါသည်။ အာဆီယံနိုင်ငံများထဲတွင် မြန်မာနိုင်ငံသည် Tariff ၀ ဒသမ ၅ ရာခိုင်နှုန်းနှင့် အမြတ်ခွန် နှစ်ရာခိုင်နှုန်းသာရှိပြီး အထူး





ပုံ(၁)

**SEA Countries Sugar Balance 2016/2017 ('000 MT TQ National Crop)**

| Country | Production | Consumption | S/D | Raw Imports | White Imports |
|---|---|---|---|---|---|
| Thailand | 9,600 | 3,350 | 6,250 | - | - |
| Philippines | 2,200 | 2,514 | -314 | - | - |
| Indonesia | 2,100 | 6,228 | -4,128 | 4,200 | 200 |
| Vietnam | 1,100 | 1,780 | -680 | 130 | 185 |
| Myanmar | 450 | 570 | -120 | - | 135 |
| Laos | 73 | 55 | -18 | - | 47 |
| Cambodia | 11 | 23 | -12 | - | 502 |
| *Malaysia | 0 | 1,550 | -1,550 | 1,800 | - |
| Singapore | 0 | 265 | -265 | - | 230 |

ပုံ(၂)





ထိုင်းနိုင်ငံရှိ စိုက်ပျိုးသီးနှံများ၏ အမြတ်ရနိုင်မှုနှိုင်းယှဉ်ချက်(အမေရိကန်ဒေါ်လာ/ ဟတ်တာ) ပုံ(၃)


နှင့် ကြံနှင့် သကြားထုတ်လုပ်သူ လုပ်ငန်းရှင်အသင်းတို့၏ ပံ့ပိုးမှုဖြင့် အသင်းဒုတိယဥက္ကဋ္ဌဖြစ်သူ ဦးစံသိန်းနှင့်အတူ တက်ရောက်ခဲ့သည်။

အဆိုပါညီလာခံသို့ နိုင်ငံပေါင်း စာရေးသူတို့နိုင်ငံနှင့် သက်ဆိုင်သော ရေရှည် နိုင်ငံစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာရှိသည့် အခြေအနေများကို အကျဉ်းချုပ် တင်ပြလိုပါသည်။ ပညာရှင်များ တင်ပြ မြန်မာနိုင်ငံသည် သကြားတန်ချိန် ၄ ဒသမ ၅ သိန်းထုတ်လုပ်ပြီး ဗီယက်နမ်နိုင်ငံသည် သကြားတန်ချိန် ၁ ဒသမ ၃ သန်း ထုတ်လုပ်ခဲ့ပါသည်။


ထိုင်းနိုင်ငံသည် အာဆီယံနိုင်ငံ လယ်ယာကဏ္ဍမှ စိုက်ပျိုးထုတ်လုပ်သော အဓိကသီးနှံများ၏ (Net Profit) အသားတင်ဝင်ငွေအား တွက်ချက်ပြီး ကြံသီးနှံတစ်ဟတ်တာမှ အမေရိကန်ဒေါ်လာ ၁၀၈၀ ဝင်ငွေရှိပြီး စပါးမှ (By Product), တန်ဖိုးမြင့်ပစ္စည်း (Value Added) များ မထုတ်လုပ်သည့်အတွက် အခြားထုတ်လုပ်နိုင်သည့်နိုင်ငံကဲ့သို့ ကြံဈေး တိုးမြှင့်ပေးနိုင်ခြင်းမရှိသည့်အပြင် ယခုနှစ် အနည်းဆုံးဖြစ်သည့်အတွက် နိုင်ငံဘဏ္ဍာတိုးတက် မြင့်မားရေး ဆောင်ရွက်ရန်နှင့် သတ်မှတ်နှုန်းမြှင့်တင်ရန် လိုအပ်လျက်ရှိပြီး အထူးဆောင်ရွက်ရန်လိုအပ်သည်မှာ




ထိုင်းနိုင်ငံ သကြားစက်မှုလုပ်ငန်း အဆင့်ဆင့်တိုးတက်ပြောင်းလဲလာပုံ ပုံ(၄)




ပုံ(၅)




ပုံ(၆)

ဒေါ်လာ ၅၀ သာရရှိသဖြင့် တောင်သူများ အကျိုးအမြတ်ပိုမိုရရှိသော ကြံသီးနှံအား ပိုမိုစိုက်ပျိုးထုတ်လုပ်ရန် Thai policy; Rice to Cane ဟု ဖော်ပြသွားသည်မှာ စာရေးသူတို့ နိုင်ငံတွင် တောင်သူလယ်သမားများ ကြီးပွားတိုးတက်ရေးအတွက် စိုက်ပျိုးသီးနှံများအပေါ် ပြန်လည်သုံးသပ်ရန် လိုအပ်နေပြီဟု ထင်မြင်ယူဆမိပါသည်။

ထို့အပြင် ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံကဲ့သို့ သကြားဖြူတစ်မျိုးတည်းကိုသာ ထုတ်လုပ်သောနိုင်ငံမဟုတ်ဘဲ ပုံ(၄)ပါအတိုင်း တိုးတက်ဆောင်ရွက်မှု Stage (၃)ခု ခွဲခြားသတ်မှတ်ပြီး ပထမအဆင့် သကြားဖြူ၊ သကြားညို၊ သန့်စင်သကြား၊ သကြားရည်၊ ဒုတိယအဆင့် ပါဝါ(လျှပ်စစ်)၊ တီရစ္ဆာန်အစာ၊ ဓာတ်မြေဩဇာ၊ လောင်စာဆီများ တရုတ်နိုင်ငံတွင် ကြံဈေးနှုန်းများမှာ တစ်တန်လျှင် ယွမ် ၄၁၀ ရှိသဖြင့် မြန်မာငွေကျပ် ၇၈၀၀၀ ခန့်၊ ထိုင်းနိုင်ငံဘတ်ငွေ(၁၀၀၀-၁၁၀၀)တွင်၊ မြန်မာငွေကျပ် ၃၈၀၀၀ ခန့်ရှိပြီး အိန္ဒိယ ၂၈၆ ရူပီးတွင် မြန်မာငွေကျပ် ၄၁၀၀၀ ရှိပါသည်။ ယခုနှစ် ကြံရာသီတွင် မြန်မာနိုင်ငံရှိ သကြားစက်ရုံများသည် ကြံဈေးအမျိုးမျိုး သတ်မှတ်ပြီး ဝယ်ယူနေကြသည်မှာ တစ်ကြောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းကဲ့သို့ ဖြစ်နေပြီး ကြံတောင်သူများ၏ ယုံကြည်မှုကို များစွာယုတ်လျော့စေပါသည်။

ပုံ(၅)မှာ ၂၀၁၆-၂၀၁၇ ခုနှစ်၏ ပြည်ပသကြားများတင်သွင်းမှုကို အာရှနိုင်ငံများအနက် ဖော်ပြထားသောပုံဖြစ်ပါသည်။ အဆိုပါပုံအရ မြန်မာနိုင်ငံသည် တရားဝင် သကြားတန် ပြင်ပမှ သကြားတင်သွင်းခြင်း Trade အပြင် ကြံစိုက်ပျိုး၊ သကြားထုတ်လုပ်မှု Production ကိုပါ မြှင့်တင်၍ သကြားလိုအပ်ချက်မြင့်မားပြီး အနီးဆုံးနိုင်ငံလည်းဖြစ်သည့် ပုံ(၆)ပါအတိုင်း တရုတ်ဈေးကွက်ကြီးအား နိုင်ငံဝင်ငွေ တိုးတက်မြင့်မားရေးအတွက် ယခုထက်ပိုမို ဆောင်ရွက်သင့်ပြီဖြစ်ကြောင်း အကြံပြုတင်ပြလိုပါသည်။ မကြာမီကာလအတွင်း အာဆီယံ Free Trade ကျင့်သုံးမည်ဆိုပါက ယခုအခြေအနေအရ အခြားနိုင်ငံများကို ယှဉ်ပြိုင်နိုင်ခြင်းမရှိသည့်အတွက် သကြားစက်ရုံ ငါးရုံခန့်သာ ကျန်ရှိပြီး ကျန်စက်ရုံများ၊ ကြံစိုက်ပျိုးရေးသည်လည်း လဲပြိုသွားမည်ဟု ထင်မြင်မိပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။ ။

# "ပစ္စုပ္ပန် ကမ္မဝါဒဗုဒ္ဓဘာသာ" ဟူသော ဘာသာသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မညီညွတ်သော အသင်းအဖွဲ့သာဖြစ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ဒီဇင်ဘာလ ၂၆ ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-**

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်

**နိုင်ငံတော် သံဃမဟာနာယကအဖွဲ့**

မဟာနာယကကျောင်းတော်ကြီး၊ ကမ္ဘာအေးကုန်းမြေ၊ ရန်ကုန်မြို့

စာအမှတ်၊ ၀၀၂ / မဟန - ၄၇ / ၃ / သာ - မ ဟ န

ရက် စွဲ ၊ ၁၃၇၈ -ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်

( ၂၀၁၆ - ခုနှစ် ၊ ဒီဇင်ဘာလ ၂၆ ရက် )

## ကြေညာချက်

၁။ ရှင်ဉာဏ(အဘ) ဦးမြဒင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် -၁၂/ဥကမ(နိုင်) ၁၈၂၀၀၀ ဆိုသူက ၂၀၁၆-ခုနှစ်၊ ဒီဇင်ဘာလ(၁၀)ရက်နေ့ ရက်စွဲဖြင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံ စာရေးတင်ပြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ မိတ္တူပြုပေးပို့စာတွင် ၎င်းအနေဖြင့် ထေရဝါဒဗုဒ္ဓဘာသာယုံကြည်သူအဖြစ်ကို စွန့်ပစ်ပြီး ပစ္စုပ္ပန်ကမ္မဝါဒကို ပြောင်းလဲလက်ခံကျင့်သုံးနေသူများဖြစ်ကြ၍ ထေရဝါဒဗုဒ္ဓဘာသာဝင်များမဟုတ်တော့ခြင်းကြောင့် ထေရဝါဒဗုဒ္ဓဘာသာ၏ အမှားအမှန်စီရင်ချက်များကို အကြောင်းပြုပြီး အပြစ်ပေးရန် ညွှန်ကြားချက်များကို လိုက်နာရန်မလိုအပ်ကြောင်း တင်ပြထားသည်ကို ဖတ်ရှုသိရှိရပါသည်။

၂။ အဆိုပါ အကြောင်းအရာကို တင်ပြသူ ရှင်ဉာဏသည် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံ တင်ပြစာတွင် လက်မှတ်ရေးထိုးရာ၌ "ဓမ္မဝိဟာရီဆရာတော် ရှင်ဉာဏ" ဟု ဖော်ပြထားခြင်းမှာ ထေရဝါဒဗုဒ္ဓသာသနာကို စော်ကားခြင်းပင်ဖြစ်သည်။ ၎င်းအနေဖြင့် "ရဟန္တာဖြစ်ပြီ" ဟု ကိုယ်တိုင်ကြေညာခဲ့ခြင်းကြောင့် စစ်ကိုင်းမြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး သံဃဝိနိစ္ဆယအဖွဲ့တို့ကလည်းကောင်း၊ နိုင်ငံတော်ဝိနည်းဓိုရ်အဖွဲ့အမှတ် (၉)က လည်းကောင်း၊ ဝိနိစ္ဆယလမ်းကြောင်းနှင့်အညီ စနစ်တကျခုံရုံးဖွဲ့စစ်ဆေးခဲ့ရာ "ရဟန္တာမဟုတ်ကြောင်း" စစ်ဆေးတွေ့ရှိရသဖြင့် ၁၉၈၃-ခုနှစ်တွင် စတုတ္ထပါရာဇိကကျပြီး လူဝတ်လဲခြင်းခံခဲ့ရသူဖြစ်ပါသည်။ သို့ပါလျက် "ဓမ္မဝိဟာရီဆရာတော် ရှင်ဉာဏ" ဟု ဖော်ပြခြင်းမှာ ထေရဝါဒဗုဒ္ဓသာသနာတော်ကို ညှိုးနွမ်းသေးသိမ်အောင် ပြုလုပ်ခြင်းပင်ဖြစ်သည်။

၃။ ၎င်းပုဂ္ဂိုလ်အား ဓမ္မ အဓမ္မအဖြစ် စစ်ဆေးရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သော နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်၊ ၁၇/ ၂၀၁၁ က (၁၅-၁၁-၂၀၁၁) ရက်နေ့တွင် ၎င်း၏အယူဝါဒသည် အဓမ္မဝါဒဖြစ်ကြောင်း ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

၄။ သို့ဖြစ်၍ ၎င်းအနေဖြင့် နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ် ၊ ၁၇/ ၂၀၁၁ ၏ ဆုံးဖြတ်ချက်အား လိုက်နာရမည်ဖြစ်ပြီး လိုက်နာခြင်းမရှိပါက ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေဖြင့် အရေးယူ အပြစ်ပေးခြင်းခံရမည်သာဖြစ်သည်။

၅။ ၎င်းအနေဖြင့် ထေရဝါဒဗုဒ္ဓဘာသာယုံကြည်သူအဖြစ်ကို စွန့်ပစ်ပြီး ပစ္စုပ္ပန် ကမ္မဝါဒဗုဒ္ဓဘာသာကို ပြောင်းလဲလက်ခံကျင့်သုံးနေသူဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရသဖြင့် ၎င်းသည် ဗုဒ္ဓဘာသာဂိုဏ်းခွဲတစ်ခုကို ထူထောင်နေသူဖြစ်ကြောင်း မှတ်ယူရမည်ဖြစ်ပါသည်။

၆။ သို့သော် ဂိုဏ်းသစ်(ဂိုဏ်းခွဲ)များ တည်ထောင်ခြင်းနှင့်စပ်လျဉ်း၍ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း(၂) အပိုဒ်(၄)အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း၌ ဤစည်းမျဉ်းအရ သတ်မှတ်ထားသည့် ဂိုဏ်းပေါင်းစုံပါဝင်သော သံဃာ့အဖွဲ့အစည်းတစ်ခုတည်းသာ ရှိရမည်ဟုလည်းကောင်း၊ အခန်း(၂)၊ အပိုဒ် (၈) အရ ၁၃၄၁- ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၂) ရက်၊ ၁၉၈၀-ပြည့်နှစ်၊ ဖေဖော်ဝါရီလ(၂)ရက်၊ စနေနေ့မှစ၍ ဂိုဏ်းသစ်များခွဲခြားတည်ထောင်မှုကို တားမြစ်သည်ဟုလည်းကောင်း ပြဋ္ဌာန်းထားပြီး ဖြစ်ပါသည်။ ၎င်းအပြင် ၂၀၀၈-ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း(၈)၊ ပုဒ်မ -၃၆၁ တွင် "နိုင်ငံတော်သည် ဗုဒ္ဓဘာသာသာသနာတော်ကို နိုင်ငံတော်၏ နိုင်ငံသားအများဆုံး ကိုးကွယ်ရာဖြစ်သော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံသည့် ဘာသာသာသနာဖြစ်သည်ဟု နိုင်ငံတော်ကအသိအမှတ်ပြုသည်။" ဟု လည်းကောင်း၊ ပုဒ်မ -၃၆၂ တွင်လည်း "နိုင်ငံတော်သည် ခရစ်ယာန်ဘာသာသာသနာ၊ အစ္စလာမ်ဘာသာသာသနာ၊ ဟိန္ဒူဘာသာသာသနာနှင့် နတ်ကိုးကွယ်သော ဘာသာတို့ကို ဤဖွဲ့စည်းပုံ အခြေခံဥပဒေအာဏာတည်သောနေ့၌ နိုင်ငံတော်တွင်ရှိနေကြသော ကိုးကွယ်ရာဘာသာများဟူ၍ အသိအမှတ်ပြုသည်" ဟုလည်းကောင်း၊ တိကျရှင်းလင်းစွာ ပြဋ္ဌာန်းထားခြင်းကြောင့် "ပစ္စုပ္ပန် ကမ္မဝါဒဗုဒ္ဓဘာသာ" ဟူသော ဘာသာသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်း မညီညွတ်သောအသင်းအဖွဲ့သာဖြစ်သည်။

၇။ ၎င်းအပြင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သော နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်၊ ၁၇/ ၂၀၁၁ က (၁၅-၁၁-၂၀၁၁) ရက်နေ့တွင် ၎င်း၏ အယူဝါဒသည် အဓမ္မဝါဒဖြစ်ကြောင်း ဆုံးဖြတ်ခဲ့ပြီးဖြစ်၍လည်းကောင်း၊ သာသနာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးကလည်း မိုးပြာဝါဒနှင့်စပ်လျဉ်း၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှ ဖွဲ့စည်းပေးသော နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်၊ ၁၇/ ၂၀၁၁ က အဓမ္မဝါဒဟု ဆုံးဖြတ်ထားသဖြင့် ယင်းအဓမ္မဝါဒနှင့် သက်ဆိုင်သည့် ဟောပြောခြင်း၊ သင်ကြားပို့ချခြင်း၊ စာအုပ်စာတမ်းများအဖြစ် ရိုက်နှိပ်ဖြန့်ချိခြင်း၊ ကူးယူဖြန့်ချိခြင်းနှင့် အသံဖမ်းတိပ်ခွေ၊ စီဒီများဖြင့် အသံသွင်းဖြန့်ချိခြင်း၊ အင်တာနက်တင်ထားခြင်းတို့ကို တားမြစ်ပိတ်ပင်လိုက်သည်ဟု (၁၆-၁၂-၂၀၁၁) ရက်စွဲဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ ၎င်းအပြင် ရာဇသတ်ကြီးဥပဒေ အခန်း (၁၅) ၊ ပုဒ်မ -၂၉၅ တွင် "လူတစားကိုးကွယ်သည့် ဘာသာသာသနာကို စော်ကားရန်အကြံဖြင့်ဖြစ်စေ၊ ကိုးကွယ်ဝတ်ပြုသောနေရာကိုသော်လည်းကောင်း၊ အထွတ်အမြတ်ထားသော အရာဝတ္ထုကိုသော်လည်းကောင်း၊ ဖျက်ဆီးခြင်းသည် သို့တည်းမဟုတ် ပျက်စီးနစ်နာစေခြင်းသည် သို့တည်းမဟုတ် ယုတ်ညံ့စေခြင်းသည် ထိုဘာသာသာသနာကို စော်ကားသည်ဟု လူတစားက ယူဆတန်ရာသည်ကို သိလျက်နှင့်ဖြစ်စေ မည်သူမဆို၊ ထိုလူတစားက ဘာသာသာသနာရေးဆိုင်ရာ ကိုးကွယ်ဝတ်ပြုသော နေရာကိုသော်လည်းကောင်း၊ အထွတ်အမြတ်ထားသော အရာဝတ္ထုကိုသော်လည်းကောင်း ဖျက်ဆီးလျှင် သို့တည်းမဟုတ် ပျက်စီးနစ်နာစေလျှင်၊ သို့တည်းမဟုတ် ယုတ်ညံ့စေလျှင်၊ ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်" ဟုလည်းကောင်း၊ ပုဒ်မ-၂၉၅ (က) တွင်လည်း "ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် နေထိုင်သော လူတစား၏ ဘာသာရေးစိတ်ကို နာကြည်းစေရန် တမင်မသမာသောအကြံဖြင့် မည်သူမဆို စကားဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ ထင်ရှားသော ပုံသဏ္ဌာန်ဖြင့်ဖြစ်စေ၊ ထိုလူတစားကိုးကွယ်သည့် ဘာသာသာသနာကိုသော်လည်းကောင်း၊ ဘာသာသာသနာရေးယုံကြည်မှုကိုသော်လည်းကောင်း၊ စော်ကားလျှင် သို့တည်းမဟုတ် စော်ကားရန်အားထုတ်လျှင်၊ ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်" ဟုလည်းကောင်း ဖော်ပြထားခြင်းကြောင့် ပစ္စုပ္ပန် ကမ္မဝါဒ ဗုဒ္ဓဘာသာသည် ထေရဝါဒဗုဒ္ဓဘာသာကို စော်ကားရန် အကြံဖြင့်သော်လည်းကောင်း၊ ဗုဒ္ဓဘာသာကြည်ညိုကိုးကွယ်သူများ၏ ဘာသာရေးစိတ်ကို နာကြည်းစေရန်အကြံဖြင့်သော်လည်းကောင်း၊ ပြုမူဆောင်ရွက်ခြင်းဖြစ်၍ အဆိုပါ ဥပဒေပါပြဋ္ဌာန်းချက်များအတိုင်းသာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) ဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တစန္ဒိမာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) အကျိုးတော်ဆောင်ဆရာတော်

ဘဒ္ဒန္တဝိလာသ (ဓမ္မာစရိယ) ဒုတိယဥက္ကဋ္ဌဆရာတော်

ဒေါက်တာဘဒ္ဒန္တပညာနန္ဒ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဒုတိယဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တဝုဏ်ကာတိဝံသ (အဂ္ဂမဟာပဏ္ဍိတ) တွဲဖက်အကျိုးတော်ဆောင်ဆရာတော်

ဘဒ္ဒန္တဓမ္မာစာရ (မဟာဂန္ထဝါစကပဏ္ဍိတ) တွဲဖက်အကျိုးတော်ဆောင်ဆရာတော်

ဘဒ္ဒန္တအဂ္ဂဓမ္မ (အဂ္ဂမဟာပဏ္ဍိတ၊ ဒွိပိဋကဓရ) တွဲဖက်အကျိုးတော်ဆောင်ဆရာတော်

ဘဒ္ဒန္တဥတ္တမဉာဏာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဒုတိယဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တဉာဏိန္ဒ (အဂ္ဂမဟာပဏ္ဍိတ) ဒုတိယဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တသြဘာသာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) ဒုတိယဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တဝိလာသ (အဂ္ဂမဟာပဏ္ဍိတ) ဒုတိယဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တနန္ဒာစာရ (မဟာဂန္ထဝါစကပဏ္ဍိတ) တွဲဖက်အကျိုးတော်ဆောင်ဆရာတော်

ဘဒ္ဒန္တသြဘာသ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) တွဲဖက်အကျိုးတော်ဆောင်ဆရာတော်

ဘဒ္ဒန္တသီလာစာရာဘိဝံသ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) တွဲဖက်အကျိုးတော်ဆောင်ဆရာတော်

# လူရည်ချွန် (၁၉၆၄-၈၈)အဖွဲ့၏ ၂၀၁၆ ခုနှစ် နှစ်ပတ်လည်ညီလာခံနှင့် ညစာစားပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၈**

လူရည်ချွန် (၁၉၆၄-၈၈)အဖွဲ့၏ ၂၀၁၆ ခုနှစ် နှစ်ပတ်လည်ညီလာခံနှင့် ညစာစားပွဲကို ယနေ့ ညနေပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ ဆေးတက္ကသိုလ်(၁) စာသင်ခန်းမနှင့် မြက်ခင်းပြင်တို့၌ ကျင်းပသည်။

လူရည်ချွန် (၁၉၆၄-၈၈) အဖွဲ့ နှစ်ပတ်လည်ညီလာခံကို ညနေ ၄ နာရီတွင် ဆေးတက္ကသိုလ်(၁) စာသင်ခန်းမ၌ ကျင်းပရာ သဘာပတိအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်းက အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးကျော်ဋ္ဌေးက အဖွဲ့၏ ၂၀၁၆ ခုနှစ် ပညာရေး၊ လူမှုရေးကဏ္ဍ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လူရည်ချွန် (၁၉၆၄-၈၈) အဖွဲ့၏ အထက်မြန်မာပြည်အဖွဲ့ခွဲဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်လေးက အဖွဲ့ခွဲ၏ လုပ်ငန်းဆောင်ရွက်ချက်များကို လည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာခင်မောင်ထွေးက အဖွဲ့၏ ကျန်းမာရေးကဏ္ဍ ဆောင်ရွက်ချက်များကိုလည်းကောင်း၊ ဒေါက်တာမီမီလွင်က ကချင်ပြည်နယ် နယ်လှည့်ကျန်းမာရေး စောင့်ရှောက်မှုဆေးကုသခြင်း ဆောင်ရွက်ချက်များကိုလည်းကောင်း၊ ဘဏ္ဍာရေးမှူး ဒေါ်သီတာဦးက ဘဏ္ဍာရေး အစီရင်ခံစာကိုလည်းကောင်း၊ စာရင်းစစ် ဒေါက်တာကျော်စိုးက စာရင်းစစ် အစီရင်ခံစာကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းကိုယ်စား ဗိုလ်မှူးဇော်ဝင်းနိုင်(ငြိမ်း)က ဆေးတက္ကသိုလ်ပညာသင်ဆုရ လူရည်ချွန်ကျောင်းသားတစ်ဦးအတွက် အလှူငွေကျပ် ၇၂ သိန်းကို ပေးအပ်လှူဒါန်းရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဒေါက်တာတင်ထွန်းဦးက လူရည်ချွန်ကုသိုလ်ဖြစ် ဆေးခန်းအတွက် ငွေကျပ်သိန်း ၂၀ ကို ပေးအပ်လှူဒါန်းရာ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာဖေသက်ခင်က လက်ခံသည်။

ထို့နောက် လူရည်ချွန် (၁၉၆၄-၈၈) အဖွဲ့ နှစ်ပတ်လည်ညစာစားပွဲကို ဆေးတက္ကသိုလ်(၁) မြက်ခင်းပြင်၌ ဆက်လက်ကျင်းပရာ သဘာပတိအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။



နှစ်ပတ်လည်ညီလာခံတွင် သဘာပတိအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း အမှာစကားပြောကြားစဉ်



ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ဗိုလ်မှူးဇော်ဝင်းနိုင်(ငြိမ်း)က ဆေးတက္ကသိုလ်ပညာသင်ဆုရ လူရည်ချွန်ကျောင်းသားတစ်ဦးအတွက် အလှူငွေကျပ် ၇၂ သိန်း ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် လက်ခံစဉ်

ယင်းနောက် ကမ္ဘောဇအေနာဂတ် အလင်းတန်းမြန်မာ ဖောင်ဒေးရှင်းမှ လှူဒါန်းငွေကျပ်သိန်း ၅၀၀ ကို ကမ္ဘောဇ ကုမ္ပဏီများအုပ်စု အကြီးတန်းအုပ်ချုပ်မှု ဒါရိုက်တာ ဦးညိုမြင့်နှင့် ဇနီး ဒေါက်တာ နန်းခင်မေဖူးတို့က ပေးအပ်လှူဒါန်းရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့်ဇနီး ဒေါက်တာခင်သန်းအေးတို့က လက်ခံသည်။

ထို့နောက် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးဇော်သိန်းက ငွေကျပ် ၁၀ သိန်း၊ ဦးစိန်ဝမ်း - ဒေါ်မဥ္ဇူထွန်းတို့က လူရည်ချွန်ကုသိုလ်ဖြစ်ဆေးခန်းသို့ တန်ဖိုးငွေကျပ် ၁၁၄ သိန်းတန်ဖိုးရှိ Ultra-Sound စက်၊ မြစိမ်းရောင် ဆရာတော်အားရည်စူး၍ ဒေါ်ညွန့်ယဉ်ဝင်းက ငွေကျပ်သိန်း ၁၀၀ ၊ အောင်မြင်သူကုမ္ပဏီက ငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းကြရာ လူရည်ချွန်(၁၉၆၄-၈၈) အဖွဲ့မှ တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ညစာဖြင့် တည်ခင်းဧည့်ခံသည်။

**သတင်း - ရီရီမြင့်၊ ဓာတ်ပုံ - ရဲထွဋ်**

# တပ်မတော်က သိမ်းပိုက်ခဲ့သော ပွိုင့်-၇၆၈ စခန်းနှင့် ပတ်ဝန်းကျင်စခန်းငယ်များမှ လက်နက်ခဲယမ်းနှင့် မူးယစ်ဆေးဝါးအမြောက်အမြားသိမ်းဆည်းရမိ



**နေပြည်တော် ဒီဇင်ဘာ ၂၈**

တပ်မတော်စစ်ကြောင်းများက ပွိုင့်-၇၆၈ ( KIA အခေါ် လိုင်ဖောင် )စခန်းနှင့် ပတ်ဝန်းကျင်စခန်းငယ်များကို ဒီဇင်ဘာ ၂၇ ရက်က သိမ်းပိုက်ရရှိခဲ့ပြီး ယနေ့နံနက်ပိုင်းက အသေးစိတ်ရှင်းလင်းရာ သေဆုံးနေသော အလောင်းများနှင့်အတူ ၆၀ မမ စိန်ပြောင်းနှစ်လက်အပါအဝင် လက်နက်မျိုးစုံ ၁၀ လက်၊ ခဲယမ်းအမြောက်အမြားနှင့် WY စာတန်းပါစိတ်ကြွရူးသွပ်မူးယစ်ဆေးဝါး ၁၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**နယ်မြေရှင်းလင်းရေးဆက်လက်ဆောင်ရွက်**

အဆိုပါစခန်းများကို ဒီဇင်ဘာ ၂၁ ရက်က တပ်မတော်စစ်ကြောင်းများက သွေးတိုးစမ်းတိုက်ခိုက်ခဲ့စဉ် အရာရှိ၊ စစ်သည်အချို့ ထိခိုက်ကျဆုံးမှုရှိခဲ့ကာ လက်နက် ခုနစ်လက်ဆုံးရှုံးခဲ့ပြီး တပ်မတော်စစ်ကြောင်းများက အသေးစိတ်နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် WFP တို့ပူးပေါင်းပြီး မောင်တောတွင် စားနပ်ရိက္ခာနှင့် ငွေကြေးများ ထောက်ပံ့

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် WFP တို့ ပူးပေါင်းပြီး ဒီဇင်ဘာ ၂၁ ရက်မှ ၂၃ ရက်အထိ စားနပ်ရိက္ခာနှင့် ငွေကြေးများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) တို့ ပူးပေါင်းပြီး ရခိုင်ပြည်နယ် မောင်တောမြို့နယ်ရှိ အောင်သာယာကျေးရွာ၊ သုခမြိုင်ကျေးရွာ၊ နန်းယာကိုင်းကျေးရွာ၊ ဒုသံဒါကျေးရွာ၊ လောင်းဒုံကျေးရွာနှင့် ဝါးပိတ်ကျေးရွာများသို့ ဆန်၊ ပဲ၊ ဆီ၊ ဆား၊ အာဟာရမှုန့် အစရှိသည့်စားနပ်ရိက္ခာများအပါအဝင် လိုအပ်သောငွေကြေးထောက်ပံ့မှုများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့၌ ၁ ဒီဂရီစင်တီဂရိတ်နှင့် ပင်လောင်းမြို့၊ ဟဲဟိုးမြို့နှင့် မိုးကုတ်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီ၊ နမ့်စန်မြို့နှင့် နောင်ချိုမြို့တို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ခန္တီးမြို့၌ ၀ ဒသမ ၄၃ လက်မ၊ မချမ်းဘောမြို့၌ ၀ ဒသမ ၃၅ လက်မနှင့် မြစ်ကြီးနားမြို့၌ ၀ ဒသမ ၂၀ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။ **(မိုး/ဇလ)**

# မုံးကိုးမြို့နှင့်အနီးတစ်ဝိုက် တပ်မတော်စစ်ကြောင်းများ နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ရှမ်းပြည်နယ်မြောက်ပိုင်း မုံးကိုးမြို့ အနီးဝန်းကျင်ကို တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းစဉ် ယနေ့နံနက် ၇ နာရီခွဲခန့်က မုံးကိုးမြို့အနီး လမ်းဘေးချုံအတွင်းမှ အမ် ၂၁ သေနတ် တစ်လက်၊ ယင်းကျည်အိမ်တစ်ခုနှင့် ယင်းကျည် ၂၁ တောင့်တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အလားတူ ယနေ့မွန်းလွဲ ၁၂ နာရီခွဲခန့်က မုံးကိုးမြို့ အမှတ်(၆) ရပ်ကွက်ရှိ လူမနေသည့် အိမ်ဟောင်းအတွင်းမှ ပစ္စတိုတစ်လက်၊ ကျည်မျိုးစုံ ၅၃၃ တောင့်၊ RPG ဗုံးသီး နှစ်လုံး၊ စက်လတ်ကျည်ခါးပတ် နှစ်ခု၊ လက်ပစ်ဗုံး နှစ်လုံးနှင့် လမ်းလျှောက်စကားပြောစက်တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး တပ်မတော်စစ်ကြောင်းများက နယ်မြေလုံခြုံရေးနှင့် ရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# စစ်ဘေးရှောင်ပြည်သူများ မိမိတို့နေရပ်ဌာနေသို့ ပြန်လည်ထွက်ခွာ

**သီပေါ ဒီဇင်ဘာ ၂၈**

ဒီဇင်ဘာ ၁၉ ရက်မှစ၍ တိုက်ပွဲများဖြစ်ပွားလျက်ရှိသဖြင့် သီပေါမြို့နယ် အုံမုကျေးရွာအုပ်စု ပန်ခါးကျေးရွာနှင့် မန်လွယ်ကျေးရွာ၊ မိုးတေကျေးရွာအုပ်စု ပန်မန်လန်းကျေးရွာ၊ မန်တုံမြို့နယ် နမ့်ဟိုင်းကျေးရွာအုပ်စု ဝိုင်းမော်ကျေးရွာ၊ ကောင်းမူးကျေးရွာ၊ ကုံးမုံကျေးရွာနှင့် ကုန်းညောင်ကျေးရွာအုပ်စု ကုန်းညောင်ကျေးရွာများမှစစ်ဘေးရှောင်ပြည်သူများသည် သီပေါမြို့နယ်အတွင်းရှိ ကယ်ဆယ်ရေးစခန်းများသို့ ရောက်ရှိခိုလှုံလျက်ရှိကြရာမှ မိမိတို့နေထိုင်ရာ အိမ်ဂေဟာ၊ ဥယျာဉ်ခြံ၊ လယ်ယာမြေများရှိရာဒေသသို့ ဒီဇင်ဘာ ၂၈ ရက်မှစ၍ ပြန်လည်ထွက်ခွာသွားကြကြောင်း သိရသည်။

အဆိုပါမိမိအိမ်ဂေဟာဌာနသို့ပြန်သွားကြသည့် မန်တုံမြို့နယ် နမ့်ဟိုင်းကျေးရွာအုပ်စု ဝိုင်းမော်၊ ကောင်းမူး၊ ကုံးမုံကျေးရွာနှင့် ကုန်းညောင်ကျေးရွာများမှ အိမ်ထောင်စု ၄၅ စု၊ လူဦးရေ ၁၅၉ ဦးတို့သည် လည်းကောင်း၊ သီပေါမြို့နယ် အုံမုကျေးရွာအုပ်စု ပန်ခါးကျေးရွာမှ အိမ်ထောင် စု ၁၂၂ စု ၊ လူဦးရေ ၅၂၃ ဦးသည်လည်းကောင်း စုစုပေါင်း စစ်ဘေးရှောင်ပြည်သူ ၆၈၂ ဦးတို့သည် မြို့နယ်မှတာဝန်ရှိသူများက စီစဉ်ပေးထားသော မော်တော်ယာဉ်များဖြင့် ၎င်းတို့နေထိုင်ရာ ကျေးရွာများသို့ ပျော်ရွှင်စွာ ထွက်ခွာသွားကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# စစ်ဘေးရှောင်များအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်

**နောင်ချို ဒီဇင်ဘာ ၂၈**

ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဟိန်နှင့်ဇနီးဒေါက်တာစိန်စိန်သိန်း၊ နောင်ချိုမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းမြေ့စော၊ ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်ထွေးချစ်၊ ဒုတိယဦးစီးမှူး ဒေါ်နယ်လီဝင်း၊ မြို့နယ်သွေးလှူရှင်အသင်း ဥက္ကဋ္ဌ ဦးမြင့်သန်းတို့နှင့်အတူ ဒီဇင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီက စစ်ဘေးရှောင်မိသားစုအိမ်ထောင်စုဝင်များ ခေတ္တခိုလှုံနေသော နောင်ချိုမြို့နယ် ဆမ္မဆယ်ကျေးရွာအုပ်စု အုမ္မသီးကျေးရွာဘုန်းတော်ကြီးကျောင်း၌လည်းကောင်း၊ ရေမောင်းတန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌လည်းကောင်း သွားရောက်တွေ့ဆုံကာ အားပေးနှစ်သိမ့်စကားများပြောကြားပြီးနောက် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်သွေးလှူရှင်အသင်းဥက္ကဋ္ဌနှင့်အလှူရှင်တို့က အဝတ်အထည်များ၊ ခေါက်ဆွဲဖာများ၊ စောင်အထည် ၅၀ ၊ ကလေးကစားစရာများ၊ စားသောက်ကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ကြသည်။ စစ်ဘေးရှောင်အိမ်ထောင်စုဝင်များက ရှေ့ဆက်လုပ်ကိုင်နေထိုင်စားသောက်မည့်ကိစ္စရပ်များကို ဆွေးနွေးတင်ပြရာ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

# မောင်တောအကြမ်းဖက်မှု ဖြစ်စဉ်ဖြစ်ပွားပြီး ရက်ပေါင်း ၇၀ ခန့်ကြာသည့်အခါ......

## ■ သတင်းဆောင်းပါး-တင်မောင်လွင်၊ ဓာတ်ပုံ-မောင်မွှေး


မောင်တောမြို့နယ်ရှိ အခြေခံပညာကျောင်း၌ ကလေးငယ်များ ပညာသင်ကြားနေမှုကို တွေ့ရစဉ်

အောက်တိုဘာ ၉ ရက် အကြမ်းဖက်မှုဖြစ်စဉ်ကြောင့် တိတ်ဆိတ်ငြိမ်သက်နေသော လမ်းမများထက်၌ ပြေးဆွဲနေကြသည့် မော်တော်ယာဉ်များ၊ ဆိုင်ကယ်များ၊ ဆိုက်ကားများနှင့် လူသွားလူလာများဖြင့် ပြန်လည်စည်ကားစပြုလာသည်။ နေ့တစ်ဝက်ခန့်သာ ဖွင့်လှစ်ရောင်းချနေသော အရောင်းဆိုင်များသည် ယခုရက်ပိုင်းတွင် ညနေပိုင်းအချိန်အထိ ပြန်လည်ဖွင့်လှစ်ရောင်းချနေကြသည်။ ထို့အတူ မြို့ပေါ်ရှိအစိုးရနှင့် ပုဂ္ဂလိကဘဏ်များကလည်း ပုံမှန်အနေအထားအတိုင်း ပြန်လည်လည်ပတ်နေသောကြောင့် ဘဏ်များ၌ ငွေထုတ်၊ ငွေလွှဲသူများဖြင့် စည်ကားလျက်ရှိသည်။

အထက်ပါမြင်ကွင်းများသည် ဒီဇင်ဘာလ နောက်ဆုံးပတ်က မြင်တွေ့ရသည့် မောင်တောမြို့ပေါ် မြင်ကွင်းအချို့ဖြစ်ပါသည်။

**နယ်မြေလုံခြုံရေးအတွက် ဆောင်ရွက်မှု**

အကြမ်းဖက်စီးနင်းတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် နယ်မြေရှင်းလင်းဆောင်ရွက်နေသည့် တပ်မတော်နှင့် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့နှင့် အကြမ်းဖက်သမားများ ဆက်လက်ထိတွေ့ တိုက်ခိုက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါတိုက်ခိုက်မှု ဖြစ်စဉ်နောက်ပိုင်း တိုက်ခိုက်မှုများမရှိသလောက်ဖြစ်လာပြီး ယခုအခါတွင် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးတို့အတွက် တပ်မတော်နှင့်နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က နယ်မြေရှင်းလင်းရေးဆက်လက်ဆောင်ရွက်နေဆဲဖြစ်သည်ကို တွေ့ရသည်။

မောင်တောနယ်စပ်လုံခြုံရေးအတွက် နယ်စပ်လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်တိုက်ခိုက်မှုတွင် ပါဝင်ကျူးလွန်ကြောင်း သံသယရှိသူများကို ဖမ်းဆီးရမိရေး ဆက်လက်


မောင်တောမြို့ပေါ်၌ ပြည်သူများ အေးချမ်းစွာ သွားလာနေမှုကို တွေ့ရစဉ်

ဆောင်ရွက်နေသကဲ့သို့ တစ်ဖက်နိုင်ငံဘက်သို့ ခိုးဝင်ခိုးထွက်မှု မရှိစေရန် ကျေးရွာများ၌ ကျေးရွာမြေပုံ ရေးဆွဲခြင်း၊ နေအိမ်များရှိ အိမ်ထောင်စုစာရင်းတွင် လူဦးရေနှင့် လက်ရှိနေထိုင်သည့် လူဦးရေကိုက်ညီမှု ရှိ မရှိစစ်ဆေးပြီး မှတ်တမ်းဓာတ်ပုံရိုက်ယူခြင်း စသည့်လုပ်ငန်းများကို နယ်ခြားစောင့်ရဲတပ်ဖွဲ့၏ အကူအညီဖြင့် မတရားဝင်ရောက်မှု ကာကွယ်တားဆီးရေးအဖွဲ့ (မကဖ၊ လဝကအဖွဲ့) ဝန်ထမ်းများက စစ်တမ်းကောက်ယူစစ်ဆေးလျက်ရှိကြောင်း သိရသည်။

“ဒီလိုစာရင်းကောက်ယူတဲ့ လုပ်ငန်းက နှစ်စဉ်လုပ်လာတဲ့ လုပ်ငန်းဖြစ်ပါတယ်။ ဒီဒေသကို တစ်ဖက်နိုင်ငံဘက်ကနေ မြန်မာနိုင်ငံဘက်ကို ဝင်ရောက်လာခြင်း ရှိ မရှိ ၊ မြန်မာနိုင်ငံဘက်က တစ်ဖက်နိုင်ငံဘက်ကို ထွက်ပြေးတဲ့သူ ရှိမရှိ စာရင်းအမှန်ပေါ်ပေါက်အောင်လုပ်တဲ့ လုပ်ငန်းဖြစ်ပါတယ်။ လဝကနဲ့ မကဖအဖွဲ့တွေ စစ်တမ်းစာရင်းကောက်ယူပြီး ပထမကျေးရွာတွေမှာ မြေပုံရေးဆွဲပြီး အဆောက်အအုံတွေကို မှတ်ပုံတင်တယ်။ လူဦးရေစာရင်းကောက်တယ်။ လူဦးရေစာရင်းကောက်တဲ့အခါ မိသားစုအလိုက် မှတ်တမ်းဓာတ်ပုံရိုက်တယ်။ ဒီလိုလုပ်တဲ့အတွက် ဒီနှစ်မှာ မွေးဖွားသူ၊ ကွယ်လွန်သူ၊ အိမ်ထောင်စု၊ လူဦးရေစတဲ့အချက်တွေ အသေးစိတ်သိရမှာဖြစ်ပါတယ်”ဟု ကျီးကန်းပြင်ရှိ အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုဌာနချုပ်မှ ရဲမှူးချုပ် သူရစန်းလွင်က သတင်းအဖွဲ့နှင့်တွေ့ဆုံစဉ် ပြောကြားသည်။

**စိုက်ပျိုးရေးနှင့် စီးပွားရေး**


မောင်တောဒေသ၌ အဓိကလုပ်ကိုင်သည့် စီးပွားရေးလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ နိုဝင်ဘာလလယ်ပိုင်းမှစတင်ပြီး အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များ ဆက်လက်ဖြစ်ပွားခြင်းမရှိသည့်အတွက် စိုက်ပျိုးထားသည့် မိုးစပါးစိုက်ခင်းများကိုလည်း ရိတ်သိမ်းနိုင်ခဲ့ကြသည်။ အချို့ဒေသ၌ အဆိုပါဖြစ်စဉ်ကြောင့် လုပ်ငန်းများအနည်းငယ်ကြန့်ကြာခဲ့ပြီး ယခုအချိန်အထိ ရိတ်သိမ်းနေဆဲ ဖြစ်သည်ကို တွေ့မြင်ရသည်။ အချို့ရိတ်သိမ်းပြီးသည့် လယ်ယာများ၌ နှစ်စဉ်စိုက်ပျိုးနေကျဖြစ်သည့် နွေသီးနှံများကိုပင် ထွန်ယက်စိုက်ပျိုးထားသည်ကို တွေ့မြင်ရပြန်သည်။

မောင်တောမြို့ပေါ်၌ ဈေးဆိုင်များ ပြန်လည်ဖွင့်လှစ်လာသည့်အတွက် နှစ်လကျော် အလုပ်လက်မဲ့ ဖြစ်ပေါ်ခဲ့သော လက်လုပ်လက်စားသမားအချို့လည်း မိမိတို့ လုပ်ကိုင်သည့် ဆိုင်များ၌ စိုးရိမ်စိတ်ကင်းသည့် အမူအရာများဖြင့် ပြန်လည်ဝင်ရောက် လုပ်ကိုင်နေကြသည်ကို တွေ့ရသည်။ သို့သော် မြို့နှင့်အနီးဝန်းကျင်ကျေးရွာအချို့၌ စိုးရိမ်ထိတ်လန့်မှုများရှိနေသေးသည့်အတွက် ၎င်းတို့စားဝတ်နေရေးအတွက် လုပ်နေကျလုပ်ငန်းများဖြစ်သော ငါးရှာ ငါးဖမ်းခြင်း၊ ပုစွန်ကန်များဖော်ခြင်းလုပ်ငန်းများ ဝင်ရောက်လုပ်ကိုင်ခြင်း၊ ကဏန်းထောင်၊ ထင်းခွေ စသည့်လုပ်ငန်းများကို သွားရောက်လုပ်ကိုင်ရန် လုံခြုံမှုအတွက် ရတက်မအေးဖြစ်နေသေးကြောင်း သိရသည်။

ယင်းနှင့်ပတ်သက်ပြီး ရေမျက်တောင်တိုင်းရင်းသားကျေးရွာမှ ဒေသခံတစ်ဦးဖြစ်သည့် ဒေါ်ခင်လှက “အခုလိုဖြစ်စဉ်ဖြစ်ခဲ့တဲ့တွက် ကျွန်မတို့ကျေးရွာသားတွေ စားဝတ်နေရေးအတွက် အခက်အခဲအနည်းငယ်ရှိတယ်။ ဘာဖြစ်လို့လဲဆိုရင် အဓိကက စိုးရိမ်စိတ်ကြောင့်ပဲ။ အခုဖြစ်စဉ်တွေဖြစ်ပြီးကတည်းက အပြင်ထွက်ပြီး အလုပ်မလုပ်ရဲသေးဘူး” ဟု ပြောကြားသည်။

**နယ်စပ်ကုန်သွယ်မှု**

နယ်စပ်လုံခြုံရေးအခြေအနေအရ မောင်တောနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများကို နိုဝင်ဘာ ၃ ရက်မှ စတင်ရပ်ဆိုင်းထားခဲ့သည့်အတွက် နိုင်ငံတော်အတွက် ကုန်သွယ်မှုလုပ်ငန်းမှ ဝင်ငွေများစွာ ဆုံးရှုံးနစ်နာခဲ့သကဲ့သို့ နယ်စပ်ကုန်သွယ်မှုလုပ်ငန်းလုပ်ကိုင်သူများအတွက်လည်း အဆင်မပြေမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။


မောင်တောဒေသရှိ စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်နေမှုကို တွေ့ရစဉ်

“ဖြစ်စဉ်ဖြစ်ပွားပြီးနောက်ပိုင်း နိုဝင်ဘာ ၁ ရက်နဲ့ ၂ ရက်မှာတော့ ကုန်သွယ်လုပ်ငန်းလုပ်နိုင်ခဲ့တယ်။ နိုဝင်ဘာ ၃ ရက်ကစပြီးတော့ နယ်စပ်လုံခြုံရေးအခြေအနေကြောင့် ကုန်သွယ်မှုလုပ်ငန်းတွေ ရပ်နားခဲ့တယ်။ နိုဝင်ဘာလတစ်လလုံး ကုန်သွယ်မှုဆောင်ရွက်နိုင်ခဲ့တဲ့ နှစ်ရက်မှာ ဒေါ်လာငါးသောင်းလောက်ဆောင်ရွက်နိုင်တယ်။ နိုဝင်ဘာလ ကုန်သွယ်မှု လျာထားချက်က ဒေါ်လာလေးသိန်းဖြစ်ပါတယ်” ဟု မောင်တောနယ်စပ်ကုန်သွယ်ရေးဦးစီးဌာန စခန်းတာဝန်ခံ ဦးခင်ကျော်မြင့်က ပြောကြားသည်။

ဒီဇင်ဘာလအတွက် မောင်တောနယ်စပ် ကုန်သွယ်မှုလျာထားချက်မှာ ဒေါ်လာ ခုနစ်သိန်းအထိ ဆောင်ရွက်နိုင်ရန်ဖြစ်သော်လည်း ဒီဇင်ဘာ ၁ ရက်မှ ၂၃ ရက်အထိ ၂၂ ရက်အကြာ ဆက်လက်ရပ်ဆိုင်းထားခဲ့သည့်အတွက် လျာထားချက်ပြည့်မီရန် အနည်းငယ်ခက်ခဲမည့် အခြေအနေတွင်ရှိကြောင်း သိရသည်။

**ကုန်သွယ်မှု ပြန်လည်စတင်**

မောင်တောနယ်စပ်ကုန်သွယ်ရေးကို ဒီဇင်ဘာ ၂၄ ရက်က ပြန်လည်စတင်လိုက်သောကြောင့် မြန်မာနိုင်ငံအတွင်းမှ ပို့ကုန်ပစ္စည်းအချို့ကို တစ်ဖက် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ စတင်ပို့ဆောင်နေပြီဖြစ်သည်။ ထို့အတွက် ကုန်သွယ်မှုလုပ်ငန်းများ လုပ်ကိုင်ကြသူများအတွက်လည်း လုပ်ငန်းများစတင်ရန် ပြန်လည်သက်ဝင်လာပြီဖြစ်ကြောင်း သိရသည်။ စတင်ပို့ဆောင်သည့် အဓိကကုန်ပစ္စည်းများမှာ ရေထွက်ပစ္စည်းများဖြစ်သည့် ပုစွန်နှင့် ငါးခြောက်များဖြစ်သည်။ သို့သော်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ ကုန်ပစ္စည်းများ မြန်မာနိုင်ငံဘက်သို့ တင်သွင်းခြင်းမရှိသေးကြောင်း သိရသည်။

“ကျွန်တော်တို့အနေနဲ့ တာဝန်ရှိသူတွေနဲ့ ညှိနှိုင်းပြီး ဒီဇင်ဘာ ၂၄ ရက်က နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းတွေကို ပြန်လည်စတင်ပါတယ်။ ရေထွက်ကုန်ပစ္စည်းတွေဖြစ်တဲ့ ပုစွန်တို့၊ ငါးခြောက်တို့ စတင်ပို့ဆောင်တာ ဒီဇင်ဘာ ၂၄ ရက်က ကုန်သွယ်မှုပမာဏ ဒေါ်လာ ရှစ်သောင်းလောက်ရှိတယ်။ ဒီဇင်ဘာ ၂၅ ရက်က ကုန်သွယ်မှုပမာဏ ဒေါ်လာတစ်သိန်းလောက်ရှိတယ်။ နှစ်ရက်ပေါင်း ကုန်သွယ်မှု ပမာဏ ဒေါ်လာနှစ်သိန်းလောက်ရတယ်” ဟု မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တစ်ပတ်ဗီဇာဖြင့် နယ်စပ်ဖြတ်ကျော်သွားလာခွင့်ကိုမူ ဆက်လက်ရပ်ထားဆဲဖြစ်သည့်အတွက် ကုန်သွယ်မှုကို အခြေခံကာ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူတို့အတွက် နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများမှာ အဆင်ပြေမှုမရှိနိုင်သေးကြောင်း သိရသည်။

**ပညာရေးနှင့် ကျန်းမာရေး**

ယခုအခါမောင်တောမြို့နယ်၌ အခြေခံပညာကျောင်းပေါင်း ၃၀၀ ကျော်ကိုလည်း ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ အဆိုပါကျောင်းများ၌ တာဝန်ကျ ဆရာ ဆရာမများကိုလည်း တာဝန်ရှိသူများက ၎င်းတို့တာဝန်ကျရာ ကျောင်းများသို့ ပြန်လည်စေလွှတ်ထားပြီဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရက အောက်တိုဘာ၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလသုံးလအတွက် ဝန်ထမ်းလစာကို နှစ်ဆတိုးမြှင့်ခံစားခွင့်ပြုလိုက်သည်။ ထိုသို့ တိုးမြှင့်ပေးလိုက်ခြင်းက ဝန်ထမ်းများအတွက် တာဝန်ဆက်လက်ထမ်းဆောင်ရန် အားဆေးတစ်ခွက်ကဲ့သို့ တွန်းအားတစ်ခုဖြစ်ခဲ့ကြောင်း သိရသည်။ သို့သော်လည်း ယာယီပြောင်းရွှေ့တာဝန်ထမ်းဆောင်သူများအား တိုးမြှင့်ထောက်ပံ့မှုမရှိသည့်အတွက် စားဝတ်နေရေးတွင် အခက်အခဲဖြစ်ပေါ်ကြောင်း သိရသည်။

“လစာနှစ်ဆတိုးမြှင့်ပေးတာက ဒီမှာအခြေတည်နေထိုင်တဲ့သူတွေကိုပဲ ပေးတာ။ ဒီဒေသကို ယာယီပြောင်းရွှေ့တာဝန်ထမ်းဆောင်သူတွေကိုတော့ မပေးဘူး။ ဒီဘက်မှာ နယ်မြေအခြေအနေအရ စားရသောက်ရတာတွေက ဈေးကြီးတော့ သိပ်အဆင်မပြေဘူး။ အခက်အခဲရှိတယ်။ လစာနှစ်ဆမဟုတ်တောင် ထောက်ပံ့စရိတ်လေးတော့ ရရင်ကောင်းမှာပဲ” ဟု ဝန်ထမ်းတစ်ဦးက ၎င်း၏အခက်အခဲတစ်ခုကို ရင်ဖွင့်သည်။

ကျန်းမာရေးအနေဖြင့်လည်း မောင်တောမြို့နယ်အတွင်း ကျန်းမာရေးဌာနများအားလုံး ဖွင့်လှစ်ထားသောကြောင့် မြို့ပေါ်ဆေးရုံနှင့် ကျေးလက်ကျန်းမာရေးဌာနများ၊ ဌာနခွဲများ၌ တာဝန်ကျဆရာဝန်၊ ဆရာမများက လူမျိုးဘာသာမခွဲခြားဘဲ ကုသစောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။

**ထောက်ပံ့ပေးလျက်ရှိ**

မောင်တောမြို့နယ် မြောက်ပိုင်းနှင့် တောင်ပိုင်းကျေးရွာအချို့၌ နေထိုင်သူများအနေဖြင့် ဖြစ်စဉ်ဖြစ်ပွားပြီးနောက်ပိုင်း အဓိက ရင်ဆိုင်နေရသည့် စိန်ခေါ်မှုတစ်ခုမှာ စားဝတ်နေရေးအခက်အခဲဖြစ်သည်။ နယ်မြေလုံခြုံရေး အခြေအနေအရ စိုးရိမ်ထိတ်လန့်ပြီး အလုပ်အကိုင်များ မလုပ်ကိုင်နိုင်သည့်အတွက်ကြောင့်ပင် ဖြစ်သည်။

ကျေးရွာအများစု၌ တိုင်းရင်းသားများကို လူနည်းစုသာ တွေ့ရသည်။ ယခုအခါတွင် ၎င်းတို့ကျေးရွာများ၌ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများက လာရောက်ထောက်ပံ့လျက်ရှိသည်။ အများဆုံး လာရောက်ထောက်ပံ့ကြသည်မှာ ဒန်အိုး၊ ဒန်ခွက်များ၊ ဆပ်ပြာ၊ ဆန်၊ ဆီနှင့် အဝတ်အထည်များဖြစ်သည်။ ထိုသို့ လာရောက်ထောက်ပံ့ကြသည့်အတွက် အထိုက်အလျောက်အဆင်ပြေသည်ကို တွေ့ရသည်။

ထိုသူတို့မှာ ဒေသချစ်စိတ်ကြောင့် အစဉ်အဆက်နေထိုင်လာသည့် ၎င်းတို့၏နေရပ်ကို မစွန့်ခွာချင်သည့် ဒေသခံတိုင်းရင်းသားများပင် ဖြစ်သည်။

“ဖြစ်စဉ်ဖြစ်ပွားတဲ့ အချိန်က တချို့ဆို ကြောက်လန့်ပြီး တခြားနေရာတွေကို စွန့်ခွာ၊ ထွက်ပြေးသွားကြတယ်။ ကျွန်မတို့ကတော့ ကြောက်ပေမယ့် ကိုယ့်နေရပ်လေးကို မစွန့်ခွာဘဲ ဒီမှာပဲ စွန့်စွန့်စားစားနေကြတယ်” ဟု ဒေသခံတိုင်းရင်းသူတစ်ဦး၏ ရင်ဖွင့်သည့်စကားသံကို ပြန်လည်ကြားယောင်ရင်း....။

# အိန္ဒိယ၌ ရထားတစ်စင်းလမ်းချော်တိမ်းမှောက်၊ လူ ၆၀ ထက်မနည်းဒဏ်ရာရရှိ



**နယူးဒေလီ ဒီဇင်ဘာ ၂၈**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရာပရာဒေ့ရှ် ပြည်နယ် ကန်ပါးရ်မြို့အနီး၌ ယနေ့ နံနက်အစောပိုင်းက အမြန်ရထား တစ်စင်း လမ်းချော်မှုကြောင့် လူ ၆၀ ထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း အဆင့်မြင့် ရထားအရာရှိတစ်ဦးက ပြောကြားခဲ့သည်။

ရထားလမ်းချော်မှုသည် ကန်ပါးရ် ပြည်နယ် ဒီဟတ်ခရိုင်ရှိ ရူရာဘူတာရုံ၌ ဒေသစံတော်ချိန် နံနက် ၅ နာရီခွဲခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်းနှင့် Sealdah-Ajmer အမြန်ရထား၏ ရထားတွဲ ၁၄ တွဲလမ်းချော်သွားခဲ့ခြင်းဖြစ်ပြီး နှစ်တွဲသည် မြောင်းထဲသို့ထိုးကျသွားခဲ့သော်လည်း ယခုအချိန်ထိ သေဆုံးမှုမရှိသေးကြောင်းသိရသည်။

ရထားလမ်းချော်မှုမဖြစ်မီ တစ်လခန့်က Indore-Patna အမြန် ရထား၏ ရထားတွဲ ၁၄ တွဲ လမ်းချော်ခဲ့ပြီး အနည်းဆုံး လူ ၁၄၀ ခန့်သေဆုံးခဲ့ကာ ၂၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်။ကန်ပါးရ်သည် အဓိက ရထားလမ်းဆုံနေရာဖြစ်ပြီး တစ်နေ့လျှင် ရထားစင်းရေ ၁၀၀ ကျော် ဖြတ်သန်းသွားလာလျက်ရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၏ ရထားလမ်းများသည် ကမ္ဘာ့အရှည်ဆုံး ရထားကွန်ရက်တစ်ခု တွင်ပါဝင်ပြီး နိုင်ငံမြောက်ပိုင်းမှ တောင်ပိုင်းသို့ ချိတ်ဆက်ထားသည့် ရထားလမ်းများသည်လည်း ရှုပ်ထွေးလျက်ရှိသည်။ အိန္ဒိယအစိုးရသည် လာမည့် ငါးနှစ်တာကာလအတွင်း ရထားလမ်းများအဆင့်မြှင့်တင်ခြင်းနှင့် တိုးချဲ့ခြင်းများပြုလုပ်ရန် အမေရိကန်ဒေါ်လာ ၁၃၇ ဘီလီယံရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း ၂၀၁၅ ခုနှစ်က ကြေညာခဲ့သည်။

**(ဆင်ဟွာ)**

# ဆီးရီးယားအပစ်အခတ်ရပ်စဲရေးအစီအစဉ် တူရကီနှင့်ရုရှားပြင်ဆင်



**အန်ကာရာ ဒီဇင်ဘာ ၂၈**

ရုရှားနှင့်တူရကီသည် ဆီးရီးယား၌ ဖြစ်ပွားနေသည့် ပြည်တွင်းစစ်ရပ်တန့်စေမည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုတစ်ရပ် ပြုလုပ်ရန်ပြင်ဆင်နေကြောင်း တူရကီနိုင်ငံခြားရေးဝန်ကြီး မက်ဗလတ်ကာဗူဆိုဂလူက ပြောကြားသည်။ တူရကီသည် ဆီးရီးယားသမ္မတ ဘတ်ရှာအယ်လ်အာဆတ် အာဏာမရရှိအောင်ဆန့်ကျင်သွားမည့် ၎င်း၏ရပ်တည်ချက်ကို ပြောင်းလဲလိမ့်မည်မဟုတ်ကြောင်းကိုလည်း နိုင်ငံခြားရေးဝန်ကြီးက ဖြည့်စွက်ပြောကြားသည်။

ဗုဒ္ဓဟူးနေ့က နိုင်ငံခြားရေးဝန်ကြီး၏ ပြောဆိုချက်တွင် အပစ်ရပ်စဲရေးသဘောတူညီမှုအခြေအနေတစ်ရပ်သို့ရောက်ရှိမည့် ဆွေးနွေးပြောဆိုမှုအောင်မြင်သည့် အသွင်ဆောင်နေကြောင်း ဖော်ပြခဲ့သည်။

ရုရှား၊ အီရန်နှင့် တူရကီတို့သည် မော်စကို၌ဆွေးနွေးပွဲကျင်းပခဲ့ပြီးနောက် ငြိမ်းချမ်းရေးသဘောတူစာချုပ်အတွက် အဓိကကျသည့်ကိုယ်စားလှယ်များအား အကူအညီပေးရန် အသင့်ရှိနေပြီဖြစ်ကြောင်း ပြီးခဲ့သည့် ရက်သတ္တပတ်က ပြောကြားခဲ့သည်။

ဆီးရီးယားပြဿနာကိုဖြေရှင်းနိုင်မည့်နည်းလမ်းနှစ်ခုရှိကြောင်း၊ တစ်နည်းမှာနိုင်ငံရေးအရ ဖြေရှင်းခြင်းဖြစ်ပြီး တစ်နည်းမှာ အပစ်အခတ်ရပ်စဲခြင်းပင်ဖြစ်ကြောင်း၊ နည်းလမ်းနှစ်သွယ်ကို အချိန်မရွေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ကြောင်း နိုင်ငံခြားရေးဝန်ကြီးက အန်ကာရာရှိ သမ္မတနန်းတော်၌ သတင်းထောက်များအား ပြောကြားခဲ့သည်။ ဆီးရီးယား၏ အတိုက်အခံအဖွဲ့များသည် သမ္မတအာဆတ်အား ဘယ်သောအခါမှ ထောက်ပံ့မှုပေးလိမ့်မည်မဟုတ်ဟု ကာဗူဆိုဂလူက ပြောကြားခဲ့သည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီးက ရုရှား၊ အီရန်နှင့် တူရကီတို့သည် ဆီးရီးယား၌ အဓိကဦးစားပေးလုပ်ဆောင်ရမည့်အရာမှာ အကြမ်းဖက်တိုက်ဖျက်ရေးဖြစ်သည်ဟု သဘောတူညီခဲ့ကြပြီး အာဆတ်အစိုးရကို ဖယ်ရှားရေးမဟုတ်ကြောင်း ပြောကြားခဲ့သည်။ **(ရိုက်တာ)**

# ကိုရီးယားကျန်းမာရေးနှင့်သက်သာချောင်ချိရေးဝန်ကြီးဟောင်းအား နိုင်ငံရေးအရှုပ်တော်ပုံနှင့်ပတ်သက်ပြီး ဖမ်းဆီးအရေးယူ

**ဆိုးလ် ဒီဇင်ဘာ ၂၈**

တောင်ကိုရီးယားလွှတ်လပ်ဘက်မလိုက်ကောင်စီသည် သမ္မတပတ်ဂွန်ဟေး ပါဝင်သည့် နိုင်ငံရေးအရှုပ်တော်ပုံအား စုံစမ်းစစ်ဆေးမှုလုပ်နေစဉ် ၎င်းတို့အဖွဲ့အနေဖြင့် ကိုရီးယားကျန်းမာရေးနှင့် သက်သာချောင်ချိရေးဝန်ကြီးဟောင်းအား အာဏာအလွဲသုံးမှုဖြင့် ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း ဒီဇင်ဘာ ၂၈ ရက်တွင် ပြောကြားခဲ့သည်။

ယခင်ကျန်းမာရေးနှင့် သက်သာချောင်ချိရေးဝန်ကြီးဖြစ်သူ မွန်ဟွန်ပြိုအား စုံစမ်းစစ်ဆေးရေးအဖွဲ့က ဒီဇင်ဘာ ၂၈ ရက်တွင် ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း ပြောခဲ့သည်။ အရှုပ်တော်ပုံနှင့်ပတ်သက်ပြီး လူတစ်ဦးအားဖမ်းဆီးခဲ့ခြင်းမှာ ယင်းအဖွဲ့အနေဖြင့် ပထမဆုံးဖြစ်ကြောင်း သိရသည်။

အမျိုးသားပင်စင်နှင့်ပတ်သက်ပြီး ဖိအားပေးသည်ဟုယူဆသည့်အတွက် စုံစမ်းစစ်ဆေးသူများက ၎င်းအား ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# နှစ်သစ်ကူးတွင် တိုက်ခိုက်ရန် ကြိုတင်ကြံစည်သူကို ပြင်သစ်ရဲအဖွဲ့ဖမ်းဆီး

**ပါရီ ဒီဇင်ဘာ ၂၈**

ပြင်သစ်နိုင်ငံအနောက်တောင်ပိုင်း၌ နှစ်သစ်ကူးညတွင် တိုက်ခိုက်မှုလုပ်ဆောင်ရန် ကြိုတင်ကြံစည်သည်ဟု သံသယရှိသူတစ်ဦးကို ဖမ်းဆီးခဲ့ကြောင်း ရဲတပ်ဖွဲ့က ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့သည်။

ပြင်သစ်နိုင်ငံအနောက်တောင်ပိုင်းရှိ တူးလောက်စ်၌ ရဲအဖွဲ့အား တိုက်ခိုက်ရန် ကြိုတင်ကြံစည်ခဲ့သည့် နောက်ထပ်နှစ်ဦးကိုလည်း ရဲတပ်ဖွဲ့က တိုက်ခိုက်ဖမ်းဆီးခဲ့သည်။ နှစ်ဦးအနက်တစ်ဦးမှာ ရဲတပ်ဖွဲ့အား တိုက်ခိုက်ရန် စီစဉ်နေသူဖြစ်ကြောင်း ရဲတပ်ဖွဲ့သတင်းရင်းမြစ်များက ဖော်ပြသည်။

ပြင်သစ်၊ ဗြိတိန်နှင့်ဂျာမနီတို့တွင် အိုင်အက်စ်အကြမ်းဖက်အဖွဲ့များက တိုက်ခိုက်မှုများလုပ်ဆောင်ရန်ပစ်မှတ်ထားလျက်ရှိသည်။ ဘာလင်ရှိ ခရစ္စမတ်ဈေး၌ အကြမ်းဖက်တိုက်ခိုက်ခံရပြီးနောက် ရဲတပ်ဖွဲ့ဝင်များသည် မြို့ကြီးများရှိ ကမ္ဘာလှည့်ခရီးသွားများဝင်ရောက်ရာ အထင်ကရနေရာများနှင့် လူဦးရေထူထပ်သိပ်သည်းသည့်နေရာများ၌ အင်အားတိုးချဲ့ကာ လုံခြုံရေးအတွက် သတိကြီးစွာ ထားနေရကြောင်း သိရသည်။

တူးလောက်စ်အနောက်ပိုင်းရှိ ကက်နောက်စ်၌ ဖမ်းဆီးခံခဲ့ရသူမှာ ဒီဇင်ဘာ ၃၁ ရက်တွင် တိုက်ခိုက်မှုလုပ်ဆောင်ရန် ကြံစည်နေသည်ဟု ရဲတပ်ဖွဲ့က သံသယရှိသူဖြစ်ကြောင်း သတင်းရင်းမြစ်များက ဖော်ပြသည်။

သံသယရှိသူနှစ်ဦးကို အင်္ဂါနေ့က ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း တရားရုံးမှ သတင်းရင်းမြစ်များအရ သိရသည်။ **(ရိုက်တာ)**

# ၂၀၁၆ ခုနှစ်အတွင်း မြေထဲပင်လယ်ဖြတ်ကျော်ရွှေ့ပြောင်းဒုက္ခသည် တစ်နေ့လျှင် ၁၄ ဦးခန့် သေဆုံး

**ဂျီနီဗာ ဒီဇင်ဘာ ၂၈**

၂၀၁၆ ခုနှစ်တွင် မြေထဲပင်လယ်ကို ဖြတ်သန်းသွားသည့် ရွှေ့ပြောင်းသွားလာသူများသည် တစ်ရက်လျှင် ပျမ်းမျှ ၁၄ ဦးခန့် အသက်သေဆုံးခဲ့ကြောင်း၊ ယင်းအရေအတွက်မှာ အမြင့်ဆုံးစံချိန်တစ်ရပ်ဖြစ်ကြောင်း ကုလသမဂ္ဂပြောရေးဆိုခွင့်ရုံးက ပြောကြားခဲ့သည်။

မြေထဲပင်လယ်အတွင်း၌ ၂၀၁၆ ခုနှစ်အတွင်း အသက်သေဆုံးခဲ့သည့် ရွှေ့ပြောင်းသွားလာသူပေါင်း ၅၀၀၀ ထိရှိခဲ့ကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ စာရင်းများအရ သိရသည်။ ရွှေ့ပြောင်းသွားလာသူဒုက္ခသည်များအတွက် ပြန်လည်အခြေချနေထိုင်ရေး၊ ပုဂ္ဂလိကအကူအညီပေးရေး၊ မိသားစုပြန်လည်ပေါင်းစည်းရေးနှင့် ပညာသင်ကြားခွင့်ထောက်ပံ့ရေး အစီအစဉ်များကို အဆောတလျင် လုပ်ဆောင်ရန်လိုအပ်ကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက သတိပေးခဲ့သည်။

၂၀၁၅ ခုနှစ်၌ မြေထဲပင်လယ်ကို ဖြတ်ကျော်ခဲ့သူပေါင်း တစ်သန်း ကျော်ရှိပြီး ၎င်းတို့အနက် ၃၇၇၁ ဦး အသက်ဆုံးရှုံးခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**





# ဉာဏ်တော် ၅၁ ပေရှိ သဗ္ဗဇေယျမုနိဆင်းတုတော်မြတ်အား အထက်ဌာပနာသွင်း

**အမ်း ဒီဇင်ဘာ ၂၈**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ် အောက်ရွာကျေးရွာအုပ်စု အမ်း-မအီ ကားလမ်းဘေး တောင်ကုန်းပေါ်၌ တည်ထားကိုးကွယ်သည့် ဉာဏ်တော် အမြင့် ၅၁ ပေရှိ သဗ္ဗဇေယျမုနိ ဘုရားဆင်းတုတော်မြတ်အား အထက်ဌာပနာသွင်းခြင်း မင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၈ နာရီက ကျင်းပခဲ့သည်။

မြောက်ဦးမြို့နယ် သကျမာန်အောင် တောရဆရာတော်ကြီး ဦးဆောင်မှုဖြင့် အမ်းမြို့နယ် ဆရာတော်ကြီးများနှင့် သံဃနာယကအဖွဲ့တို့ပူးပေါင်းကာ အမ်းတပ်နယ်မှ အလှူရှင်များ၊ ဌာနဆိုင်ရာများနှင့် အမ်းမြို့နယ်ရှိ ဓမ္မမိတ်ဆွေ အလှူရှင်များစုပေါင်းကာ အလှူငွေကျပ်သိန်း ၁၀၀၀ ခန့် ပါဝင်မှုဖြင့် အမ်း-မအီ ကားလမ်းဘေး အမ်းမြို့နှင့် တစ်မိုင်ဝေးကွာသော တောင်ကုန်းပေါ်၌ ဉာဏ်တော် အမြင့် ၅၁ ပေရှိ သဗ္ဗဇေယျမုနိဘုရားဆင်းတုတော်မြတ်အား ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် မြေသန့်ပန္နက်တင် မင်္ဂလာအခမ်းအနားစတင်၍ သွန်းလောင်းခဲ့သည်။

အလှူရှင်များ လှူဒါန်းသည့် ဌာပနာပစ္စည်းများဖြစ်သော ဓာတ်တော်၊ မွေတော်၊ ဘုရားဆင်းတုတော်၊ ရဟန္တာဆင်းတုတော်၊ ရွှေ၊ ငွေ၊ ကျောက်သံ၊ ပတ္တမြား၊ ပေနှင့် ပုရပိုက်များအား အထက်ဌာပနာသွင်းခြင်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘောကြီး သီလဝါဆိပ်ကမ်းသို့ရောက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၂၈**

ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘောကြီး M.S Seabourn Sojourn သည် ယနေ့ ညနေ ၄ နာရီ ၁၅ မိနစ်က ရန်ကုန်မြို့ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်း (MITT) သို့ ရောက်ရှိလာရာ သက်ဆိုင်ရာတာဝန်ရှိသူတို့က ကြိုဆိုကြသည်။

အဆိုပါ သင်္ဘောကြီးတွင် ကမ္ဘာလှည့်ခရီးသည် ၄၄၅ ဦးနှင့် သင်္ဘောဝန်ထမ်း ၃၅၂ ဦး တို့ လိုက်ပါခဲ့ပြီး အိန္ဒိယနိုင်ငံ ပို့ဘလဲဆိပ်ကမ်းမှ ရောက်ရှိလာခြင်းဖြစ်သည်။





"အခုရောက်လာတဲ့ ကမ္ဘာလှည့်ခရီးသွားတွေကို လုံခြုံရေးပိုင်းအပြင် လိုအပ်တဲ့ ဝန်ဆောင်မှုတွေကိုလည်း ကူညီဆောင်ရွက်ပေးသွားမှာပါ။ ဒီနေ့တော့ သူတို့အနေနဲ့ ရန်ကုန်မြို့ပေါ်ကို လည်မယ်။ မနက်ဖြန်မှာတော့ လေကြောင်းခရီးကနေတစ်ဆင့် မန္တလေးနဲ့ ပုဂံကိုသွားရောက်လည်ပတ်မယ်လို့ သိရပါတယ်"ဟု ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေး ရဲတပ်ဖွဲ့စု(ရန်ကုန်) မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘောကြီး M.S Seabourn Sojourn ဖြင့် ရောက်ရှိလာသည့် ကမ္ဘာလှည့် ခရီးသည်များသည် မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း ရန်ကုန်၊ ပဲခူး၊ ပုဂံ၊ မန္တလေးမြို့များသို့ သွားရောက်လည်ပတ်မည်ဖြစ်ပြီး ဒီဇင်ဘာ ၃၁ ရက်တွင် မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်းမှ ထိုင်းနိုင်ငံ ဖူးခက်ဆိပ်ကမ်းသို့ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ကြီး(ပဏီတ)**

# ညောင်ဦးခရိုင်၌ ဓာတ်အားခွဲရုံအသစ် တည်ဆောက်ပြီးစီး

**ညောင်ဦး ဒီဇင်ဘာ ၂၈**

မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် သစ်ထောင့်ကျေးရွာအနီးတွင် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ခုတည်ဆောက်ပြီးစီးခဲ့ပြီး ဒီဇင်ဘာ ၂၄ ရက်တွင် ဓာတ်အားစတင်ပို့လွှတ်နိုင်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဓာတ်အားခွဲရုံတည်ဆောက်မှုပြီးစီးခဲ့ခြင်းကြောင့် ညောင်ဦးမြို့နယ် လက်ပံခြေပေါ်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာပေါင်း ၂၉ ရွာ၊ အိမ်ခြေ ၄၄၉၇ အိမ်၊ အိမ်ထောင်စု ၄၆၅၃ စု လူဦးရေစုစုပေါင်း ၂၀၁၃၄ ဦးကို လျှပ်စစ်မီးဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပြီး ဓာတ်အား စတင်ဖြန့်ဖြူးသည့်နေ့တွင် ကျေးရွာပေါင်း ၁၀ ရွာ၊ အိမ်ခြေ ၁၄၀၀ ကျော်ခန့်၊ အိမ်ထောင်စု ၁၅၀၀ ကျော်ခန့်၊ လူဦးရေ စုစုပေါင်း ၇၀၀၀ ကျော်ခန့် လျှပ်စစ်မီးရရှိ ခံစားရပြီးဖြစ်သောကြောင့် ကျေးရွာနေပြည်သူများအနေဖြင့် လူမှုစီးပွားတိုးတက်လာမည်ဖြစ်သည်။

အဆိုပါ ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတည်ဆောက်ခြင်းအတွက် ငွေကျပ်သန်းပေါင်း ၅၃၈ ဒသမ ၄၄၃၊ ၆၆/၁၁ ကေဗွီဓာတ်အားလိုင်း ပေ ၂၉၀၀ တည်ဆောက်ခြင်းအတွက် ငွေကျပ်သန်းပေါင်း ၁၄ ဒသမ ၃၆၇၊ ၁၁ ကေဗွီဓာတ်အားလိုင်း ၁၄ မိုင်တည်ဆောက်ခြင်းအတွက် ငွေကျပ်သန်းပေါင်း ၂၃၄ ဒသမ ၈၇၄ စုစုပေါင်း ငွေကျပ်သန်းပေါင်း ၇၈၇ ဒသမ ၆၈၄ ကို နိုင်ငံတော်မှ အကုန်အကျခံတည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ကရင်အမျိုးသား နှစ်သစ်ကူးပွဲ ရိုးရာလက်ဝှေ့ ပြိုင်ပွဲဆင်နွှဲ

**ရန်ကုန် ဒီဇင်ဘာ ၂၈**

ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် ကျင်းပရေးဗဟိုကော်မတီ (မဟာ ရန်ကုန်)က ကြီးမှူး၍ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မြန်မာ့မီးရထားဘောလုံးကွင်းတွင် ဒီဇင်ဘာ ၂၉ ရက်၌ကျင်းပမည့် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် ဂျပန်နိုင်ငံသား သက်လုံအားကစားသမား ဒိုင်ခိခါနဲကိုနှင့် မြန်မာ့လက်ဝှေ့အကျော်အမော် ဝမ်ချိုင်း၏သား လွမ်ချိုင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ဒီဇင်ဘာ ၂၉ ရက် မွန်းလွဲ ၂ နာရီတွင် မြန်မာ့မီးရထားဘောလုံးကွင်း(အင်းစိန်)၌ ကျင်းပမည်ဖြစ်ရာ လက်ဝှေ့ဝါသနာရှင်များ လာရောက်အားပေးကြရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**





၂၈-၁၂-၂၀၁၆

# စာရေးဆရာ နိုက်၏ ၁၃ အုပ်မြောက် စာအုပ်ဖြစ်သည့် ကျောက်တုံးကြီးတွေရဲ့ သူရဲကောင်း စာအုပ်ထွက်ရှိ

စာရေးဆရာ"နိုက်"၏(၁၃)အုပ်မြောက် စာအုပ်ဖြစ်သည့် "ကျောက်တုံးကြီးတွေရဲ့ သူရဲကောင်း"စာအုပ်သည် လုံးချင်းဝတ္ထုများ၊ ကဗျာများ ရေးသားရာမှ အတွေးအခေါ်လိုင်းဘက်သို့ ကူးပြောင်းလာသောဆရာ၏ အတွေးအခေါ်ပိုင်းဆိုင်ရာ လေးအုပ်မြောက် စာအုပ်ဖြစ်သည်။ သရုပ်ဆောင်တွေ၊ ပြောင်းလဲလာမှုတွေပေါ့၊ များများရှာကာ များများစွန့်ဖို့၊ ကျောက်တုံးကြီးတွေရဲ့ သူရဲကောင်းစသည်ဖြင့် Artical ၁၆ ခု





ပါဝင်ပြီး ခေါင်းစဉ်များက စာအုပ်၏ အတိမ်အနက်ကို ညွှန်းပြနေသည်။ "ကိုယ်ရှင်သန်ဖို့ သူတစ်ပါးကို ကန်ချရပ့်မလားလို့ အပြစ်တင်နေတာထက် စာရင် Benjamin လို လူစားမျိုး၊ ကောင်မလေးရဲ့နှလုံးသားမျိုး မွေးမြူရှင်သန်ဖို့၊ အနစ်နာခံခြင်းဖြင့် ကိုယ်နဲ့ဆက်စပ်ပတ်သက်တဲ့ လူတွေရဲ့အပြုံးတွေ လုပဖို့ လိုအပ်တယ်" ဟူသော အမြင်သည် ဆရာ၏နှလုံးသားနှင့် ဆရာ၏ စေတနာကို တွေ့မြင်နိုင်ပါသည်။

"ကျွန်တော်တို့တစ်တွေ ဟာ ညှော်သည်တွေ၊ သရုပ်ဆောင်တွေ အလည်အပတ်ရောက်လာတဲ့ လူ့လောကကို ကိုယ့်အင်ကိုယ့်အားနဲ့ အလှပဆုံးဖန်တီးပေးဖို့" စသည်ဖြင့် စသည်ဖြင့် "များများရှာပါ၊ ဒါပေမယ့် သမ္မာအာဇီဝဖြစ်ရမယ်၊ ဒုစရိုက်ကင်းရမယ်၊ နောက်ပြီးတော့ များများ စွန့်နိုင်ဖို့အတွက် ဖြစ်ရမယ်" စသည့် အတွေးအမြင်များဖြင့် လက်မလွတ်တမ်း ဖတ်ရှုသင့်သော စာအုပ်ကောင်းတစ်အုပ်ဟု ညွှန်းဆိုချင်ပါသည်။ **(သတင်းစဉ်)**

# သိထားသင့်သော ခွေးရူးရောဂါအကြောင်း စာအုပ်ထုတ်ဝေဖြန့်ချိ

စာရေးသူ ဒေါက်တာခင်စန်းမော်၏ သိထားသင့်သော ခွေးရူးရောဂါအကြောင်းစာအုပ်ကို ထုတ်ဝေဖြန့်ချိထားသည်။

ယင်းစာအုပ်တွင် ခွေးရူးရောဂါ သမိုင်းကြောင်း၊ ရောဂါပိုး၏သဘာဝ၊ ရောဂါလက္ခဏာများနှင့် ကူးစက်ပုံ၊ ခွေးရူးရောဂါနှင့် ပတ်သက်သည့် လက်တွေ့ဖြစ်ရပ်များ၊ လူတို့၏ တုံ့ပြန်ပုံသဘောထား၊ ခွေးရူးရောဂါ၏ အမြဲပုံစံ၊ ကြောင်မှတစ်ဆင့် လူကို ကူးစက်နိုင်ပုံ၊ ခွေးရူးရောဂါကင်းစင်အောင် အားထုတ်ကြိုးပမ်းမှုများ၊ နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ၊ ကာကွယ်ဆေးအမျိုးအစားများ၊ ကာကွယ်တားဆီးပုံများနှင့် ကုရာနတ္ထိဆေးမရှိသော ခွေးရူးရောဂါ၏ အကြောင်းကို ပြည့်ပြည့်စုံစုံ သိရှိနိုင်စေ





ရန် ရေးသားထားသော ရသဆောင်းပါးများ ပါဝင်သည်။

အဆိုပါစာအုပ်ကို ဖြိုးပြည့်မော် စာပေက ပထမအကြိမ် ဖြန့်ချိလိုက်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# စုံညီခုံရုံးက အယူခံမှုအမှတ် (၂၇) အား အပြီးသတ်အမိန့်ချမှတ်ခြင်း

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံထားရသူ ဦးစည်သူလွင် (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)အပေါ် ဦးသက်ထွန်း (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ)က လျှောက်ထားသည့် ရွေးကောက်ပွဲကန့်ကွက်လွှာ အမှုအမှတ် (၃၅/၂၀၁၅)ကို ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၁ ရက်တွင် ရွေးကောက်ပွဲခုံအဖွဲ့(၃)၏ချမှတ်ခဲ့သည့် စီရင်ချက်(အမိန့်)အား ဦးသက်ထွန်းက ကျေနပ်မှုမရှိသဖြင့် အယူခံမှုတင်သွင်းလာရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အယူခံမှုအမှတ်(၂၇/၂၀၁၆)ဖြင့် လက်ခံခဲ့သည်။ ယင်းအယူခံမှုအား ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး အဖွဲ့ဝင်များအဖြစ် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်တို့ပါဝင်သည့် စုံညီခုံရုံးမှ မူလရွေးကောက်ပွဲခုံအဖွဲ့ (၃)၏ ၂၁-၁၀-၂၀၁၆ ရက်နေ့က ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်အမိန့်ကို ဆက်လက်အတည်ပြုပြီး အယူခံလျှောက်ထားသူ၏ အယူခံကန့်ကွက်လွှာအားစရိတ်နှင့်တကွပယ်ကြောင်းနှင့် ကန့်ကွက်လွှာအယူခံမှုအတွက် တရားစရိတ်ငွေကျပ် ၁၀၀၀၀၀(ကျပ်တစ်သိန်းတိတိ)ကို အယူခံလျှောက်ထားသူက အယူခံလျှောက်ထားခံရသူအားပေးစေသည့် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**( သတင်းစဉ် )**

# တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း (အေရိုးဗစ်)ပြိုင်ပွဲ ရန်ကုန်အသင်း ငါးနှစ်ဆက် တံခွန်စိုက်ဖလားဆွတ်ခူး

**ရန်ကုန် ဒီဇင်ဘာ ၂၈**

(၂၂) ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်း (အေရိုးဗစ်)ပြိုင်ပွဲကို ဒီဇင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့ သဃ်္ဃန်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ (၁)သုဝဏ္ဏ၌ ဗိုလ်လုပွဲများကို ယနေ့နံနက်က ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက ရွှေနှစ်၊ ငွေတစ်ဖြင့် တံခွန်စိုက်ဆုဖလား ဆွတ်ခူးရရှိသွားသည်။

"ကျွန်မတို့ ကျောင်းသူတွေ ကျန်းမာရေးနဲ့ သွေးလည်ပတ်မှုကောင်းအောင်အတွက် ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း (အေရိုးဗစ်)အားကစားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပါတယ်။ ကျောင်းက အားကစားဆရာမတွေ လေ့ကျင့်ပေးတာပါ။ နှစ်စဉ် ကျောင်းသူ ခုနစ်ဦးမှ ၁၀ ဦးအထိ ပါဝင်ယှဉ်ပြိုင်ခဲ့လို့ ဆုဖလားကြီးကို ရရှိခဲ့တာပါ။ ရန်ကုန်တိုင်းဒေသကြီးအသင်းအနေနဲ့ ဒီဆုဖလားဆိုရင် ငါးနှစ် ဆက်တိုက်ရရှိခဲ့ပါတယ်" ဟု လှိုင် အမက(၂) မူလွန်ကျောင်းအုပ်ဆရာမကြီး ဒေါ်ကေသွယ်ဝင်းက ပြောသည်။

ဗိုလ်လုပွဲအပြီး အငယ်တန်းကိုးယောက်တွဲ၊ အကြီးတန်းကိုးယောက်တွဲ၊ သုံးယောက်တွဲပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် တစ်ဦးချင်း စိတ်ကြိုက်စွမ်းရည်ပြပြိုင်ပွဲတွင် ပထမ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ မသဲစု၊ ဒုတိယ စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ဝုန်ဆန်းကိန်၊ တတိယ ကချင်ပြည်နယ်အသင်းမှ ဇမီတန်နှင့် တံခွန်စိုက်ဖလားရရှိသွားသော ရန်ကုန်တိုင်းဒေသကြီးအသင်းတို့အား ဆုတံဆိပ်နှင့် ငွေသား ဆုများကို အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၏ ဇနီး ဒေါ်သက်မြတ်စိုး၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်အေး အေးမြင့်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ဇနီး ဒေါ်နန်းအေးခိုင်၊ အားကစားနှင့်ကာယပညာသိပ္ပံကျောင်းအုပ်ကြီး ဦးစိုးအောင်တို့က ဆုများအသီးသီး ချီးမြှင့်ခဲ့ကြောင်း သိရသည်။



**သတင်း-အေကေလင်း၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

## တန်ဖိုးမျှတအိမ်ရာ အခန်းပေါင်း ၈၆၀၀ သုံးနှစ်အတွင်း ထပ်မံဆောက်မည်



**မန္တလေး ဒီဇင်ဘာ ၂၈**

တန်ဖိုးမျှတ တိုက်ခန်းပေါင်း ၈၆၀၀ ထပ်မံဆောက်လုပ်ပြီး လက်ရှိလျှောက်ထားသူများအား အလှည့်ကျရောင်းချပေးမည်ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစ၍ သုံးနှစ်အတွင်း တန်ဖိုးမျှတအိမ်ရာ တိုက်ခန်းပေါင်း ၈၆၀၀ ဆောက်လုပ်သွားမည်ဖြစ်ပြီး လက်ရှိ မြရည်နန္ဒာတန်ဖိုးမျှတအိမ်ရာ လျှောက်ထားပြီးဖြစ်သူများအား အလှည့်ကျ မဲစနစ်ဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း ယင်းဌာနညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦးက ပြောကြားသည်။

လက်ရှိတွင် မြရည်နန္ဒာရပ်ကွက်၌ တည်ဆောက်ပြီးစီးနေသည့်တန်ဖိုးမျှတအိမ်ရာ အခန်းပေါင်း ၅၆၀ ကို ရောင်းချရန် နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်အထိ လျှောက်လွှာပေါင်း ၁၃၀၀၀ ကျော် ရောင်းချပေးပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် မဲစနစ်ဖြင့် ရောင်းချပေးမည်ဖြစ်ရာ ယင်းအိမ်ရာမရရှိခဲ့ပါက ထပ်မံဆောက်လုပ်မည့် အိမ်ရာများကို အလှည့်ကျမဲစနစ်ဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။ "ဒီဇင်ဘာ ၂၈ ရက်အထိ လျှောက်လွှာတင်သူ ၆၀၀၀ ကျော်ရှိတယ်။ နောက်ဆုံးရက်ဖြစ်တဲ့ ဒီဇင်ဘာ ၃၀ ရက်အထိဆိုရင် ၉၀၀၀ ကျော်မယ်လို့ ခန့်မှန်းတယ်။ ဒါကြောင့် လျှောက်ထားသူအားလုံးကို မှတ်ပုံတင်ထားဖို့နဲ့ သုံးနှစ်အတွင်းမှာ သူတို့အားလုံး အိမ်ပိုင်ရပြီလို့ သဘောထားပြီး ကြိုတင်ငွေစုထားကြပါ" ဟု ၎င်းက ပြောသည်။

အသစ်ထပ်မံဆောက်လုပ်မည့် တန်ဖိုးမျှတအိမ်ရာ ၈၆၀၀ ကို ၂၀၁၇-၂၀၁၈ မှစ၍ ဘတ်ဂျက်ချထားမှုပေါ် မူတည်၍ နှစ်စဉ်ဆောက်လုပ်မည်ဖြစ်ရာ ယခုလျှောက်ထားသူအားလုံးကို ရောင်းချပေးပြီးမှသာ လျှောက်လွှာသစ်များကို လက်ခံပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

## လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်

**စစ်တွေ ဒီဇင်ဘာ ၂၈**

(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၉ နာရီက စစ်တွေမြို့ အထက(ခွဲ)ကျောင်း၌ကျင်းပရာ စာစီစာကုံးပြိုင်ပွဲတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ စာစီစာကုံးပြိုင်ပွဲကို မူလတန်းအဆင့်တွင် ၃၁ ဦး၊ အလယ်တန်းအဆင့်တွင် ၂၅ ဦး၊ အထက်တန်းအဆင့်တွင် ၂၃ ဦးနှင့် တက္ကသိုလ်အဆင့်တွင် ၄၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲသို့ စစ်တွေတက္ကသိုလ်ပါမောက္ခချုပ်၊ ကွန်ပျူတာတက္ကသိုလ် (စစ်တွေ)ကျောင်းအုပ်ကြီး၊ မြို့နယ်ပညာရေးမှူးနှင့် ဆရာ ဆရာမများ လာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။
**တင်ထွန်း(ပြန်/ဆက်)**


### ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးရှင်းဝါနိုင်ငံကူးလက်မှတ်အမှတ် 377829 စာအုပ်မှာ ပျောက်ဆုံးသွားသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၃၁၀၉၇၁၂
ဦးရှင်းဝါ ၆/ထဝန(နိုင်)၀၃၆၅၃၃

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3H/4583 Toyota Parte NNP 10 Hatch Back(4x2)® ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကျင်သန်း ၁၂/မရက(နိုင်)၀၉၄၇၈၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

### မြန်မာနိုင်ငံရဲမှုထမ်းဟောင်းအသင်းဖွဲ့စည်းမည်

**ရွှေတိဂုံဘုရားတောင်ဘက်မုခ်ရှိ ရဲဓမ္မာရုံကြီးတွင် အငြိမ်းစားအသင်း၌ အသင်းဝင်လျှောက်လွှာများရယူနိုင်ပါသည်။**
**ဦးခင်မောင်ဝင်း(ဥက္ကဋ္ဌ)**
**၁၂/ရကန(နိုင်)၀၆၂၅၂၀**
**အငြိမ်းစားအသင်း**
**ရဲဓမ္မာရုံကြီး**

### ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် သကမ-၁၇၊ မြေကွက်အမှတ် (၁၅၉၆/က)ရှိ ယခုအခေါ်အဝေါ် လှိုင်သာယာမြို့နယ်၊ (၂၀)ရပ်ကွက်၊ ဗိုလ်တေဇလမ်း၊ အမှတ် (၁၅၉၆/က)ရှိ အလျား ပေ ၂၀×အနံပေ ၆၀မြေကွက်ကို မြေကွက်အမည်ပေါက် ဦးသက်ဝေဆိုသူထံမှ ဆက်စပ်စာချုပ်များဖြင့် ကျွန်ုပ်မိတ်ဆွေဖြစ်သူများဖြစ်ကြသည့် (၁)ဒေါ်သက်မိုးထွန်း ၁၂/တကက(နိုင်)၁၆၁၅၃၅နှင့် (၂) ဒေါ်အေးဝင်း ၁၂/လသယ(နိုင်)၀၉၉၈၃၆တို့က တရားဝင် ဝယ်ယူလက်ရောက်ရရှိထားပြီးဖြစ်ပါသည်။

သို့ဖြစ်ရာ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက တရားဝင်အမည်ပြောင်းလျှောက်ထားခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။
**ဒေါ်သက်မိုးထွန်း၊ ဒေါ်အေးဝင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကြည်စိုး(တရားလွှတ်တော်ရှေ့နေ)**
**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးကြီး၊ အင်းစိန်မြို့နယ်၊ ဖုန်း-၀၉-၂၆၃၉၀၀၃၉၉**

### ပညာရေးဝန်ကြီးဌာန
### သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန
### အဆောက်အအုံဖျက်သိမ်းခြင်းနှင့် ဆယ်တင်ပစ္စည်းများအတွက်
## လေလံခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနပိုင် အဆောက်အဦဟောင်း (၁၀)လုံးအား ဖျက်သိမ်းခြင်းလုပ်ငန်းနှင့် ပစ္စည်းများဆယ်တင်ခြင်းအပြီးအစီး အတွက် (မြန်မာကျပ်ငွေ)ဖြင့် လေလံတင်သွင်းနိုင်ပါသည်။

| | | |
|---|---|---|
| ၂။ | **လေလံလျှောက်လွှာစတင်ရောင်းချမည့်ရက်** | - ၃၀-၁၂-၂၀၁၆ရက် |
| | **လျှောက်လွှာအရောင်းပိတ်မည့်ရက်** | - ၆-၁-၂၀၁၇ရက် |
| | **လေလံလျှောက်လွှာနောက်ဆုံးတင်သွင်းရမည့်ရက်/အချိန်နှင့် နေရာ** | - ၉-၁-၂၀၁၇ရက် ညနေ ၄နာရီ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန(ရုံးချုပ်) |
| ၃။ | **လေလံစိစစ်ရွေးချယ်မည့်ရက်** | - ဆက်သွယ်အကြောင်းကြားမည်ဖြစ်ပြီး၊ လျှောက်လွှာများကို သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့တွင် စတင်ရောင်းချသည့်ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၁-၆၆၃၂၅၈သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ |

**လေလံတင်ရောင်းချရေးကော်မတီ**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ဠ/၅၈၀၃ ထရော်လာဂျီ/လယ်ယာသုံးထရပ် ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းမွန် ၁၀/ခဆန(နိုင်)၁၁၄၆၉၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်**
**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၅၆**

ဒေါ်ဆုမွန်သက် **နှင့်** ဦးကျော်မြင့်ဆိုင်
**တရားလို** **တရားပြိုင်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ ဝေဇယန္တာ(၃)လမ်း၊ အမှတ် ၃၁နေ ဦးကျော်မြင့်ဆိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားလို ဒေါ်ဆုမွန်သက်က လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၅ ရက် (၁၃၇၈ခုနှစ် ပြာသိုလဆန်း ၈ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ်သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝေယံဖြိုးဦး)**
**ဒုတိယမြို့နယ်တရားသူကြီး**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**



## နိုင်ငံကူးလက်မှတ်မရှိဘဲ ခိုးဝင်လာသူ ထိုင်းနိုင်ငံသားကို အမှုဖွင့်အရေးယူ

**ထားဝယ် ဒီဇင်ဘာ ၂၈**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ထားဝယ်မြို့နယ် ထီးခီးနယ်စပ်ကုန်သွယ်ရေးစစ်ဆေးရေးဂိတ်မှ ရဲအုပ်မင်းဦး ဦးစီးအဖွဲ့သည် ဒီဇင်ဘာ ၂၆ ရက် ည ၁၀ နာရီ ၄၅ မိနစ်က ကျေးရွာအတွင်း နယ်မြေလှည့်ကင်းဆောင်ရွက်နေစဉ် ထီးခီးကျေးရွာအောက်လမ်း၌ မသင်္ကာဖွယ်လူတစ်ဦးကို တွေ့ရှိရ၍ စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးတွေ့ရှိချက်အရ မသင်္ကာဖွယ်လူမှာ ထိုင်းနိုင်ငံ ကန်ချနာဘူရီခရိုင် ဖူနန်မရွန်ကျေးရွာနေ MRAKKACHAL (၃၄နှစ်)ဖြစ်ပြီး နိုင်ငံကူးလက်မှတ်မရှိဘဲ တရားမဝင် တောလမ်းကြားမှ ဝင်ရောက်လာကြောင်း တွေ့ရှိရသဖြင့် ထီးခီးနယ်စပ်ကုန်သွယ်ရေးစခန်းမှ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်ငွေးထံ အပ်နှံခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ထီးခီးနယ်စပ်ကုန်သွယ်ရေးစခန်းမှ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနဦးစီးမှူးက ထားဝယ်မြို့နယ်သို့ ဆက်လက်အပ်နှံရာ မြို့နယ်ဦးစီးမှူး ဦးမိုးကျော်သူက နိုင်ငံကူးလက်မှတ်မရှိဘဲ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ခိုးဝင်လာသူ အဆိုပါ ထိုင်းနိုင်ငံသားကို အရေးယူပေးရန် တိုင်တန်းသဖြင့် ထားဝယ်မြို့မရဲစခန်းက (ပ) ၁၆၀၀/၂၀၁၆၊ လဝက အက်ဥပဒေ ပုဒ်မ-၁၃(၁)ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## တောဆင်ရိုင်းများကိုပစ်ခတ်ရာတွင် အသုံးပြုသည့် လက်နက်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၈**



ရေဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ငွေဆောင်မြို့ ညောင်အုပ်ကျေးရွာနေ ဦးသောင်းထွေး(၅၅နှစ်)သည် ယမန်နေ့မွန်းလွဲ ၁ နာရီခွဲက တောဆင်ရိုင်းများကို ပစ်ခတ်သတ်ဖြတ်၍ ရောင်းချနေကြောင်း သတင်းအရ ရေဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ ၎င်း၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ အမဲလိုက်ရာတွင် အသုံးပြုသည့် ဒူးလေးနှစ်လက်၊ ဒူးလေးပြုလုပ်ရန် ထွင်းထုထားသော သစ်သားပိုင်း သုံးပိုင်း၊ လုပ်သေနတ်ပြုလုပ်ရာတွင် အသုံးပြုသည့် သံချောင်းနှစ်ချောင်း၊ သံပိုက်လုံးနှစ်လုံး၊ သံဘောစေ့အကြီး၊ အသေး အလုံး ၃၀၊ မြားတံလေးချောင်း ထည့်ထားသည့် ဝါးဆစ်ဘူး တစ်ဘူး၊ သုံးမြှောင့်တံစဉ်း နှစ်ချောင်း၊ အဆိပ်ထည့်သည့် ကြေးခွက်တစ်ခွက်၊ အဆိပ်ပါထည့်ထားသည့် အဖုံးပါဘူးသေး တစ်ဘူး၊ အရိုးအသွား နှစ်ပေခွဲခန့်ရှိ ဓားရှည်တစ်ချောင်း၊ အရိုးအသွားတစ်ပေခွဲခန့်ရှိ ဓားမြှောင်တစ်ချောင်းနှင့် အရိုးအသွား ကိုးလက်မခန့်ရှိ ဓားအိမ်ပါ ဓားမြှောင်တစ်ချောင်းတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းအား ငွေဆောင်နယ်မြေရဲစခန်းက (ပ) ၄၃/၂၀၁၆၊ လက်နက်များ အက်ဥပဒေပုဒ်မ ၁၉(စ)ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

## ရန်ဖြစ်နေစဉ် ဖျန်ဖြေပေးရာမှ ဖျန်ဖြေပေးသူ ဓားထိုးခံရ

**ဒလ ဒီဇင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ခနောင်ချောင်းဝကျေးရွာ၌ ဒီဇင်ဘာ ၂၇ ရက် နံနက် ၈ နာရီက လူနှစ်ဦးရန်ဖြစ်နေစဉ် ဝင်ရောက်ဖျန်ဖြေပေးရာမှ ဖျန်ဖြေပေးသူမှာ ဓားထိုးခံရ၍ သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၇ ရက် နံနက် ၈ နာရီ ၅ မိနစ်က ခနောင်မီးခြစ်စက်ကျေးရွာနေ သဘော်ကျင်းလုပ်သား အောင်သူနှင့် တစ်ရွာတည်းနေ ၎င်း၏အစ်ကိုဖြစ်သူ မျိုးဇော်ဇော်တို့ စကားများရန်ဖြစ်နေစဉ် ကိုရဲထွန်း သဘော်ကျင်းလုပ်သားက သွားရောက်ဖျန်ဖြေရာ အောင်သူက မကျေနပ်သဖြင့် နေအိမ်သို့ပြန်၍ ဓားယူကာ ကိုရဲထွန်း(၄၂နှစ်)ကို မေတ္တာမွန်သဘော်ကျင်းစတိုတဲရှေ့၌ ဓားဖြင့်ထိုးခဲ့သဖြင့် အခင်းဖြစ်နေရာ၌ သေဆုံးခဲ့ခြင်းဖြစ်သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အောင်သူအား ဒလမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **မောင်ယဉ်ဦး(ဒလ)**

## ၁၀ ဘီးယာဉ် အရှိန်လွန်တိမ်းမှောက်မှုဖြစ်ပွား

**ညောင်လေးပင် ဒီဇင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ရန်ကုန်ဘက်အထွက် အာလောကွေ့အနီး၌ ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲ ၂ နာရီခန့်က ၁၀ ဘီးယာဉ်တစ်စီး အရှိန်လွန်တိမ်းမှောက်ခဲ့ရာ လူထိခိုက်မှုမရှိကြောင်း သိရသည်။



ဖြစ်စဉ်မှာ ညောင်လေးပင်မြို့မရဲစခန်း၌ ဒုရဲအုပ်ဝင်းအောင် တာဝန်မှူးအဖြစ်ဆောင်ရွက်နေစဉ် ယာဉ်တိမ်းမှောက်ကြောင်းသတင်းအရ သွားရောက်စစ်ဆေးရာ ရန်ကုန်-မန္တလေး ကားလမ်းဟောင်း မိုင်တိုင်အမှတ်(၉၆/၂)နှင့်(၉၆/၃)အကြား အာလောကွေ့အနီး၌ မန္တလေးဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း အောင်မြင့်စိန် (၃၃ နှစ်) နတ်မောက်မြို့နေသူ မောင်းနှင်ပြီး ယာဉ်ပေါ်၌ ကျော်စွာလင်း(၂၁ နှစ်) တောင်ကြီးမြို့နေသူ လိုက်ပါလာသော ၄ခ/-------- နစ်ဆန်း ၁၀ ဘီးယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်ခြမ်းသို့ တိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်ပါ နှစ်ဦးစလုံးဒဏ်ရာရရှိမှု မရှိကြောင်း၊ ယာဉ်မောင်းကို အမှုဖွင့်ထားကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**

## ခင်ဦးမြို့ မြနန္ဒာကွက်သစ်၌ မီးလောင်မှုဖြစ်ပွား

**ခင်ဦး ဒီဇင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့ အောင်မင်္ဂလာရပ် မြနန္ဒာကွက်သစ် မစိုးစိုးဝင်း (၄၈နှစ်) နေအိမ်၌ ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီ ၁၀ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့သည်။ မြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ်နှစ်စီး၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများက ငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုကြောင့် တစ်ထပ်၊ ထရံကာ၊ သွပ်မိုး၊ သုံးခန်း၊ နှစ်ခန်း မီးလောင်ဆုံးရှုံးခဲ့ပြီး မီးကြွင်းမီးကျန်မှ မီးလောင်ခြင်းဖြစ်ကြောင်း သိရသည်။ **ခင်ဦးစိုးဝေ**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**


စာရိတ္တ၊ စည်းကမ်း၊ ပညာ တွင် စံပြ

ဂုဏ်ထူး ဦးအောင်ခိုင် (အင်္ဂလိပ်စာ)

သမိုင်းတံခွန် ဦးထွန်းနွယ်

ဦးစီးတည်ထောင်သော

ပညာနန်းတော် အ.ထ.က

ကိုယ်ပိုင်အထက်တန်းကျောင်း အထူးအဆင့်မြင့်ဘော်ဒါ

ဘော်ဒါ ၈တန်း၊ ၉တန်း၊ ၁၀တန်း

(အတန်းငယ်များကို ဘော်ဒါလက်မခံပါ)

နေ့ကျောင်းကြီး ▸ သူငယ်တန်းမှ ဒသမတန်းထိ

အဆောင်မှူး ဘွဲ့ရ ဆရာ၊ ဆရာမများ အလိုရှိသည်။

### အကောင်းဆုံးပညာ အကောင်းဆုံးနေရာ အကောင်းဆုံးဘော်ဒါ

**အကျင့်စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်ရေးသည်ပထမ** – ယနေ့ခေတ် လူငယ်များအတွက် အဓိက စိန်ခေါ်ချက် ဖြစ်သည်။ စာရိတ္တကောင်းမှ ပညာရေးကောင်းမည်။ တည်ထောင်သူ ဆရာကြီးများသည် မိမိတို့ ကိုယ်တိုင်လည်း အကျင့်စာရိတ္တ မြင့်မားတည်ကြည်မှုကို တန်ဖိုးထားပြီး၊ တပည့်များကိုလည်း ကောင်းစွာဆုံးမ လမ်းညွှန် လေ့ကျင့်ပေးပါသည်။

**ပညာရည်ထူးချွန်ထက်မြက်ရေးသည်အဓိက** – ပါမောက္ခကြီးများ၊ ရန်ကုန်မြို့တော်၏ နံပါတ်တစ် ကျူရှင်ဆရာကြီးများဖြင့် အခိုင်အမာဖွဲ့စည်းထားသည့် အကောင်းဆုံးပညာရေး အင်အားစုကြီး ဖြစ်သည်။ နေ့ကျောင်းကြီးနှင့်တကွ ကျူရှင်ချိန်များတွင်ပါ ဤဆရာကြီးများသာ သင်ကြားကြသည်။ နေ့စဉ်သင်ကြားရေး၊ လေ့ကျင့်ရေးနှင့် စစ်ဆေးရေးတို့ကို စည်းကမ်းတကျ စီမံချက်ချ၍ ဆောင်ရွက်သည်။ ထို့ကြောင့် နှစ်စဉ် အောင်ချက်ရာနှုန်းပြည့်နှင့် All-D များ၊ TOP TEN များ၊ ဂုဏ်ထူးရှင် များစွာ ထွက်ရှိခဲ့ပါသည်။

**နေထိုင်မှုစားသောက်မှုအဆင့်ရှိရေးသည် ပဓာန** – နေ့ကျောင်းနှင့် ဘော်ဒါဆောင်ကို တစ်ဝင်းတစ်ခြံတည်း တိုက်တစ်တိုက်တည်းတွင် အတူတကွထားပါလျှင် များစွာ အနှောင့်အယှက် ဖြစ်သောကြောင့် သုဝဏ္ဏ၊ ဗိုလ်ချုပ်ရွာ VIP-1 ရပ်ကွက်တွင် ကျောင်းသူသီးသန့်၊ ကျောင်းသားသီးသန့်၊ သီးခြားခြံဝင်းကျယ်၊ သီးခြား အဆင့်မြင့် ၂ ထပ်တိုက်၊ ၃ ထပ်တိုက်ကြီးများ၊ ပန်ကာ၊ လေအေးစက် အပြည့်အစုံ၊ ၂၄ နာရီ လျှပ်စစ်မီး၊ အဝီစိရေနှင့် အဆင့်မြင့်နေထိုင်မှု ဖြစ်သည်။ အထူးသဖြင့် ကျောင်းသူဆောင်ကို ဆရာကြီးဦးထွန်းနွယ်၏ဇနီး ဆရာမကြီး ဒေါ်မြင့်မြင့်ကြည် (အ. ထ. ပြ-ငြိမ်း) ကိုယ်တိုင် အတူနေထိုင်၍ အုပ်ချုပ်ပါသည်။ စားလို့မြိန်သော စေတနာကောင်းတဲ့ အိမ်ထမင်း၊ အိမ်ဟင်းကို သန့်သန့်ရှင်းရှင်း ချက်ပြုတ်ပြင်ဆင် ကျွေးမွေးပါသည်။

**ငွေရေး ကြေးရေးသည် သာမည** – ဘော်ဒါချင်းယှဉ်လျှင် အကောင်းဆုံးဝန်ဆောင်မှု ဖြစ်စေရမည်ဟု အာမခံသည်။ ငွေကြေးကိုမူ အသက်သာဆုံးနှင့် အဆင်အပြေဆုံးဖြစ်စေရန် အထူးစီစဉ်ထားပါသည်။ (၄-ရစ်ခွဲ၍ ပေးသွင်းရပါမည်။) စာတောအပ်နှံမှုသာ နေရာအတွက် စိတ်ချရပါမည်။

ခြံအမှတ် 118 A/B ကျွန်းရွှေမြိုင်လမ်း၊ VIP-1 ရပ်ကွက်၊ ဗိုလ်ချုပ်ရွာ၊ သုဝဏ္ဏ၊ ရန်ကုန်။ Tel : 01-577605, 09 782 216 338



### ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာအမျိုးသားလေကြောင်း ကြေညာချက်အမှတ် (၂/၂၀၁၆)

မြန်မာအမျိုးသားလေကြောင်းမှ ကြေညာချက်အမှတ် (၂/၂၀၁၆) ဖြင့် ကြေညာထားသည့် လေယာဉ်မယ်ရာထူး လစာနှုန်း (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)အတွက် လျှောက်လွှာနောက်ဆုံး လက်ခံမည့်နေ့ရက်အား မြန်မာအမျိုးသားလေကြောင်း (ရုံးချုပ်)သို့ ၃၀-၁၂-၂၀၁၆ရက်အစား ၂၀-၁-၂၀၁၇ရက်အထိနှင့် နယ်ဌာနခွဲများသို့ ၂၅-၁၂-၂၀၁၆ရက်အစား ၁၃-၁-၂၀၁၇ရက်အထိ တိုးမြှင့်လက်ခံမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြန်မာအမျိုးသားလေကြောင်း**



### ရောင်ခြည်ဦးဆိုင်ကယ်အသင်းအား ဖျက်သိမ်းပြီးဖြစ်ကြောင်း ကြော်ငြာခြင်း

၁။ ကျိုင်းတုံမြို့၊ အာခါဗုဒ္ဓဘာသာစောင့်ရှောက်ရေးအသင်း၊ အမှုဆောင်အဖွဲ့၏ ၂၉-၅-၂၀၁၆ရက်တွင် ပြုလုပ်သော အစည်းအဝေးဆုံးဖြတ်ချက်အမှတ်စဉ် (၁/၂၀၁၆)အရ မူလ(ရောင်ခြည်ဦး)ဆိုင်ကယ်အသင်းအား ဖျက်သိမ်းပြီးဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

၂။ ဖျက်သိမ်းထားသည့် (ရောင်ခြည်ဦး)အမည် အင်္ကျီဟောင်းဖြင့် တရားမဝင် ဝတ်ဆင်ပြေးဆွဲလျက်ရှိသော ဆိုင်ကယ်နှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက ၃၀-၈-၂၀၁၆ရက်တွင် ဌာနဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများမှ တရားဝင်ပြေးဆွဲခွင့်ပြုထားသော အာခါ ဗုဒ္ဓဘာသာစောင့်ရှောက်ရေးအသင်းပိုင် (ရွှေတောင်တန်း)ဆိုင်ကယ်တက္ကစီအသင်းနှင့် (လုံးဝ) မသက်ဆိုင်တော့ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဥက္ကဋ္ဌ**
**အာခါဗုဒ္ဓဘာသာစောင့်ရှောက်ရေးအသင်း**
**ရှမ်း(အရှေ့)၊ ကျိုင်းတုံမြို့**



ခရီးသွားမယ်ဆို, စိတ်ချလုံခြုံဆုံး ဖြစ်စေမယ့် ရှစ်ဘီးကား ( 3 Axles Bus ) ကိုရွေးစီးပါ။

## ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ ပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

၂၀၁၆-၂၀၁၇ ပညာသင်နှစ် အတန်းလိုက် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက်က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် အားကစားခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်က အမှာစကားပြောကြားသည်။

ပြိုင်ပွဲများစတင်ကျင်းပရာတွင် တတိယနှစ်အသင်းနှင့် စတုတ္ထနှစ်အသင်းတို့က အဖွဲ့လိုက်၊ အသင်းလိုက်ယှဉ်ပြိုင်ကြရာ အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲနှင့် အမျိုးသားအဖွဲ့လိုက်ပြိုင်ပွဲတို့တွင် တတိယနှစ်အသင်းက စတုတ္ထနှစ်အသင်းကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိပြီး အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် စတုတ္ထနှစ်အသင်းက တတိယနှစ်အသင်းကို နှစ်ပွဲတစ်ပွဲဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲများကို ဒီဇင်ဘာ ၂၆ ရက်မှ ၂၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မေမိုးသဲ**

## မြန်မာ့ရုပ်မြင်သံကြား

၂၉-၁၂-၂၀၁၆ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၅ - **ငယ်ချစ်ဦးရဲ့ရင်ခွင်ဟောင်းဆီ**
- ၈း၃၅ - **မြန်မာ့အနုပညာအရပ်ရပ် အတွက် ဆက်ထုံးဆုံရပ်**
- ၁၀း၃၅ - အလုပ်သမားရေးရာ အစီအစဉ်
- ၁၁း၃၅ - **စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP)အကြောင်း သိကောင်းစရာ** ( အပိုင်း-၁)

**ညပိုင်း**

- ၁၅း၁၅ - မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နှစ် (၇၀)ပြည့် အထိမ်းအမှတ် မြန်မာသံစဉ်ဂန္ထဝင်တေးသီချင်းများ (တက္ကသိုလ်လဲ့လဲ့) (ရာဇာဝင်းတင့်)
- ၁၆း၃၅ - ပြည်သူတို့ရဲ့စကားသံများ
- ၁၇း၃၅ - လက်တွေ့အသုံးချဘဏ္ဍာရေး သုတများ
- ၁၈း၃၅ - မျက်မှောက်ရေးရာအဖြာဖြာ
- ၁၉း၃၀ - **ဒီမိုကရေစီစိတ်ထား**(အပိုင်း-၄)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀း၃၅ - ခက်ဖူးဝေ
- ၂၁း၀၀ - ပြည်တွင်းသတင်း မိုးလေဝသအခြေအနေ

## ရတနာပုံအသင်း အုပ်စုနှစ်ပွဲစလုံး သရေကျပြီး မဲခေါင်ပြိုင်ပွဲမှ ထွက်ခဲ့ရ



ရတနာပုံနှင့် Lanexang တို့ အကြိတ်အနယ်ယှဉ်ပြိုင်နေစဉ်

**မန္တလေး ဒီဇင်ဘာ ၂၈**

၂၀၁၆ တိုယိုတာမဲခေါင်ဖလားကလပ်အသင်းများပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲကို ဒီဇင်ဘာ ၂၇ ရက် ညနေပိုင်းက မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပရာ ရတနာပုံ(မြန်မာ)သည် Lanexang (လာအို)နှင့် သုံးဂိုးစီသရေကျပြီး အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

ရတနာပုံအသင်းသည် ဗီယက်နမ်ကလပ် ဒါနန်းအသင်းကို အဝေးကွင်း၌ သရေကစားနိုင်ခဲ့သော်လည်း အိမ်ကွင်း၌ လာအိုကလပ်ကို အနိုင်မကစားနိုင်သောကြောင့် ရမှတ်နှစ်မှတ်ဖြင့် အုပ်စုအဆင့်မှထွက်ခဲ့ရသည်။ ရတနာပုံအသင်းသည် ပွဲအစတွင် အမှားများခဲ့သောကြောင့် နှစ်ဂိုးဆက်ပေးခဲ့ရပြီး သရေကျလျှင်ပင် ဆီမီးဖိုင်နယ်တက်မည့် Lanexang အသင်းအတွက် အခွင့်အရေးဖြစ်ကာ သရေရလဒ်ကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ရတနာပုံအသင်းသည် ဒါနန်းအသင်းနှင့် သရေကျခဲ့သည့်ပွဲထွက်လူစာရင်းကို အပြောင်းအလဲလုပ်ခဲ့ပြီး ရန်ပိုင်၊ အောင်သူတို့ကို ပွဲထွက်လူစာရင်းတွင် အသုံးပြုခဲ့သည်။ ရတနာပုံအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သော်လည်း ခံစစ်ပိုင်းအမှားများကြောင့် ပွဲအစမှာပင် နှစ်ဂိုးဆက်ပေးခဲ့ရသည်။ ၁၀ မိနစ်တွင် ပွန်ဆိုဗန်က Lanexang အသင်းအတွက် ဂိုးစသွင်းခဲ့ပြီး နှစ်မိနစ်အကြာတွင် ဖာချန်သာက အဝေးကန်ချက်ဖြင့် ဒုတိယဂိုးရယူခဲ့သည်။ နှစ်ဂိုးဆက်တိုက်ပေးလိုက်ရသောကြောင့် ရတနာပုံအသင်း တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၂၁ မိနစ်တွင် အသင်းခေါင်းဆောင် ရန်ပိုင်က ထောင့်ကန်ဘောမှတစ်ဆင့် ခေါင်းတိုက်ပြီး ချေပဂိုးပြန်သွင်းပေးခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ရတနာပုံအသင်း စိတ်ဓာတ်တက်လာပြီး ချေပဂိုးပြန်ရရန် ကြိုးပမ်းခဲ့သော်လည်း Lanexang နောက်တန်းထိန်းချုပ်နိုင်ခဲ့သည်။ ဒုတိယပိုင်းတွင် ရတနာပုံအသင်းက ဝင်းနိုင်စိုး၊ လှိုင်းဘိုဘို၊ ရှိုင်းသူရ၊ ယူရာစသည့် ကစားသမားများကိုထည့်ကာ တိုက်စစ်အားမြှင့်လာခဲ့သည်။ သို့သော် မိနစ် ၈၀ အထိချေပဂိုး ထပ်မသွင်းနိုင်ဘဲ ၈၂ မိနစ်တွင် ဗောင်ချင်ကန်၏ Lanexang အတွက် တတိယဂိုးသွင်းယူမှုကို ထပ်မံခွင့်ပြုခဲ့ရသည်။ သုံးမိနစ်အကြာတွင် ဝီလျံက ရတနာပုံအတွက် ဒုတိယဂိုးသွင်းယူခဲ့ပြီး ပွဲပြီးခါနီးတွင် ဂျပန်ကွင်းလယ်လူယူရာက တတိယချေပဂိုးထပ်သွင်းခဲ့သည်။ သို့သော် ဂိုးရနောက်ကျခဲ့သောကြောင့် အနိုင်ဂိုးထပ်မသွင်းနိုင်ဘဲ သုံးဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

အုပ်စုပွဲစဉ်များအပြီးတွင် Lanexang United (လာအို)က တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ လေးမှတ်ဖြင့် အုပ်စုပထမရရှိကာ ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားပြီး ရတနာပုံ(မြန်မာ) က နှစ်မှတ်နှင့် ဒါနန်း(ဗီယက်နမ်)က တစ်မှတ်ရရှိကာ အုပ်စုအဆင့်မှထွက်ခဲ့ရသည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြည်ထောင်စုရှေ့နေချုပ်ရုံး
## ကြော်ငြာစာအမှတ် ၁/၂၀၁၆
## (လျှောက်လွှာခေါ်ယူခြင်း)

၁။ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်တို့တွင်လစ်လပ်လျက်ရှိသော ဥပဒေအရာရှိအဆင့်-၄ (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)ရာထူးနေရာများအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ခန့်ထားရန်ရှိပါသည်။

၂။ လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) အနိမ့်ဆုံး ဥပဒေဘွဲ့(LL.B)ရရှိပြီးသူ ဖြစ်ရမည်။
- (ဂ) ၃၁-၁၂-၂၀၁၆ရက်တွင် အသက်(၂၇)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။ ဝန်ထမ်းဖြစ်ပါက အသက်(၃၀)ထက်မကြီးသူဖြစ်ရမည်။
- (ဃ) မဟာဥပဒေဘွဲ့(LL.M)ရရှိသူဖြစ်ပါက အသက်(၃၂)နှစ်ထက်မကြီးသူဖြစ်ရမည်။
- (င) ကိုယ်လက်အင်္ဂါပြည့်စုံပြီး ကျန်းမာသန်စွမ်းသူဖြစ်ရမည်။

၃။ စာမေးပွဲကြေး ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)ကို မြို့နယ်များရှိ သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲများ၌ မြို့နယ်ဥပဒေရုံး၊ ငွေစာရင်းခေါင်းစဉ်သို့လည်းကောင်း၊ ရန်ကုန်မြို့တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲ(၅)၌ ငွေစာရင်းအမှတ်၊ အမ်ဒီ-၀၂၃၅၆၆သို့လည်းကောင်း ပေးသွင်းရမည်။

၄။ သတ်မှတ်ထားသော လျှောက်လွှာပုံစံတစ်စောင်ကို စာမေးပွဲအတွက် ငွေသွင်းချလန်မူရင်းပြ၍ ခရိုင်ဥပဒေရုံးများတွင် ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။(ဝန်ထမ်းဖြစ်ပါက လျှောက်လွှာပုံစံနှစ်စောင် ဝယ်ယူရပါမည်။)

၅။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်။
- (က) ဥပဒေဘွဲ့၊ မဟာဥပဒေဘွဲ့လက်မှတ်မိတ္တူများ ပူးတွဲတင်ပြရမည်။(စစ်ဆေးသည့်အခါ မူရင်းတင်ပြနိုင်ရမည်။)
- (ခ) စာမေးပွဲဝင်ကြေးပေးသွင်းထားသည့် ငွေသွင်းချလန်မူရင်း။
- (ဂ) အသက်အတွက် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်လက်မှတ် မိတ္တူမှန်ပူးတွဲတင်ပြရမည်။ (စစ်ဆေးသည့်အခါ မူရင်းတင်ပြနိုင်ရမည်။)
- (ဃ) ပြင်ပပုဂ္ဂိုလ်များအတွက် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ပြန်တမ်းဝင်အရာရှိနှစ်ဦး၏ ၁-၁-၂၀၁၇ရက်နောက်ပိုင်းထောက်ခံသည့် ထောက်ခံချက်မူရင်း။
- (င) ပြင်ပပုဂ္ဂိုလ်များအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူမှန်။

၆။ လျှောက်လွှာပိတ်ရက်သည် ၂၇-၁-၂၀၁၇ရက် ညနေ ၄း၃၀နာရီဖြစ်သည်။

၇။ လျှောက်ထားသူသည် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက လျှောက်လွှာကို မိမိလျှောက်လွှာထုတ်ယူခဲ့ရာ ခရိုင်ဥပဒေရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ သတ်မှတ်ရက်ထက်မကျော်လွန်စေဘဲ အရောက်ပေးပို့ရမည်။

၈။ လျှောက်ထားသူသည် ဝန်ထမ်းဖြစ်ပါက လျှောက်လွှာတစ်စောင်ကို ဌာနကူးပြောင်း တာဝန်ထမ်းဆောင်ခွင့်ပြုနိုင်သော ဌာနဆိုင်ရာ အကြီးအကဲမှတစ်ဆင့် အမြဲတမ်းအတွင်းဝန် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ နေပြည်တော်သို့လည်းကောင်း၊ ကျန်လျှောက်လွှာတစ်စောင်ကို မိမိထုတ်ယူခဲ့သည့်သက်ဆိုင်ရာ ခရိုင်ဥပဒေရုံးသို့လည်းကောင်း သတ်မှတ်ရက်ထက်မကျော်လွန်စေဘဲ ပြန်လည်အရောက်ပေးပို့ရမည်။

၉။ ရေးဖြေစာမေးပွဲကို ရန်ကုန်နှင့်မန္တလေးမြို့တို့တွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး စာမေးပွဲအစီအစဉ်ကို သတင်းစာများ၌ ထပ်မံကြေညာမည်။
ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်းပြုမည်။

၁၀။ ရေးဖြေစာမေးပွဲတွင် အောက်ပါဘာသာရပ်များ ဖြေဆိုရပါမည်-
- (က) မြန်မာစာ
- (ခ) အင်္ဂလိပ်စာ
- (ဂ) အထွေထွေဗဟုသုတ
- (ဃ) ဥပဒေဘာသာရပ်(၂၀၀၈ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြစ်မှုဆိုင်ရာဥပဒေ၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ၊ တရားမကျင့်ထုံးဥပဒေနှင့် သက်သေခံဥပဒေ၊ အထူးနှင့်အထွေထွေဥပဒေ)

၁၁။ စည်းကမ်းနှင့်မကိုက်ညီသော(သို့မဟုတ်)မပြည့်စုံသော(သို့မဟုတ်)သတ်မှတ်ရက်ထက်ကျော်လွန်မှ ရောက်ရှိလာသောလျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၂။ ရေးဖြေစာမေးပွဲ လာရောက်ဖြေဆိုရာတွင်လည်းကောင်း၊ လူတွေ့စစ်ဆေးခံရန် လာရောက်သည့်အခါတွင်လည်းကောင်း မိမိစရိတ်ဖြင့် လာရောက်ကြရမည်။

၁၃။ ရေးဖြေစာမေးပွဲ အောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်းပြုပါမည်။

၁၄။ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်တွင် အနည်းဆုံးငါးနှစ် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

**ပြည်ထောင်စုရှေ့နေချုပ်ရုံး**


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီး အစိုးရ၏ငွေလုံးငွေရင်းဖြည့်စွက်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်ချောင်းတူးဖော်ခြင်းလုပ်ငန်းနှင့် တာတည်ဆောက်ခြင်းလုပ်ငန်းများအတွက် လုပ်ငန်းဆောင်ရွက်လိုသူများမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၃၀-၁၂-၂၀၁၆ ရက်မှစ၍ ရုံးချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံးတွင် ရောင်းချမည်ဖြစ်ပြီး ၁၂-၁-၂၀၁၇ရက် မွန်းတည့် ၁၂နာရီနောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၂၃၃၆၄၀၂၊ ၀၁-၅၇၇၅၅၃တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2C/6861၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)**

## ပျောက်ဆုံးကြောင်း

ကျွန်တော်ကျော်ဇေယျ CDC 42353 ၏ BST, W/K, EDH, PSC လက်မှတ်များမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉ ၇၉၉၈၇၇၀၂၄**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၆-၁၂-၂၀၁၆ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၆)ပါ တောင်တွင်းကြီးမြို့နယ် တရားရုံးတော်၏ ငြင်းချက်ထုတ်ရန် သမ္မန်စာကြော်ငြာတွင် (ဌေးဌေးလွင်)တွဲဖက်မြို့နယ်တရားသူကြီး၊ တောင်တွင်းကြီးမြို့နယ်တရားရုံးဟု ပြင်ဆင်ဖတ်ရှုပါရန်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးအာလ်ဘန်၏ သား ကျုံပျော်မြို့နယ်၊ မလှပန်းအုပ်စု၊ မိုးကြိုးပစ် အညာတန်းနေ ဦးဘင်ဂျာမင် ၁၄/ကကန(နိုင်) ၀၁၄၃၄၂ နှင့် ဦးဘင်ဂျာမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁)၊ ရန်ကုန်တိုင်းဒေသကြီးရုံးမှ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီး အစိုးရအဖွဲ့ ဖြည့်စွက်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တွံတေးမြို့နယ်၊ တိုက်ကြီးမြို့နယ်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်နှင့် ထန်းတပင်မြို့နယ်များအတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချခြင်း** - ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ အမှတ် ၅၄၉၊ သီတာဆိပ်လမ်းသွယ်၊ (၃)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်။

**တင်ဒါတင်သွင်းခြင်းနှင့် စိစစ်ရွေးချယ်မည့်နေရာ** - ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ခန်းမ(၃)

**တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၃၀-၁၂-၂၀၁၇ရက်

**တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၁၂-၁-၂၀၁၇ရက် ၁၆း၀၀နာရီ

**တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၁၃-၁-၂၀၁၇ရက် ၁၃း၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁)၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ ဖုန်း-၀၁-၂၀၂၁၇၁၊ ၀၁-၉၀၀၀၉၁၂ တို့သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

## မွေးသက္ကရာဇ်အမှန်

ရေဦးမြို့၊ ဖွဲ့သန်ကိုယ်ပိုင်အထက်တန်းကျောင်း ပဉ္စမတန်းမှ မောင်ဖွဲ့သန်၏ မွေးသက္ကရာဇ်အမှန်မှာ ၇-၂-၂၀၀၆ ဖြစ်ပါကြောင်း။

၇-၂-၂၀၀၆

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4I/6599၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ (နေပြည်တော်)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4K/9104၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ (ရွှာသာကြီး)**

## လူပျောက်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ဝါးတရာအုပ်စု၊ ရေတွင်းကုန်းကျေးရွာ၊ ကျော်မိသားစုဆေးခန်းနေ ဦးတင်မြ၏သား ဦးစောကျော်မြ ၃/ကကရ(နိုင်)၂၁၇၇၁၁သည် ၁၆-၁၂-၂၀၁၆ရက် နံနက် ၁၁နာရီတွင် နေအိမ်မှအပြင်သို့ ထွက်သွားရာ ပြန်ရောက်လာခြင်း မရှိသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ လက်ခံထားသူကို တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ပါကြောင်း။

**ဆက်သွယ်ရန် - ဖုန်း-၀၉-၇၇၁၇၅၂၃၆၆၊ ၀၉-၄၅၇၅၃၂၀၈၇**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

(ဦးမိုးဆွေ)-ဒေါ်ချောကလျာတို့၏သမီး ဗန်းမော်မြို့ အထက(၅) တတိယတန်း(A)မှ မအေးငြိမ်းစံနှင့် မခိုင်သဇင်မြင့်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**မအေးငြိမ်းစံ(ခ)မခိုင်သဇင်မြင့်**

## U Wynn Kyi Maung Challenging Courses of English

- ပြည်ပ ပညာသင်ဆု လျှောက်ထားလိုသူများ၊
- နယ်ဘက်/စစ်ဘက် အဆင့်မြင့်ရာထူးကြီးများနှင့် NGOs များတွင် တာဝန်ထမ်းဆောင်နေသူများ-တာဝန်ထမ်းဆောင်လိုသူများ၊
- အင်္ဂလိပ်စာ ဆရာအဖြစ် လုပ်ကိုင်အသက်မွေးဝမ်းကျောင်းပြုလိုသူများအတွက်ရည်စူး၍ အောက်ပါ Courses များကို အတတ်ဆွေးနွေး သင်ကြားပေးလျှက်ရှိသည်။

1. A One-to-One Special Course
2. The Rudiments of English Speaking Course
3. The Analytical Approach to Grammar A to Z Course
4. Translation plus Essay Course

**၂၀၁၇ ဇန်နဝါရီလ (၁)ရက်နေ့မှစ၍ တန်းခွဲသစ်များ ဖွင့်မည်။**

၃၃ လမ်း (ဗိုလ်ချုပ်လမ်းထိပ်)၊ ခိုင်ရွှေဝါစားသောက်ဆိုင်အပေါ်ထပ်၊ ရန်ကုန်။

: 09 431 223 60 : 09 782 310 041 ☎: 01 584 997

## ပျောက်ဆုံးကြောင်း

ကျွန်တော်စောကောင်းထက်မင်း၏ ၇/သကန(နိုင်)၀၃၈၀၆၃ (ဘ)ဦးသန်းဇော်မင်း၏ နိုင်ငံကူးလက်မှတ် MA-602724 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၆၇၄၁၁၀၅**

## တစ်ဦးတည်းဖြစ်ပါကြောင်း

သထုံမြို့နယ်၊ သုဝဏ္ဏဝတီမြို့၊ သိမ်ဆိပ်နေ ဦးမောင်ဇော် ၁၀/သထန(ပြု)၀၀၀၀၆၁ - ဒေါ်ကြည်ကြည်ဝင်း ၁၀/သထန(နိုင်)၁၁၄၉၂၂ တို့၏သမီး အထက(သိမ်ဆိပ်) တက္ကသိုလ်ဝင်တန်း(A)မှ မယွန်းဝတီ(ခ)မဌေးဌေးဝင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မယွန်းဝတီ(ခ)မဌေးဌေးဝင်း**

## ယဉ်ကျေးမှုအနုပညာရပ်များဖလှယ်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများကြား မတူကွဲပြားပြီး ကြွယ်ဝစုံလင်သည့် ယဉ်ကျေးမှုအနုပညာရပ်များ အပြန်အလှန်ဖလှယ်နိုင်ရေးအတွက် မြန်မာ့ယဉ်ကျေးမှုအက၊ အလှ၊ ပဒေသာအဖွဲ့များသည် ဒီဇင်ဘာ ၂၆ ရက်မှ ၂၉ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့၌ ကျင်းပမည့် ASEAN-China Joint Cultural Performance Connectivity in Diversity သို့တက်ရောက်ဖျော်ဖြေရန် ဒီဇင်ဘာ ၂၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကမ္ဘောဒီးယားနိုင်ငံသို့ ထွက်ခွာသွားသည်။

အဆိုပါအဖွဲ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်အရာရှိတစ်ဦး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အုပ်ချုပ်သူအရာရှိတစ်ဦး၊ အနုပညာရှင်လူငယ်မောင်မယ် ၂၀ တို့ လိုက်ပါသွားကြပြီး မြန်မာ့ယဉ်ကျေးမှုအက၊ အလှ၊ ပဒေသာများဖြင့် ဝေဝေဆာဆာတင်ဆက်ကပြသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

..........................................

## မြန်မာနိုင်ငံ ဖွံ့ဖြိုးမှုပညာအသင်း စကားဝိုင်းဆွေးနွေးပွဲ ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၂၈**

မြန်မာပြည်သူပြည်သားများ၏ လူမှုစီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်စေရန် ရည်ရွယ်ပြီး မြန်မာနိုင်ငံဖွံ့ဖြိုးမှုပညာအသင်းအား ဖွဲ့စည်းခဲ့သည်။ အသင်း၏ ရည်ရွယ်ချက်မှာ ဖွံ့ဖြိုးမှုပညာနှင့် သက်ဆိုင်သည့် ပညာရပ်ဆိုင်ရာသဘောတရားများနှင့် လက်တွေ့ဖြစ်ရပ်များကို စဉ်ဆက်မပြတ်လေ့လာပြီး ထိုအကြောင်းအရာများကို အများပြည်သူသိရှိစေရန် စာတမ်းဖတ်ပွဲများ၊ စကားဝိုင်းဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း အကြံပြုချက်များပြုစု၍ပြည်သူလူထုထံဖြန့်ဝေခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ရန်ဖြစ်သည်။ ပထမအကြိမ်မြောက် စကားဝိုင်းဆွေးနွေးပွဲကို opportunities challenges of Myanmar Leading to National Development ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၇ ရက် နံနက် ၉ နာရီမှ ၁၂ နာရီအထိ ရန်ကုန်စီးပွားရေးတက္ကသိုလ် (ကမာရွတ်နယ်မြေ)ရှိ နီလာရတုခန်းမ၌ ကျင်းပမည်ဖြစ်သည်။

စကားဝိုင်းဆွေးနွေးပွဲတွင် ဒေါက်တာကျော်မင်းထွန်း (အငြိမ်းစားဒုတိယပါမောက္ခချုပ်)က Moderator အဖြစ် ဆောင်ရွက်ပြီး ဦးကျော်ဝင်း (စာရေးဆရာကျော်ဝင်း)၊ ဒေါ်ဝင်းမင်းသန်း (အငြိမ်းစားကထိက)၊ ဒေါက်တာဌေးလွင် (ကျန်းမာရေးအကြံပေး)၊ ဦးအောင်ထွန်းဝင်း(ဒုတိယညွှန်ကြားရေးမှူး-ဗဟိုဘဏ်)တို့က နိုင်ငံ့စီးပွားရေး၊ ခရီးသွားလုပ်ငန်း၊ ကျန်းမာရေးနှင့် ဘဏ်လုပ်ငန်းဆိုင်ရာအကြောင်းအရာများကို စုံလင်စွာ ပါဝင်ဆွေးနွေးသွားကြမည်ဖြစ်သည်။ ဘွဲ့ရကျောင်းသား ကျောင်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေပေးသည့်အနေဖြင့် အလုပ်အကိုင်ပြပွဲနှင့် အလုပ်အကိုင်ရှာဖွေလျှောက်ထားပုံနည်းလမ်းများကို ဆွေးနွေးပေးခြင်းတို့ကိုလည်း စီးပွားရေးတက္ကသိုလ် မြက်ခင်းပြင်၌ ပူးတွဲကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## မြို့လူထုကျန်းမာရေးလိုက်စားနိုင်ရန် အားကစားလေ့ကျင့်ခန်းသုံး ပစ္စည်းများထားရှိပေး



**သာစည် ဒီဇင်ဘာ ၂၈**

မြို့နယ်လူထု အားကစားလိုက်စား၍ ကျန်းမာရေးကို အထောက်အကူပြုသည့် လေ့ကျင့်ခန်းများ နေ့စဉ်ပြုလုပ်နိုင်ရန် အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ပြည်သူ့ဆေးရုံကြီးအနီး စည်သာပန်းခြံရှေ့မျက်နှာစာ မြေကွက်လပ်တွင် ဒီဇင်ဘာ ၁၅ရက်မှစတင်၍ ကျန်းမာရေးသုံး အားကစားပစ္စည်းများ ထားရှိပေးထားရာ နေ့စဉ်နံနက်အစောနှင့် ညနေပိုင်းတို့၌ အားကစားလိုက်စားကြသည့် သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များလာရောက်၍ လေ့ကျင့်ကစားနေကြသည်ကို တွေ့ရသည်။

အဆိုပါကျန်းမာရေးသုံးအားကစားပစ္စည်းများမှာ စက်ဘီးစီးလေ့ကျင့်ခန်းသုံးပစ္စည်းများ၊ ခါးလှည့်လေ့ကျင့်ခန်းသုံးပစ္စည်းများ၊ လမ်းလျှောက်လေ့ကျင့်ခန်းသုံးပစ္စည်းများနှင့် လက်မောင်းလေ့ကျင့်ခန်းသုံးပစ္စည်းများ ဖြစ်ကြသည်။

**မောင်ကို(သာစည်)**

## လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကြက်တောင်ရိုက်ပြိုင်ပွဲကျင်းပမည်

**မန္တလေး ဒီဇင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး ကြက်တောင်ဆပ်ကော်မတီမှကြီးမှူး၍ ဇန်နဝါရီ ၂ ရက်မှ ၄ ရက်အထိ (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် တိုင်းဒေသကြီး ကြက်တောင်ဆပ်ကော်မတီဥက္ကဋ္ဌဖလား ကြက်တောင်ရိုက်ပြိုင်ပွဲကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ အားကစားနှင့် ကာယပညာသိပ္ပံအားကစားခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း အတွင်းရေးမှူး ဦးထွန်းနွယ်လင်းထံမှ သိရသည်။

အဆိုပါတိုင်းဒေသကြီး ကြက်တောင်ဆပ်ကော်မတီ ဥက္ကဋ္ဌဖလား နှစ်ယောက်တွဲ ကြက်တောင်ရိုက်ပြိုင်ပွဲတွင် သက်ငယ်လူသစ်တန်း၊ သက်ငယ်သာမန်တန်း၊ လူသစ်တန်း၊ သာမန်တန်း၊ အကြီးတန်းနှင့်အသက် ၅၀နှစ်အထက်နှစ်ယောက်တွဲပြိုင်ပွဲအမျိုးအစားများပါဝင်ပြီး သက်ငယ်တန်းပြိုင်ပွဲ များအတွက် အသက် ၂၀ နှစ်အောက် အမျိုးသား၊ အမျိုးသမီးများ ပါဝင်နိုင်ကာ ပြိုင်ပွဲကျင်းပရေးကော်မတီမှ လက်ရည်သတ်မှတ်ပေးမည်ဖြစ်ပြီး သက်ငယ်လူသစ်တန်းနှင့် သက်ငယ်သာမန်တန်းနှစ်ယောက်တွဲပြိုင်ပွဲများ၌ ပါဝင်နိုင်ကြောင်း သိရသည်။ ထို့အပြင် အသက် ၅၀နှစ်နှင့်အထက် နှစ်ယောက်တွဲပြိုင်ပွဲ၌ ၁၉၆၇ ခုနှစ်နှင့် ရှေ့ပိုင်း မွေးဖွားသူများ၊ အမျိုးသမီးများလည်း ပါဝင်နိုင်ပြီး ပြိုင်ပွဲအမျိုးအစားတိုင်းကို ပြိုင်ပွဲကျင်းပရေး ကော်မတီကစီစဉ်ပြီး မဲစနစ်နှင့် လူတွဲဖက်ယှဉ်ပြိုင်စေမည်ဖြစ်၍ အသက်မှန်ကန်မှုစစ်ဆေးနိုင်ရန် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ မွေးစာရင်းမူရင်းတင်ပြကြရန်နှင့် ပြိုင်ပွဲဝင်ကစားသမားတစ်ဦးသည် ပြိုင်ပွဲအမျိုးအစားတစ်မျိုးတည်းသာ ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်းနှင့် ပြိုင်ပွဲဝင်လိုသော အားကစားသမားများအနေဖြင့် သက်ငယ်တန်းများအတွက် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၊ ကျန်အတန်းများအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀ နှင့်အတူ ပြိုင်ပွဲဝင်စာရင်းများကို ဒုတိယဥက္ကဋ္ဌ ဖုန်း-၀၉-၂၀၀၂၀၁၈သို့ ဇန်နဝါရီ ၁ ရက် နံနက် ၉ နာရီ နောက်ဆုံးထားပြီး ဆက်သွယ်ပေးပို့ကြရန် အတွင်းရေးမှူးက ပြောသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## စလင်း၌ လူစီးလိုင်စင်(ဆိုင်ကယ်) လာရောက်ပြုလုပ်ပေး

**စလင်း ဒီဇင်ဘာ ၂၈**

ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာန ခရိုင်ရုံး (မင်းဘူး)မှ ဦးစီးမှူး ဦးသန်းနိုင်ဦး ဦးဆောင်သော ကညနဝန်ထမ်းများသည် ဒီဇင်ဘာ ၂၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းဝေးခန်းမ၌ လူစီးလိုင်စင်(ဆိုင်ကယ်) ပြုလုပ်ပေးခဲ့သည်။

ရှေးဦးစွာ မင်းဘူးကညနမှ ဦးစီးမှူးဦးသန်းနိုင်ဦးက လူစီးလိုင်စင်ပြုလုပ်မည့်သူများကို အစည်းဝေးခန်းမတွင် စုစည်းပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြောပြခဲ့သည်။ ယင်းနောက် လူစီးလိုင်စင်အဆိုပြုလွှာတင်ထားသူများကို သတ်မှတ်ကွင်းတွင် လက်တွေ့ဆိုင်ကယ်စီးနင်းစစ်ဆေးမှုများပြုလုပ်ခဲ့ပြီး မင်းဘူးကညနမှ လူအင်အား ၈၀၀ ကို ကွင်းဆင်းပြီး လူစီးလိုင်စင်(ဆိုင်ကယ်)ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဒီဇင်ဘာ ၁၄ ရက်မှ ၂၀ ရက်အထိ အသစ်ထွက်ရှိသော စာအုပ်စာရင်း

*ယမန်နေ့မှအဆက်*

| စဉ် | စာအုပ်အမည် | စာရေးသူအမည် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၆၂။ | ကျန်းမာရေးဆိုင်ရာ သတင်းနှင့် ဗဟုသုတများ (အမှတ်-၂) | ဒေါက်တာအေးကျော် (ဇီဝကမ္မဗေဒ) | ၂၅၀၀ | ပြည်မြန်မာစာပေ |
| ၆၃။ | ခေါင်းဆောင်များ၏ခေါင်းဆောင်မှု | ဗိုလ်မှူးချုပ် မြင့်ကိုကို(ငြိမ်း) မြန်မာပြန် | ၂၄၀၀ | မြဝတီစာပေ |
| ၆၄။ | မြူမှုန်လေလားလွမ်းငွေ့လားနှင့် ငယ်လက်ရာ ဝတ္ထုတိုများ | မင်းရွှေသိန်း (ဇင်းကျိုက်) | ၁၅၀၀ | မြတ်ပန်းရဂုံစာပေ |
| ၆၅။ | ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်များ အတ္ထုပ္ပတ္တိ | မောင်ကျော်ဇော် (သံတမန်) | ၂၀၀၀ | ကြယ်စင်စာပေ |
| ၆၆။ | သဘာဝသိပ္ပံ | ဗန်းမော်တင်အောင် | ၄၀၀၀ | မြနန္ဒာစာပေ |
| ၆၇။ | အိန်စတိန်းနှင့် သူ၏ဓမ္မတရား | ဗန်းမော်တင်အောင် | ၅၀၀၀ | မြနန္ဒာစာပေ |
| ၆၈။ | ပါပီလွန်နှင့် ဗင်ကို | ဦးလှဝင်း (လေသူရဲတစ်ဦး) | ၆၅၀၀ | ရတနာပုံ စာပေ |
| ၆၉။ | ခေတ်သစ်မေသို့ | ဇေရီပြုံး | ၂၅၀၀ | ရတနာသိုက်စာပေ |
| ၇၀။ | ဘာသာတရားကို စောင့်ရှောက်ပုံ ဆိုသည်မှာ | သန္တာမြေ-အရှင်ပညာဝံသ | ၁၅၀၀ | ရန်အောင်စာပေ |
| ၇၁။ | သိကြားကြောက် အတွေးရသစာစုများ | ဦးဘုန်း (ဓာတု) | ၂၀၀၀ | လင်းလွန်းခင်စာပေ |
| ၇၂။ | မရှိမဖြစ် ဥပဒေ | ယုတီကေ | ၂၅၀၀ | လတ်မဟာစာပေ |
| ၇၃။ | သူ့ဘဝ အကြောင်း တစေ့တစောင်း | ဆန်းထွန်း (မန်းတက္ကသိုလ်) | ၄၀၀၀ | လူထု (မန္တလေး) |
| ၇၄။ | ပိဋကတ်စာပေလက်ရာများ | ဆန်းထွန်း (မန်းတက္ကသိုလ်) | ၄၃၀၀ | လူထု (မန္တလေး) |
| ၇၅။ | နှလုံးလှ ကလေးကဗျာများ (၁) | မဟောသဓာ (နှလုံးလှဆရာတော်) | ၁၅၀၀ | သင်းစာပေ |
| ၇၆။ | အစိမ်းရောင်ဟိုတယ်များကို တိုင်းသည့်ပေတံများနှင့် သဘာဝပတ်ဝန်းကျင်အတွက် အစိမ်းရောင်ခြေရာ | ဒေါက်တာထွန်းဝင်း | ၂၀၀၀ | သရဖီထွန်းဝင်းစာပေ |
| ၇၇။ | နှလုံးသားနန်းတော် | ဇွဲဟိန်း | ၂၀၀၀ | သုခမြိုင်စာပေ |
| ၇၈။ | ဥပါဒါနက္ခန္ဓာကို ထိုးထွင်းသိမြင်ပြီး ကိုယ်ပိုင်ဉာဏ်ဖြစ်လျှင် သံသရာမှလွတ်ပြီ | ဗိုလ်မှူးတင်စိုး (ငြိမ်း-ရေ) | ၃၀၀၀ | ဟန်သာဆု စာပေ |
| ၇၉။ | ဝင်္ကြွေးရယ်ပြေနှင့် အခြားဝတ္ထုလတ်စုစည်းမှု | ဇော်ညီညီ (နေပြည်တော်) | ၂၀၀၀ | အနာဂတ်အိပ်မက်စာပေ |
| ၈၀။ | သီပေါ၏မဟေသီ | ပါရဂူ (မြန်မာပြန်) | ၂၅၀၀ | အားမာန်သစ်စာပေ |
| ၈၁။ | ဂန္ဒီ (သို့မဟုတ်) မဟာလူသား | မင်းပုည | ၆၀၀ | အားမာန်သစ်စာပေ |
| ၈၂။ | ဒေါသကုမ္မာရ်(၁၂)ဦး | ညီနောင် | ၂၀၀၀ | အရှေ့ဘက်ကောင်းကင်စာပေ |
| ၈၃။ | ရွှေဂူရှင်မ | တာတေ | ၁၅၀၀ | အရှေ့ဘက်ကောင်းကင်စာပေ |
| ၈၄။ | သီပေါမင်း၏ ဘဝနေဝင်ချိန်နှင့် အခြားသုတ-ရသစာစုများ | နန္ဒာမောင်၊ သံဖြူဇရပ် | ၂၅၀၀ | အရှေ့ဘက်ကောင်းကင်စာပေ |
| ၈၅။ | ငယ်ချစ် (ကဗျာစုစည်းမှု) | နန္ဒာမိုးကြယ် | ၂၀၀၀ | အရှေ့ဘက်ကောင်းကင်စာပေ |
| ၈၆။ | ယခုဘဝ၊ နောင်ဘဝ ကောင်းစားရေး | သိက္ခာတော်ရဆရာ ဦးမန်ရှင်းစိန် | ၃၅၀၀ | ဦးမန်ရှင်းစိန် |
| ၈၇။ | အားလုံးသမ္မတနှင့် အခြားဝတ္ထုတိုများ | မြတ်ကိုကို (ရက္ခ) | ၂၀၀၀ | ရောသစ္စာစာပေ |
| ၈၈။ | သမီးလေးဖတ်ဖို့ လက်ရွေးစင် (၁) | ကောင်းသန့် | ၅၀၀ | ကောင်းသန့်စာပေ |
| ၈၉။ | သမီးလေးဖတ်ဖို့ လက်ရွေးစင် (၄) | ကောင်းသန့် | ၅၀၀ | ကောင်းသန့်စာပေ |
| ၉၀။ | သမီးလေးဖတ်ဖို့ လက်ရွေးစင် (၃) | ကောင်းသန့် | ၅၀၀ | ကောင်းသန့်စာပေ |
| ၉၁။ | သမီးလေးဖတ်ဖို့ လက်ရွေးစင် (၂) | ကောင်းသန့် | ၅၀၀ | ကောင်းသန့်စာပေ |
| ၉၂။ | ဖန်ပြာခွက်နှင့် ကျောက်စက်ရေ ကဗျာများ | မောင်ကြူးရင့် | ၁၅၀၀ | ဆောင်းစုရတီစာပေ |
| ၉၃။ | မသိစိတ်နဲ့မက်တဲ့ အိပ်မက်ကဗျာ | မောင်သစ်ကြည် | ၁၀၀၀ | ဆောင်းစုရတီစာပေ |
| ၉၄။ | အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာဘုရားဖူး ခရီးသွားမှတ်တမ်းကဗျာများ | ဦးဂိလာသဂ္ဂ | ၁၀၀၀ | ဆောင်းစုရတီစာပေ |

*(ဆက်လက်ဖော်ပြပါမည်)*

# သစ်တောသုတေသနဌာန နှစ်ပတ်လည်စာတမ်းဖတ်ပွဲဖွင့်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော်  ဒီဇင်ဘာ ၂၈**
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောသုတေသနဌာနနှစ်ပတ်လည် စာတမ်းဖတ်ပွဲဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက်က သစ်တောသုတေသနဌာန (စုဝေးခန်းမ) ရေဆင်း၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တက်ရောက် အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် သုတေသနလုပ်ငန်းများသည် အခြေခံကျပါကြောင်း၊ ယခုနှစ်ပိုင်းအတွင်း သစ်စေ့သိုလှောင်ခန်း၊ ဇီဝနည်းပညာဓာတ်ခွဲခန်း၊ တစ်သျှူးဓာတ်ခွဲခန်း၊ ဇီဝမျိုးစုံမျိုးကွဲ ဓာတ်ခွဲခန်း၊ ရေဓာတ်ခွဲခန်း၊ သစ်တောသုတေသနမှ ထုတ်လုပ်သည့် A1 စွမ်းအားမြှင့်မီးဖိုအပါအဝင် ပုဂ္ဂလိကထုတ် စွမ်းအားမြှင့်မီးဖိုအမျိုးမျိုး၏ စွမ်းဆောင်ရည်နှင့် ကာဗွန်ထုတ်လွှတ်မှု စမ်းသပ်ဓာတ်ခွဲခန်းများကို အသစ်တည်ဆောက်ခြင်း၊ အကြီးစားပြုပြင်မွမ်းမံခြင်း၊ ခေတ်မီဓာတ်ခွဲခန်းသုံးပစ္စည်းများဝယ်ယူ ဖြည့်တင်းခြင်းများအတွက် ဌာနရန်ပုံငွေအပါအဝင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ အကူအညီဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ အရည်အသွေးပြည့်မီသောသစ်စေ့နှင့် ပျိုးပင်များ စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရေးအတွက် သုတေသနစခန်းများ အဆင့်မြှင့်တင်ခြင်း၊ ပြုပြင်မွမ်းမံခြင်းများ ဆောင်ရွက်နိုင်ရန် ပံ့ပိုးပေးလျက်ရှိကြောင်း ပြောကြားသည်။

ယခုပြုလုပ်သည့် သုတေသနစာတမ်းဖတ်ပွဲတွင် စာတမ်းစုစုပေါင်း(၂၅) စောင်အနက် အသုံးချသိပ္ပံဘာသာရပ်အနေဖြင့် ၂၂ စောင်၊ အခြေခံဘာသာရပ် သုံးစောင်ဖြစ်ကြောင်း၊ ဘာသာရပ်အလိုက်အနေဖြင့် သစ်တောမျိုးရိုးဗီဇနှင့် သစ်မျိုးသန့်ပြန့်ပွားခြင်းဘာသာရပ် နှစ်စောင်၊ သစ်တောပြုစုပျိုးထောင်ခြင်း ဘာသာရပ် လေးစောင်၊ အပင်မျိုးခွဲခြားခြင်း ဘာသာရပ် တစ်စောင်၊ သစ်တောစီမံခန့်ခွဲမှုနှင့် မြေအသုံးချမှုဘာသာရပ် နှစ်စောင်၊ ရာသီဥတုပြောင်းလဲမှု၊ သတ္တုနှင့် သဘာဝပတ်ဝန်းကျင်ရေးရာဘာသာရပ် လေးစောင်၊ သစ်အသုံးချဘာသာရပ် ငါးစောင်၊ ပိုးမွှားကာကွယ်ခြင်းဘာသာရပ် နှစ်စောင်၊ သီးနှံသစ်တောနှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဘာသာရပ် လေးစောင်၊ စာကြည့်တိုက်စီမံမှု တစ်စောင်တို့ဖြစ်ပြီးသစ်တော၊ သတ္တုနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်မည့် စာတမ်းများဖြစ်ပါကြောင်း ဝန်ကြီးက ဆက်လက်ပြောကြားသည်။

**(သတင်းစဉ်)**



# မြန်မာ GAP နည်းပညာပေးဆွေးနွေးပွဲနှင့် ကွင်းသရုပ်ပြပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၈**
ဟင်းသီးဟင်းရွက် သစ်သီးဝလံစိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ GAP နည်းပညာပေးဆွေးနွေးပွဲနှင့် ကွင်းသရုပ်ပြပွဲကို ဒီဇင်ဘာ ၂၆ ရက်က နေပြည်တော် ပျဉ်းမနားမြို့နယ် စိုက်ပျိုးရေးသိပ္ပံအနီး ခရေလမ်းနှင့် တပ်ပိုးလမ်းထောင့်ရှိ မြန်မာ GAP တောင်သူပညာပေးစိုက်ကွင်းအတွင်း၌ ပြုလုပ်ခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက “ GAP (စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ) ဆိုတာက မြေစတင်ပြုပြင်စိုက်ပျိုးထုတ်လုပ်ချိန်မှ စားသုံးသူလက်ဝယ်ရောက်တဲ့အထိ ထုတ်လုပ်မှုကွင်းဆက်တိုင်းမှာ အန္တရာယ်ဖြစ်စေတဲ့ ညစ်ညမ်းမှုတွေ အနည်းဆုံးဖြစ်စေဖို့ လိုက်နာရမယ့် နည်းလမ်းတွေကို စုစည်းထားတဲ့ စံလုပ်ထုံးလုပ်နည်းလမ်းညွှန်မှုတွေဖြစ်တယ်။

ရည်ရွယ်ချက်တွေကတော့ အစားအစာတွေဘေးအန္တရာယ်ကင်းရှင်းရေး၊ သီးနှံအရည်အသွေး ထိခိုက်ပျက်စီးဆုံးရှုံးမှုတွေကို ထိန်းသိမ်းကာကွယ်နိုင်ရေး၊ ရေရှည်တည်တံ့ခိုင်မြဲတဲ့ စိုက်ပျိုးရေးနည်းစနစ်တွေ ထူထောင်လာနိုင်ရေးနဲ့ လုပ်သားတွေရဲ့ ကျန်းမာရေး၊ လူမှုဘဝ သာယာဝပြောရေးကို အလေးထားဆောင်ရွက်နိုင်ဖို့တွေဖြစ်ပါတယ်” ဟု ပြောသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်အောင်က “ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးတွေ အလွန်အကျွံအသုံးပြုလာကြတဲ့အတွက် စားသုံးသူတွေရဲ့ ကျန်းမာရေးကို ထိခိုက်လာတယ်။ ဓာတုပစ္စည်းတွေ သက်ရှိအဏုဇီဝပိုးမွှားတွေနဲ့ အခြားပိုးမွှားတွေ၊ သက်မဲ့ ရုပ်ဝတ္ထုပစ္စည်းတွေကြောင့် အစားအစာတွေမှာ ညစ်ညမ်းမှုတွေ ဖြစ်လာစေပါတယ်။ ဓာတုဆေးတွေ၊ စက်ဆီ၊ ချောဆီတွေ၊ သန့်ရှင်းရေးသုံး ဓာတုဆေးတွေကို စနစ်တကျသုံးရပါတယ်။ ခွင့်ပြုပမာဏအတိုင်း စနစ်တကျ မှန်မှန်ကန်ကန်နဲ့ သုံးတတ်ရင် ကောင်းကျိုးရှိပေမယ့် နည်းလမ်းမမှန်ရင်တော့ အန္တရာယ်ရှိပါတယ်။ ဒီဆေးတွေကြောင့် လူတွေမှာသတိမေ့တတ်တာတွေ၊ ကင်ဆာရောဂါတွေ၊ မူးမေ့အော့အန်တာတွေ၊ အသည်းနဲ့ ပတ်သက်တဲ့ ရောဂါတွေ ဖြစ်တတ်ပါတယ်” ဟု ပြောသည်။

အဆိုပါစိုက်ကွင်းမှာ ၆ ဒသမ ၆၄ ဧက အကျယ်ရှိပြီး သင်္ဘော၊ မာလကာ၊ သခွားမွှေး၊ ခရမ်းချဉ်သီးနှင့်တန်ဖိုးမြင့်သီးနှံ အပါအဝင် စိုက်ပျိုးသီးနှံအမျိုးပေါင်း ၃၀ နှင့် သီးနှံမျိုးကွဲပေါင်း ၅၀ တို့ကို စိုက်ပျိုးထားရှိကာ မြန်မာ GAP စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ နှင့်ပတ်သက်၍ တောင်သူနှင့် လုပ်ငန်းရှင်များ စိတ်ပါဝင်စားသူမည်သူမဆိုလာရောက် လေ့လာမေးမြန်းဆွေးနွေးနိုင်ကြောင်း၊ မြန်မာ GAP နည်းဖြင့် စိုက်ပျိုးထုတ်လုပ်ထားသော သီးနှံဟင်းသီးဟင်းရွက်များကိုလည်း ဝယ်ယူစားသုံးနိုင်ကြောင်း သိရသည်။

**ကိုပေါက်(ဥက္ကာမြေ)**




# ဂုဏ်ထူးဆောင်နာယက ဖလားအလေးမနှင့် မောင်မယ်ပြိုင်ပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၈**
နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် အလေးမနှင့် ကာယကြံ့ခိုင်ရေးကော်မတီ ဂုဏ်ထူးဆောင်နာယက ဖလား၊ လူသစ်တန်း အလေးမနှင့် မောင်မယ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၂၆ ရက်က ပျဉ်းမနားမြို့ အေးငြိမ်းချမ်းသာ ဘိုးဘွားရိပ်သာရှိ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပခဲ့သည်။

အခမ်းအနား၌ အလေးမမောင် ၅၀ ကီလိုတန်း၊ ၅၆ ကီလိုတန်း၊ ၆၀/၆၂ ကီလိုတန်း၊ ၆၉ ကီလိုတန်း၊ ၇၀ ကီလိုတန်းနှင့် ၇၅ ကီလိုတန်း စသည်ဖြင့် ကီလိုတန်းအလိုက် ယှဉ်ပြိုင်ကြပြီး ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြသည်။

ထို့နောက် ကာယအလှမယ် လူသစ်တန်းမယ်ပြိုင်ပွဲ ဆက်လက်ကျင်းပရာ အရပ် ၅ ပေ ၃ လက်မအောက် မယ်ပြိုင်ပွဲတွင် မယွန်းပိုးဖြူက ပထမ၊ မဖြူဖြူခိုင်က ဒုတိယ၊ မအိန္ဒြာမောင်ထွေးက တတိယဆုရရှိ၍ အရပ် ၅ ပေ ၃ လက်မအထက် မယ်ပြိုင်ပွဲတွင် မဝင်းသီရိက ပထမဆု၊ မသိန်းသိန်းထိုက်က ဒုတိယဆု၊ မယမင်းက တတိယဆုတို့ ရရှိကြပြီး ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# ကျောင်းဆောင်သစ်ဖွင့်ပွဲကျင်းပ

**ရွှေကူ ဒီဇင်ဘာ ၂၈**
ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် နောင်လက်ကြီးကျေးရွာအုပ်စု ဝင်ဝကျေးရွာ၌ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်ကျောင်းဆောင်သစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၄ ရက်က ဝင်ဝကျေးရွာ အခြေခံပညာမူလတန်းကျောင်းဆောင်ရှေ့၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်ကာ ဖွင့်လှစ်ပေးခဲ့ကြသည်။

ထို့နောက် ရွှေကူမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇာနည်မင်းက အမှာစကားပြောကြားပေးခဲ့ရာတွင် နိုင်ငံတစ်နိုင်ငံတိုးတက်မြင့်မားဖို့ဆိုလျှင် လူသားအရင်းအမြစ်သည် အရေးကြီးကြောင်း၊ ထို့ကြောင့် ပညာတတ်လူငယ်များ အများဆုံးမွေးထုတ်ပေးဖို့ လိုအပ်ကြောင်း၊ ပညာရေးသည် အခြေခံအကျဆုံး လိုအပ်ချက်များဖြစ်ကြောင်း ပြောကြားသည်။

**နေလင်းအောင်(ရွှေကူ)**

# ဂျပန်-မြန်မာစာတမ်းဖတ်ပွဲကျင်းပ

**နေပြည်တော်  ဒီဇင်ဘာ ၂၈**
နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဂျပန်နိုင်ငံမှ မစ်ဆူအီကုမ္ပဏီနှင့် တိုကျိုစိုက်ပျိုးရေးတက္ကသိုလ်တို့ပူးပေါင်း၍ ဂျပန်-မြန်မာစာတမ်းဖတ်ပွဲကို ဒီဇင်ဘာလ တတိယပတ်က ကျင်းပသည်။

စာတမ်းဖတ်ပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဒေါက်တာတင်ထွဋ်၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်နှင့် ဂျပန် မစ်ဆူအီကုမ္ပဏီဥက္ကဋ္ဌတို့က အမှာစကားပြောကြားခဲ့ကြသည်။ စာတမ်းဖတ်ပွဲသို့ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဒုတိယ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ ဘွဲ့ကြို၊ ဘွဲ့လွန်ကျောင်းသား ကျောင်းသူ စုစုပေါင်း ၆၀၀ ကျော်တက်ရောက်ခဲ့ကြသည်။ စာတမ်းဖတ်ပွဲ၌ တိုကျိုစိုက်ပျိုးရေး တက္ကသိုလ်မှ ပါမောက္ခ Dr. Noriziki Iwamoto က “Agricultural Development and Policy Frameworks” ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ပြီး ပါမောက္ခ Dr. Yuji Yamamoto က “The Effect of Brown Rice Consumption against Non-alcoholic fatty Liver” ခေါင်းစဉ်ဖြင့် ဟောပြောပို့ချခဲ့ရာ တက်ရောက်လာသူများက မေးခွန်းများ အပြန်အလှန် မေးမြန်းခဲ့ကြသည်။

ယခုအကြိမ်ပြုလုပ်ခဲ့သော ဂျပန်-မြန်မာစာတမ်းဖတ်ပွဲသည် စတုတ္ထအကြိမ်မြောက် ပြုလုပ်သောစာတမ်းဖတ်ပွဲဖြစ်သည်ဟုသိရှိရပြီး နှစ်စဉ်ကျင်းပပြုလုပ်သွားရန် အစီအစဉ်ရှိကြောင်း သိရသည်။

**မေမိုးသဲ**

# တပ်ကုန်းမြို့နယ်၌ မုန်လာဥစိုက်တောင်သူများ ဈေးကောင်းရ၍ စီးပွားရေး အဆင်ပြေ

**တပ်ကုန်း  ဒီဇင်ဘာ ၂၈**
နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ဆင်သေချောင်းရိုးတစ်လျှောက်အနီးရှိ နွယ်ရစ်၊ ကျားသေအိုင်၊ ဆင်သေ၊ ခြံကြီး၊ ရွှေးစု၊ ရွှေဥဒေါင်း၊ ပေါက်ပင်သာ၊ ဂွေးပင်၊ ကင်မွန်းတန်း (ရှေ့)၊ ကင်မွန်းတန်း(န)၊ ညောင်ပင်သာ၊ ရှားတော၊ ရေအေးကျေးရွာတို့တွင် ဆောင်းသီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ နိုဝင်ဘာလဒုတိယပတ်က ဆင်သေချောင်းရေကြီး၊ ရေလျှံမှုကြောင့် ဆောင်းသီးနှံခင်း အများအပြားပျက်စီးခဲ့သည်။ ရေဝင်ရောက်မှုမရှိသော သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး ဆောင်းသီးနှံတစ်မျိုးဖြစ်သည့် မုန်လာဥလှိုင်လှိုင်ပေါ်ချိန် ဈေးကောင်းရ၍ စိုက်ပျိုးထားသည့် တောင်သူများနှင့် ရောင်းဝယ်သော ပွဲစားများလည်း ယခင်နှစ်ကထက် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

“ဒီစိုက်ခင်းက ဒသမ ၃၀ ဧက စိုက်ပါတယ်။ ထွန်တစ်ရှဉ်း ငှားရမ်းခငွေကျပ် ၅၀၀၀၊ မျိုးစေ့တစ်ဘူး ငွေကျပ် ၅၀၀၀၊ စိုက်ပျိုးအလုပ်သမားခတစ်နေ့ ငွေကျပ် ၆၀၀၀၊ စုစုပေါင်းသွင်းအားစု ငွေကျပ် တစ်သိန်းရှစ်သောင်း ကုန်ကျပါတယ်။ အခုပေါက်ဈေးကတော့ မုန်လာဥငါးလုံးတစ်တွဲကို



ငွေကျပ် ၁၅၀ ရောင်းချရပြီး ငါးလုံးတစ်တွဲ တွဲထားတဲ့ အတွဲပေါင်း ၉၀၀၀ ရှိပါတယ်။ မုန်လာဥတွေ လတ်ဆတ်မှုကြောင့် ပွဲစားတွေအကြိုက်ဖြစ်ပြီး ကျေးရွာအရောက်ဝယ်ယူကြပါတယ်”ဟု ကျားသေအိုင်ကျေးရွာမှ မုန်လာဥစိုက်တောင်သူ ဦးမျိုးကျော်က ပြောပြသည်။

**တင်စိုးလွင် (တပ်ကုန်း)**

# လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်လာ၍ မြို့နယ်တိုင်းသို့ ခရီးပေါက်

**မိုးလွင်ဦး(လွိုင်လင်)**



မြန်မာနိုင်ငံအတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ရေပေါ်ရေအောက် မြေပေါ် မြေအောက် သယံဇာတ မြောက်မြားစွာရှိသည်။ တစ်မြို့နှင့်တစ်မြို့ ကုန်စည်စီးဆင်းမှု မြန်ဆန်မှန်ကန်စွာ စီးဆင်းနိုင်ရေးတွင် လမ်းတံတားကဏ္ဍသည်လည်း အရေးကြီးသလို ထိုလမ်းတံတားများ ကောင်းမွန်ရန်လိုအပ်သည်။ လမ်းတံတားများ ကောင်းမွန်ရန်အတွက် သက်ဆိုင်ရာနိုင်ငံတော်အစိုးရ တိုင်းဒေသကြီး ပြည်နယ်အစိုးရများ၏ ခွင့်ပြုရန်ပုံငွေများ ချမှတ်ပေးလျက်ရှိသည်။ သို့သော်လည်း ခွင့်ပြုရန်ပုံငွေများဖြင့် လမ်းတံတားများ ကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်ရန် နယ်မြေဒေသတည်ငြိမ်အေးချမ်းရန် လိုအပ်သည်။

လွိုင်လင်ခရိုင် လွိုင်လင်မြို့သည် အာဆီယံလမ်းမကြီးဖြစ်သော (AH 111) ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းကို ဆက်သွယ်ထားသောပြည်ထောင်စု လမ်းမကြီးနှင့် ရှမ်းပြည်နယ်တောင်ပိုင်းနှင့် အရှေ့ပိုင်းကိုဆက်သွယ်ထားသော (AH 2) ရှမ်းပြည်နယ်လမ်းမကြီးပေါ်တွင်တည်ရှိကာ ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်လျက်ရှိသည်။ ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင်အတွင်းတွင် မြို့နယ် ခုနစ်မြို့နယ်နှင့် မြို့နယ်ခွဲငါးခုရှိရာ မြို့နယ်အားလုံးကို လမ်းကွန်ရက်ဖြန့်ကြက်ထားပြီး ယခုအခါ ရာသီမရွေး အချိန်မရွေးသွားလာနိုင်သည့် လမ်းများဖြစ်သည်။

စာရေးသူသည် မိမိခရိုင်အတွင်းရှိ လမ်းတံတားများသည် တစ်မြို့နှင့် တစ်မြို့သွားလာရာတွင် အခက်အခဲမရှိ အလွယ်တကူသွားနိုင်ကြောင်း သိရ၍ လွိုင်လင်ခရိုင် မိုင်းနောင်မြို့နယ်ခွဲတွင် လမ်းဦးစီးဌာန လမ်းအင်ဂျင်နီယာတစ်ဦးက မိမိတို့ဆောင်ရွက်နေသော လမ်းချဲ့ခြင်းလုပ်ငန်း (ယခင်ကတ္တရာလမ်းအကျယ် ၁၂ ပေမှ ယခု လမ်းအကျယ် ၁၈ ပေ အထိ ) တိုးချဲ့ဆောင်ရွက်နေသည့် လုပ်ငန်းခွင်သို့ လိုက်ပါလေ့လာနိုင်ရန် ခေါ်ဆိုသဖြင့် ဒေသန္တရဗဟုသုတရရှိစေရန် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၇ ရက် နံနက်ပိုင်းက ၎င်းနှင့်အတူလိုက်ပါ၍ မှတ်တမ်းရယူခဲ့ပါသည်။

**လွိုင်လင် - ပင်လုံ - လဲချား - မိုင်းနောင် ကားလမ်း**

လွိုင်လင်မှ ပင်လုံ သို့ခြောက်မိုင်၊ လွိုင်လင်မှ လဲချားသို့ ၃၂ မိုင်၊ လွိုင်လင်မှ မိုင်းနောင်သို့ ၇၈ မိုင် ခရီးအကွာအဝေးကို နေ့ချင်းပြန်ခရီး သွားရောက်ခဲ့ပါသည်။ ယင်းနေ့ နံနက် ၉နာရီခွဲတွင် လွိုင်လင်မြို့မှ စတင်ထွက်ခွာခဲ့ရာ မိုင်းနောင်သို့ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ရောက်ရှိသည်။

လွိုင်လင်မှ မိုင်းနောင် ကားလမ်းတစ်လျှောက်တွင် လမ်းအကျယ် ၁၂ ပေမှ ၁၈ ပေအထိ တိုးချဲ့ရန် ကျောက်သဲ စုဆောင်းထားသည်ကိုလည်းကောင်း၊ အချို့နေရာများတွင် လုပ်ငန်းများဆောင်ရွက်နေသည်ကိုလည်းကောင်း တွေ့ရပြီး ခရီးသည်တင်ယာဉ်များ၊ ကုန်တင်ကားကြီးများ ဥဒဟိုသွားလာနေကြသည်။ လမ်းလုပ်ငန်းတစ်နေရာတွင် လုပ်ငန်းဆောင်ရွက်နေသည့် လမ်းလုပ်သားများထဲမှ တစ်ဦးကို သိလိုသည်များမေးမြန်းရာ “ကျွန်တော်တို့အဖွဲ့က ရမည်းသင်းဘက်ရွာက လာလုပ်ကြတာပါ။ ဟိုမှာက အလုပ်အကိုင်ရှားပါးတယ်။ ပြီးတော့ လုပ်အားခလည်း နည်းပါးတာကြောင့် ဒီရှမ်းပြည်ဘက်ကို လာရောက်လုပ်ကိုင်တာပါ။ အလုပ်လုပ်ရတာ အဆင်ပြေပါတယ်။ လုပ်အားခလည်း ပိုရတယ်။ လုပ်ငန်းအနေနဲ့ကတော့ တစ်ပေခွဲအနက် တစ်ပေအကျယ် ကျောက်စီတာကို ၄၀၀ ရပါတယ် ။ ကျွန်တော်တို့က ပုတ်ပြတ်လုပ်တာပါ။ စုစုပေါင်း လုပ်သား ၅၀ နဲ့လုပ်ပြီး တစ်ရက်ကို တစ်ဖာလုံကျော်ပြီးပါတယ်။ လက်ရှိလုပ်နေတာကတော့ လေးလလောက်ရှိပါပြီ”ဟု ပြောသည်။ အဆိုပါလမ်းလုပ်ငန်းသည် ရှမ်းပြည်နယ်အစိုးရ၏ဘဏ္ဍာငွေဖြင့် လမ်းချဲ့ခြင်းဖြစ်ကြောင်း တာဝန်ခံအင်ဂျင်နီယာထံမှ သိရသည်။

ထို့အတူ မိုင်းရှူးမှ မိုင်းနောင် - တောင်ကြီးသို့ သွားလာသည့် ခရီးသည်တင်ယာဉ်မောင်းတစ်ဦးက “ကျွန်တော်က တောင်ကြီး - လွိုင်လင် - လဲချား - မိုင်းနောင်- မိုင်းရှူးလမ်းပြေးဆွဲနေပါတယ်။ လက်ရှိလမ်းက တော်တော်ကောင်းနေတော့ တောင်ကြီးကနေ နံနက် ၇ နာရီထွက်ပြီး လမ်းခရီးနားတာနဲ့ဆို ညနေ ၃ နာရီခွဲ ၄ နာရီဆို ရောက်ပါတယ်။ အရင်ကဆိုမရောက်ပါဘူး။ လဲချားတို့ မိုင်းနောင်တို့မှာ ညအိပ်ရပါတယ်။ လမ်းခရီးလုံခြုံရေးက အေးချမ်းနေလို့ အများကြီး အဆင်ပြေတယ်။ လက်ရှိလမ်းအခြေအနေက တော်တော်ကောင်းနေပြီး လမ်းထပ်ချဲ့နေတာတွေ့ရတော့ ဝမ်းသာပါတယ်။ အစိုးရကိုလည်းကျေးဇူးတင်ပါတယ်” ဟု ပြောသည်။ အဆိုပါ လွိုင်လင် - မိုင်းနောင် - မိုင်းရှူး ကားလမ်းပေါ်တွင် ကီလိုမီတာ ၈၀ မှ ၁၀၀ အထိ မောင်းနှင်နိုင်ကြောင်း သိရသည်။

စာရေးသူတို့သည် မိုင်းနောင်မြို့တွင်းဝင်ရောက်ကာ နေ့လယ်စာ သုံးဆောင်ကြပြီး မြို့၏ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို လေ့လာကြည့်ရာ လွန်ခဲ့သော ဆယ်နှစ်ခန့်က အခြေအနေအတိုင်းပင် ပြောင်းလဲမှုမရှိ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျ နေသေးကြောင်း တွေ့ရသည်။ ယင်းကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေရခြင်းမှာ နယ်မြေဒေသအခြေအနေနှင့် လမ်းပန်းဆက်သွယ်ရေးမကောင်းခဲ့၍ ဖြစ်ကြောင်း၊ သို့သော် ယနေ့အခြေအနေတွင် နယ်မြေတည်ငြိမ်အေးချမ်းပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာကာ ကုန်စည်စီးဆင်းမှု မြန်ဆန်မှန်ကန်ပြီး မကြာသောကာလတွင် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

မိုင်းနောင်မြို့မှ လမ်းလုပ်ငန်းခွင်သို့သွားရောက်ပြီး တာဝန်ရှိသူက လမ်းများ စစ်ဆေးပြီးနောက် လွိုင်လင်မြို့သို့ ပြန်လည်ထွက်ခွာလာခဲ့ရာ ညနေ ၅ နာရီခွဲတွင် ရောက်ရှိသည်။ ဤခရီးလမ်းအပြင် လွိုင်လင်ခရိုင်အတွင်းရှိ မြို့နယ်များသို့ ဆက်သွယ်ထားသည့် ကားလမ်းသည်လည်း ထိုနည်းတူစွာ အလွယ်တကူသွားလာနိုင်ပြီး လမ်းတံတားများသည် ပန်းများအလားပွင့်နေ၍ သွားလမ်းသာလို့ လာလမ်းဖြောင့်ဖြူးနေပါသည်။

## ရွှေဘိုမြောင်းမတော်-မူး သံကူကွန်ကရစ်တံတား စတင်ဆောက်လုပ်



**ခင်ဦး ဒီဇင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ပေါင်းလှဲကုန်းကျေးရွာအုပ်စု အောင်ချမ်းသာကျေးရွာအနီး ရွှေဘိုမြောင်းမတော် (SMC) တူးမြောင်းပေါ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုလွှတ်တော် ရန်ပုံငွေမှ ခွင့်ပြုငွေကျပ် ၁၉၅ သိန်းဖြင့် အရှည်ပေ ၁၃၀၊ အကျယ် ၁၈ ပေခွဲ၊ သံကူကွန်ကရစ်တံတားကို ဒီဇင်ဘာ ၁၀ ရက်က စတင်ဆောက်လုပ်လျက်ရှိသည်။

ယခင်သစ်သားတံတားမှာ ဇွန် ၂၈ ရက် ညနေ ၅ နာရီက ကျွဲအုပ်များ ဖြတ်ကူးစဉ် တံတားအရှေ့ထိပ်နှစ်ခန်းမှာ ပြိုကျပျက်စီးသွားခဲ့သဖြင့် ခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးနိုင်နှင့် ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးမှူး ဦးစောသက်ခိုင်ဝင်းတို့က သွားရောက်ကြည့်ရှုပြီး မိုးစပါးရိတ်သိမ်းပြီး ဆည်ရေပြတ်ချိန်တွင် တံတားအသစ်ဆောက်လုပ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

“ယခင်သစ်သားတံတားဟောင်းမှာ ခေတ်အဆက်ဆက် ပြုပြင်အသုံးပြုခဲ့သော်လည်း ယခုအခါ သွားလာရာတွင် အန္တရာယ်ရှိနေပြီဖြစ်ကြောင်း၊ ယခု သံကူကွန်ကရစ်တံတားသစ် ဆောက်လုပ်ပေးသည့်အတွက် မူးအရှေ့ဘက်ရှိ လယ်ဧက ၂၀၀ ကျော် သွားရောက်လုပ်ကိုင်နေကြသည့် တောင်သူများနှင့် ကျေးရွာချင်းဆက်လမ်းအဖြစ် အသုံးပြုနေသော ကုန်ထုတ်လုပ်နေသူများ အနေဖြင့် အန္တရာယ်ကင်းစွာ သွားလာနိုင်တော့မည်ဖြစ်၍ ဒေသခံတောင်သူများ ဝမ်းသာနေကြောင်း ပေါင်းလှဲကုန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်မြင့်က ပြောသည်။ **ခင်ဦးစိုးဝေ**

## ရေစကြိုမြို့နယ်၌ ကြက်သွန်နီအထွက်နှုန်းလျော့ပြီး ဈေးနှုန်းကျလျက်ရှိ

**ရေစကြို ဒီဇင်ဘာ ၂၈**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် ကြက်သွန်စိုက်ပျိုးချိန်က ယခင်နှစ်များထက် မိုးရွာသွန်းမှု များပြားခဲ့သဖြင့် ကြက်သွန်နီအထွက်နှုန်း လျော့နည်းခဲ့ရပြီး ကြက်သွန်နီပေါက်ဈေးမှာလည်း ယခင်နှစ်များထက် ကျဆင်းလျက်ရှိသဖြင့် ကြက်သွန်နီစိုက်တောင်သူများ အရှုံးပေါ်လျက်ရှိသည်ဟု သိရသည်။

“မနှစ်ကတော့ ကြက်သွန်နီစိုက်ခင်း တစ်ဧကကို ကြက်သွန်နီပိဿာချိန် ၁၇၀၀ လောက်အထိ ထွက်ပါတယ်။ ဒီနှစ်တော့ ကြက်သွန်နီပင် တစ်လသားကျော်ကျော်အချိန်မှာ မိုးများပြီး စိုက်ခင်းထဲရေကဝပ်တော့ ကြက်သွန်နီဥတွေ ပုပ်၊ အပင်တွေ ရေနာကုန်တော့ ဒီနှစ် ပိဿာချိန် တစ်ဧကကို ၁၀၅ ပိဿာပဲရပါတယ်။ ဒီနှစ် အထွက်နှုန်းကလည်းနည်း၊ ဈေးကောင်းလည်းမရလို့ ကျွန်တော်တို့ ကြက်သွန်နီစိုက်တောင်သူတွေ စိုက်စရိတ်ရော၊ အလုပ်သမားခတွေရော အကုန် အရှုံးပေါ်နေပါတယ်ဟု” ရပ်သာကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

ယခုနှစ်တွင် ရေစကြိုမြို့နယ်၌ ကြက်သွန်နီ ဇော်မွှားစိုက်ပျိုးချိန်များဖြစ်သော စက်တင်ဘာလတွင် မိုးရေချိန်လက်မ ၇ ဒသမ ၅၀ လက်မ ရွာသွန်းခဲ့ပြီး အောက်တိုဘာလတွင် မိုးရေချိန်လက်မ ၁၀ ဒသမ ၅၀ လက်မ ရွာသွန်းခဲ့သဖြင့် စိုက်ပျိုးပြီး ကြက်သွန်နီစိုက်ခင်းများ ပျက်စီးဆုံးရှုံးခဲ့ရသည်ဟု သိရသည်။ ထိုသို့ မိုးရွာသွန်းမှုကြောင့် ပျက်စီးဆုံးရှုံးခြင်းမရှိဘဲ ကျန်ရှိနေခဲ့သော ကြက်သွန်နီစိုက်ခင်းများမှာ ကြက်သွန်နီ အထွက်လျော့နည်းခဲ့သည်ဟု သိရသည်။ ထိုကဲ့သို့ ရေစကြိုမြို့နယ်တွင် ကြက်သွန်နီအထွက်လျော့နည်းခဲ့သော်လည်း ဈေးနှုန်းမှာ ကျဆင်းနေဆဲဖြစ်သည်ဟု သိရသည်။

“အခုထွက်တဲ့ ဥသစ်တွေက ရေနာနေတယ်။သိုလှောင်မှု မကောင်းတာတွေကြောင့်ရော အဟောင်းမကုန်သေးတာကြောင့်ပါ။ နောက် ၁၀ ရက်လောက်ဆိုရင်တော့ ကြက်သွန်နီဥအဟောင်းတွေလည်း ကုန်လောက်ပါပြီ။ ဥသစ်ကလည်း ဒီနှစ်အဝင်နည်းတော့ နောက် ၁၀ ရက်လောက်ဆိုရင် ကြက်သွန်နီဈေးပြန်တက်မယ်လို့ ခန့်မှန်းရပါတယ်။ အခုလောလောဆယ်တော့ ကြက်သွန်နီ တစ်ပိဿာကို ငွေကျပ် ၂၀၀ ကနေ ၆၀၀ ထိ ပေါက်ဈေးရှိနေပါတယ်”ဟု ကြက်သွန်နီပွဲရုံပိုင်ရှင် ဦးစန်းယုက ပြောသည်။ **အိမွန်ဆွေ(ရေစကြို)**

## ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဖွဲ့စည်း

**ကျိုင်းတုံ ဒီဇင်ဘာ ၂၈**

ရှမ်းပြည်နယ်အရှေ့ပိုင်း ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ အတည်ပြုဖွဲ့စည်းခြင်း အခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက်က ကျိုင်းတုံမြို့ ဟိုခုံပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ ပြည်နယ်ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်နှင့် ကျိုင်းတုံ၊ တာချီလိတ်မြို့တို့ရှိ ဘာသာပေါင်းစုံမှ ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေး အဖွဲ့ဝင်များက လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခြင်း၊ တက်ရောက်လာသည့် ဘာသာပေါင်းစုံမှ ဧည့်သည်တော်များက အကြံပြုဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။ ယင်းနောက် ပြည်နယ်အရှေ့ပိုင်း ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ကို ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာတို့မှ ဘာသာတစ်ခုလျှင် ဩဇာတိက္ကမရှိသူ ကိုးဦးပါဝင်သည့် ၃၆ ဦးဖြင့်ဖွဲ့စည်းအတည်ပြုခဲ့ကြောင်း သိရသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**

# ကျေးရွာများ၌ ရေရှားပါးပြတ်လပ်မှုမရှိစေရေး မိုးရေသိုလှောင်ကန်များဆောက်ရွက်ပေး

**ဘားအံ ဒီဇင်ဘာ ၂၈**

ကရင်ပြည်နယ် မြို့နယ်အတွင်း ကျေးရွာများ ရေရှားပါးပြတ်လပ်မှု မရှိစေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် တွင်းတိမ်ရှစ်တွင်း၊ တွင်းနက်သုံးတွင်း၊ လက်တူးတွင်း ခုနစ်တွင်း၊ မြေသားရေသိုလှောင်ကန် နှစ်ကန်ဆောင်ရွက်ပေးလျက်ရှိပြီး ထပ်မံ၍သံလှယ် ကျေးရွာပြည်သူများ တစ်နှစ်ပတ်လုံး လုံလောက်သောသောက်သုံးရေရရှိရေးအတွက် တွင်းတိမ်စက်ရေတွင်း တူးဖော်လျက်ရှိရာ ဒီဇင်ဘာလကုန်တွင် ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

ကရင်ပြည်နယ်အတွင်း မြို့နယ် ခုနစ်မြို့နယ်အတွင်းရှိ ကျေးရွာ ၃၈ ရွာ ရေရှားပါးမှုမရှိစေရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တွင်းတိမ်ရှစ်တွင်း၊ တွင်းနက်သုံးတွင်း၊ လက်တူးတွင်းခုနစ်တွင်း၊ မြေသားရေသိုလှောင်ကန်နှစ်ကန် တွင် ဆိုက်လံတောင်ကျေးရွာနှင့် ကော့လမုကျေးရွာနှစ်ရွာတွင် ပေ ၁၀၀ ပတ်လည်၊ အမြင့်ခြောက်ပေရှိ ရေကန်တစ်ကန်စီ ဆောင်ရွက်ပြီးစီးသွားပြီး မိုးရာသီကာလတွင် ရေဂါလန် ၃၇၅၀၀၀ ဆံ့ မိုးရေများသိုလှောင်နိုင်သဖြင့် တစ်နှစ်ပတ်လုံးအတွက် ရေရှားပါးမှုမရှိတော့ဘဲ သောက်သုံးရေအဆင်ပြေလျက်ရှိသည်။

ထပ်မံ၍ ဘားအံ မြို့နယ် သံလှယ်ကျေးရွာတွင် တွင်းတိမ်စက်ရေတွင်း တစ်တွင်း တူးဖော်ပေးလျက်ရှိကြောင်း ခရိုင်ကျေးလက်ဦးစီးမှူးထံမှ သိရသည်။ အဆိုပါ သံလှယ်ကျေးရွာအုပ်စု သံလှယ်ကျေးရွာတွင် မိုးတွင်းကာလ ရေရှားပါးမှု မရှိသော်လည်း ဆောင်းရာသီနှင့်နွေရာသီတွင် သောက်သုံးရေရှားပါးမှုရှိသောကြောင့် ကျေးရွာအတွက်အဆင်ပြေသည့် ကျေးရွာအထက‌ကျောင်းဝင်းအတွင်း ဆောင်ရွက်ခြင်းဖြစ်ပြီး ဆောင်ရွက်နေမှုအခြေအနေအရ ဒီဇင်ဘာလကုန်တွင် ပြီးစီးနိုင်ရေးအတွက် ခရိုင်ကျေးလက်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **နေမျိုးလွင်(ဘားအံ)**

# လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးကို မြန်မာ-ထိုင်း-လာအို သုံးနိုင်ငံပူးပေါင်းဆောင်ရွက်မည်

**တာချီလိတ် ဒီဇင်ဘာ ၂၈**

၂၀၁၇ ခုနှစ် မြန်မာ-ထိုင်း-လာအိုသုံးနိုင်ငံ လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရန် သဘောတူဆုံးဖြတ်ခဲ့ကြောင်း ထိုင်းနိုင်ငံ ချင်းခေါင်မြို့ Fortune River View ဟိုတယ်အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၂၅ ရက်မှ ၂၆ ရက်အထိ ကျင်းပသော လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေး နှီးနှောဖလှယ်ပွဲထံမှ သိရသည်။

အဆိုပါ အစည်းအဝေးတွင် လူကုန်ကူးမှုပပျောက်ရေးအတွက် ၂၀၁၇ ခုနှစ်တွင် လူကုန်ကူးမှုတိုက်ဖျက်ရေးကို သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်သွားရန်၊ ရွှေ့ပြောင်းလုပ်သားများ လူကုန်ကူးခံရမှုမှ လျော့နည်းကျဆင်းရေး ပူးပေါင်းဆောင်ရွက်သွားရန်၊ ရွှေ့ပြောင်းလုပ်သားများနှင့် ၎င်းမိသားစုဝင်များ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးစသည့် နေထိုင်မှုစနစ်တိုးတက်မြင့်မားလာစေရန်၊ စီစဉ်ဆောင်ရွက်ပေးရန်၊ အစိုးရမှပြဋ္ဌာန်းထားသောဥပဒေများ၊ ဒေသန္တရအမိန့်များကို ရွှေ့ပြောင်းလုပ်သားများ သိရှိအောင် သတင်းအချက်အလက်များ ဖြန့်ဝေပေးသွားရန်၊ လူကုန်ကူးမှုအား ထိရောက်ပြစ်ဒဏ်ရရှိရေး ပူးပေါင်းဆောင်ရွက်သွားရန်၊ ရွှေ့ပြောင်းလုပ်သားများ နေထိုင်သွားလာမှုများကို စနစ်တကျဖြစ်စေရေးနှင့် ဥပဒေနှင့်အညီနေထိုင်သွားလာတတ်စေရေး ပညာပေးဆောင်ရွက်သွားရန်၊ နိုင်ငံကူးလက်မှတ်နှင့်ပတ်သက်၍ One Stop Service ဖွင့်လှစ် ဆောင်ရွက်လျက်ရှိကြောင်း အသိပေးအကြောင်းကြားရန်၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ မြန်မာနိုင်ငံ၌ အလုပ်အကိုင်နှင့် ပတ်သက်သည့် နိုင်ငံကူးလက်မှတ်များ ထုတ်ပေးမည်ကို အသိပေးအကြောင်းကြားရန်၊ နိုင်ငံအလိုက် ဥပဒေပြဋ္ဌာန်းချက်ပြင်ဆင်ပြောင်းလဲမှုရှိပါက အပြန်အလှန်ဆက်သွယ်အကြောင်းကြားရန်၊ ရွှေ့ပြောင်းလုပ်သားများ တရားမဝင် ဝင်ရောက်နေထိုင်မှုများအား တရားဝင်ဖြစ်အောင် ကူညီဆောင်ရွက်ပေးရန်စသည့် အချက် ၁၀ ချက်အား ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူဆုံးဖြတ်ခဲ့ကြောင်း သိရသည်။



အစည်းအဝေးသို့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စိတ် (၁) တာချီလိတ်ရဲမှူး ရင်ရင်အေး ဦးဆောင်သော အဖွဲ့ဝင်ကိုယ်စားလှယ် ၂၀၊ ထိုင်းနိုင်ငံ ချင်းခေါင်မြို့နယ်အုပ်ချုပ်ရေးမှူး Mr.Thutchanai Suptapoot ဦးဆောင်သော အဖွဲ့ဝင်ကိုယ်စားလှယ် ၃၆ ဦး၊ လာအိုနိုင်ငံ Pol.Col.Guysom Singwichai ဦးဆောင်သော အဖွဲ့ဝင်ကိုယ်စားလှယ် ၁၃ ဦးနှင့် ဂျပန်နိုင်ငံ JACA-CM4TIP Project မှ မစ္စ Shioko Momose တို့တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**



# ချင်းအမျိုးသားခေါင်းဆောင် ဗိုလ်ဆွန်ပက်၏ ပုံတူပန်းပုရုပ်တုထုလုပ်ပြီးစီး

**ဖလမ်း ဒီဇင်ဘာ ၂၈**

မြန်မာ့သမိုင်းတွင် ဗြိတိသျှနယ်ချဲ့တော်လှန်ရေး ခေါင်းဆောင်တစ်ဦးအဖြစ် ကျော်ကြားခဲ့သည့် ချင်းအမျိုးသား ခေါင်းဆောင် ဗိုလ်ကြွန်ဘိခ် (ဗိုလ်ဆွန်ပက်)၏ ပုံတူပန်းပုရုပ်တုအား ထုလုပ်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"လူတွေရဲ့စိတ်ထဲမှာ ဗိုလ်ကြွန်ဘိခ် ဆိုတာကို တွေ့မြင်နိုင်အောင်ဖြစ်ပြီး ရန်ကုန်မြို့လယ်ကောင် လမ်း ၃၀ နဲ့ ၃၁ လမ်းကြား ဗိုလ်ဆွန်ပက်လမ်းဟာလည်း ချင်းအမျိုးသား နယ်ချဲ့တော်လှန်ရေး သူရဲကောင်း ဗိုလ်ကြွန်ဘိခ်(ဗိုလ်ဆွန်ပက်)ကို ဂုဏ်ပြုတဲ့အနေနဲ့ သမုတ်ခေါ်ဝေါ်ခဲ့ခြင်းဖြစ်တာကို လူအများသတိမူ စေဖို့ရည်ရွယ်ချက်နဲ့ အခုလိုပုံတူ ပန်းပုရုပ်တုထုလုပ်နိုင်းရခြင်းဖြစ်ပါတယ်။ ရုပ်တုတည်မယ့်နေရာလည်း မသေချာသေးပါဘူး။ ဖလမ်းမြို့လယ်ကောင် တစ်နေရာရာမှာ ထားရှိဖို့စိတ်ကူးထားပေမယ့် အဆင်မပြေရင်တော့ ဗိုလ်ကြွန်ဘိခ်ရဲ့မွေးရပ်ဇာတိဖြစ်တဲ့ တာရွှန်းကျေးရွာမှာပဲတည်ဖြစ်မှာပါ" ဟု စီစဉ်သူတစ်ဦးဖြစ်သည့် ဆလိုင်းဗန်ကျုံးလျန်က ပြောသည်။

အဆိုပါ ပန်းပုရုပ်တုသည် အမြင့် ၂၈ လက်မနှင့် ရင်ဘတ်အကျယ် ၁၆ ဒသမ ၅ လက်မရှိပြီး ယင်းရုပ်တုကို မြန်မာနိုင်ငံနယ်ပယ်အသီးသီးမှ အောင်မြင်ကျော်ကြားသည့် လူပုဂ္ဂိုလ်များ၏ ပုံတူပန်းပုရုပ်တုများကို ထုလုပ်လေ့ရှိသော ပန်းပုဆရာကျော်ကျော်မင်းက ၁၉၀၀ ပြည့်နှစ်က ရိုက်ကူးထားသည့် မှတ်တမ်းဓာတ်ပုံအား ကြည့်ရှု၍ အကောင်းဆုံး၊ အတတ်နိုင်ဆုံးဖြစ်အောင် ထုလုပ်ထားခြင်းဖြစ်ရာ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင်ကျင်းပမည့် ဖလမ်းမြို့တည် (၁၂၅)နှစ်ပြည့် ပွဲတော်ပြခန်းတွင်လည်း လူအများကြည့်ရှုနိုင်ရန် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။
**နေစု(ချင်းရိုးမ)**

# မြစ်ကြီးနား၌ ဖဲနှက်ကောက်တစ်လသင်တန်းဆင်း

**မြစ်ကြီးနား ဒီဇင်ဘာ ၂၈**

ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းမှ ကြီးမှူးဖွင့်လှစ်သော ဖဲနှက်ကောက် တစ်လသင်တန်းဆင်းပွဲကို မြစ်ကြီးနားမြို့ အဆိုပါ သင်တန်းကျောင်းခန်းမ၌ ဒီဇင်ဘာ ၂၇ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ကချင်ပြည်နယ် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံးမှ ပြည်နယ်မှူး ဦးအောင်မောင်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မဥ္ဇူဝင်းက သင်တန်းဆင်းလက်မှတ် ပေးအပ်ချီးမြှင့်ကာ ပြည်နယ်မှူးက ငွေကျပ်တစ်သိန်းတန်ဖိုးရှိ ရက်ကန်းစင်သုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ရာ သင်တန်းသူများက လက်ခံယူခဲ့ကြသည်။

အဆိုပါသင်တန်းကို ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး၊ ဦးစီးနည်းပြများနှင့် သင်တန်းသူ ၃၀ တို့အား ဖဲနှက်ကောက်ရက်ကန်း ဒီဇိုင်းပုံဖော်နည်းတို့ကို တစ်လကြာသင်ကြားပေးခဲ့သည်။

သင်တန်းဖွင့်လှစ်ရခြင်းမှ ဖဲနှက်ကောက်နည်းပညာရပ်များ ပေါ်ထွန်းလာစေရန်နှင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေပိုမိုတိုးတက်ရရှိစေရန်၊ အထည်အလိပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ရည်ရွယ်ပြီး ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရသည်။
**မင်းရာဇာ(မြစ်ကြီးနား)**

**သဘာဝပတ်ဝန်းကျင် သာယာစေဖို့**
**စုပေါင်းလက်တွဲဆောင်ရွက်စို့**

# ရေဝေ-သဖန်းချောင်းလမ်းပေါ်ရှိ ရေကျော်လမ်းပျက်စီးမှု ပြုပြင်ရန်လိုအပ်

**မိတ္ထီလာ ဒီဇင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကြွယ်ကန်ကျေးရွာအနီး မိတ္ထီလာမြို့နယ်အတွင်းမှ ရေဝေကျေးရွာနှင့် ပျော်ဘွယ်မြို့နယ်အတွင်းမှ သဖန်းချောင်းကျေးရွာတို့ကို ဆက်သွယ်ဖောက်လုပ်ထားသည့် ရေဝေ-သဖန်းချောင်းလမ်းပေါ်ရှိ ရေကျော်လမ်းပျက်စီးလျက်ရှိရာ ပြုပြင်ဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

"ရေဝေ- သဖန်းချောင်းလမ်းကို ကတ္တရာလမ်းအဖြစ် လွန်ခဲ့တဲ့သုံးနှစ်ခန့်က ဖောက်လုပ်ခဲ့တာပါ။ ဒီလမ်းပေါ်ကနေ ပျော်ဘွယ်မြို့နယ်အတွင်းက ကျေးရွာများနဲ့ မိတ္ထီလာမြို့ကကျေးရွာများ အပြန်အလှန်ဖြတ်သန်းအသုံးပြုပြီး ကျေးရွာထွက်ကုန်တွေကို ဟိုဘက်မြို့နဲ့ဒီဘက်မြို့ ရောင်းဝယ်ဖောက်ကားကြတာမို့ ဒီလမ်းက ကျေးရွာတွေအတွက်အများကြီး အကျိုးပြုပါတယ်။

ပြီးခဲ့တဲ့ မိုးတွင်းကာလတုန်းကမှ ကြွယ်ကန်ကျေးရွာအနီးက ရေဝေ-သဖန်းချောင်းလမ်းပေါ်က ရေကျော်လမ်းပျက်စီးပြိုကျမှုဖြစ်ပေါ်ခဲ့တာပါ။ နေ့ခင်းဘက် သွားလာတဲ့ယာဉ်တွေအနေနဲ့ မြင်မြင်ထင်ထင်မို့ ပြဿနာသိပ်မရှိလှပေမယ့် ညဘက်ဆိုရင်အန္တရာယ်များပါတယ်" ဟု ကြွယ်ကန်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးခင်မောင်ရှိန်က ပြောသည်။

ယင်းရေဝေ - သဖန်းချောင်းကတ္တရာလမ်းပေါ်မှဖြတ်သန်း၍ ပျော်ဘွယ်မြို့နယ်အတွင်း ကျေးရွာများမှ ကျေးရွာထွက်ကုန်များကို မိတ္ထီလာမြို့နယ်အတွင်း ရေဝေကျေးရွာဈေးသို့ လာရောက်ရောင်းချခြင်း၊ မိတ္ထီလာဒေသထွက်ကုန်များကို ရေဝေကျေးရွာဈေးမှ ပြန်လည်ဝယ်ယူခြင်းများကို ဆောင်ရွက်ကြောင်း သိရသည်။ **ချမ်းသာ ( မိတ္ထီလာ )**



# ဖာဂူဆန်၊ မော်ရင်ဟိုနဲ့ မန်ယူတို့သည် . . .

ဒီနှစ်ပရီမီယာလိဂ်မှာ ပုံမှန်ခြေစွမ်းပြန်ရအောင် ရုန်းကန်ကြိုးစားနေရတဲ့ မန်ယူဟာအသင်းအတွက် နည်းပြမော်ရင်ဟိုက အခုအချိန် ကျေနပ်ဖွယ်အနေအထားမရောက်ရှိသေးတာမို့ လိုအပ်ချက်တွေ အကြံပြုပေးရေး မန်ယူနည်းပြဟောင်း ဖာဂူဆန်ကို လေ့ကျင့်ရေးကွင်းဖြစ်တဲ့ ကာရင်တန်ကွင်းကို အလည်လာရောက်ဖို့ ဖိတ်ခေါ်ခဲ့မှုက အခုဆိုရင် အကျိုးရလဒ်တွေ ထွက်ပေါ်နေပြီဖြစ်ပါတယ်။

၂၀၁၃ ခုနှစ်ကတည်းက မန်ယူနည်းပြအဖြစ်မှ အနားယူခဲ့တဲ့ ဖာဂူဆန်ဟာ မန်ယူအသင်းရဲ့ အအောင်မြင်ဆုံးနည်းပြတစ်ဦးဖြစ်ခဲ့သလို မန်ယူအသင်းကို ၂၆ နှစ်တာကာလရှည် ကိုင်တွယ်ခဲ့ရာမှာ ပရီမီယာလိဂ်ချန်ပီယံ ၁၃ ကြိမ်၊ ချန်ပီယံလိဂ်နှစ်ကြိမ်၊ အက်ဖ်အေဖလား ငါးကြိမ်နဲ့ လိဂ်ဖလား လေးကြိမ် ဆွတ်ခူးရရှိအောင် ကြီးကြပ်ပေးနိုင်ခဲ့သူတစ်ဦးလည်း ဖြစ်ပါတယ်။

အသက် ၇၄ နှစ်ရှိပြီဖြစ်တဲ့ ဖာဂူဆန်ဟာ သူအနားယူပြီးကတည်းက မန်ယူရဲ့လေ့ကျင့်ရေးကွင်းဖြစ်တဲ့ ကာရင်တန်ကွင်းကို တစ်ကြိမ်မှ မရောက်ရှိတော့တဲ့အတွက် မန်ယူအသင်းအတွက်၊ မန်ယူပရိသတ်တွေအတွက် လေ့ကျင့်ရေးကွင်းကို လာရောက်ပြီး ကစားသမားတွေရဲ့လေ့ကျင့်မှု၊ နည်းစနစ်ပိုင်း၊ အားသာချက်၊ အားနည်းချက်တွေကို အကြံပြုပေးနိုင်အောင် လာရောက်ပေးဖို့ မန်ယူနည်းပြ မော်ရင်ဟိုက ဖိတ်ခေါ်ခဲ့ဖြစ်ပါတယ်။

"မန်ယူအသင်းအတွက်ရော မန်ယူပရိသတ်တွေအတွက်ပါ ကျွန်တော်ဖိတ်ခေါ်ခဲ့တာဖြစ်ပါတယ်။ ဘောလုံးသမားတွေနဲ့ ဆုံတွေ့ပေးခဲ့ပါတယ်။ အကြံပြုတာတွေ၊ အတွေ့အကြုံတွေကို မျှဝေစေချင်လို့ပါ"လို့ မော်ရင်ဟိုက ဆိုပါတယ်။ ဖာဂူဆန်ဟာ မန်ယူရဲ့အစိတ်အပိုင်းတစ်ခုအဖြစ် အစဉ်အမြဲတည်ရှိနေမှာဖြစ်တဲ့အတွက် ကျွန်တော် လေးစားရတဲ့သူပါပဲလို့လည်း မော်ရင်ဟိုက ပြောကြားနေပါတယ်။

မော်ရင်ဟိုဟာ မန်ယူအသင်းကို ပြီးခဲ့တဲ့ မေလကတည်းက နည်းပြအဖြစ် တာဝန်ယူကိုင်တွယ်ခဲ့ရာမှာ စိတ်ကြိုက်ကစားသမားတွေဖြစ်တဲ့ ပေါ့ဂ်ဘာ၊ မိုဇစ်တို့လို ကစားသမားတွေ ခေါ်ယူအားဖြည့်ခဲ့ပေမယ့် ရလဒ်တွေကမောက်ကမဖြစ်ခဲ့လို့ ဝေဖန်မှုတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ အခုအချိန်မှာတော့ လေးပွဲဆက်နိုင်ပွဲတွေ ပြန်ရလာပြီဖြစ်တာကြောင့် ဒါဟာ ဖာဂူဆန်ရဲ့စိတ်ဓာတ်မြှင့်တင်မှုတစ်စိတ်တစ်ပိုင်း ပါဝင်နေတာမို့ မန်ယူက ပုံမှန်လမ်းကြောင်းအပေါ် ပြန်ရောက်လာပြီလို့ သုံးသပ်နေကြပါတယ်။ နည်းပြမော်ရင်ဟိုကတော့ လိုအပ်ချက်တွေရှိနေဆဲလို့ ခံယူနေပါတယ်။

မော်ရင်ဟိုဟာ မန်ယူကို နည်းပြအဖြစ်တာဝန်မယူခင်မှာ ဖာဂူဆန်နဲ့ တွေ့ဆုံခဲ့ရာမှာ လူငယ်တွေနဲ့ အတွေ့အကြုံရှိတဲ့ ကစားသမားတွေ တွဲဖက်ပွဲထုတ်ဖို့၊ ပြိုင်ပွဲတစ်ပွဲမှာ လူငယ်ဘောလုံးသမား အနည်းဆုံးနှစ်ဦးထုတ်သုံးဖို့ အကြံပြုခဲ့တယ်လို့ ဆိုပါတယ်။ ဒါကြောင့်လဲ အခုဆိုရင် မန်ယူအသင်းမှာ ရက်ရှ်ဖို့ဒ်လို လူငယ်တွေ နေရာရရှိလာပြီး မန်ယူအသင်းကြီးမှာ ခြေစွမ်းပြနိုင်တဲ့ တိုက်စစ်မှူးအဖြစ် ရောက်ရှိလာခဲ့တာဖြစ်ပါတယ်။

ဒီလိုအနေအထားကြောင့် ဖာဂူဆန်ရဲ့အကြံပြုချက်တွေကို မော်ရင်ဟို ရရှိလိုနေတာဖြစ်ပြီး ကစားသမားတွေရဲ့လက်ရှိအနေအထားကို အမြင်ချင်းမတူတဲ့ ရှုထောင့်ကနေပြီး သုံးသပ်နိုင်ဖို့အတွက် လေ့ကျင့်ရေးကွင်းလာရောက်ဖို့ ဖိတ်ခေါ်ခဲ့ခြင်းဖြစ်ပြီး အဝတ်လဲခန်းအတွင်းမှာ ဘယ်လိုစိတ်ဓာတ်မြှင့်တင်ရမယ်ဆိုတာတွေကအစ ထပ်ဆင့်အသိမြင်တွေဖြစ်ပေါ်စေခဲ့ပါတယ်။

ဒါ့အပြင် အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးက သူရဲ့ကစားသမားတွေရဲ့အနေအထားအပေါ် မှန်ကန်ထိရောက်တဲ့ဆောင်ရွက်မှုပြုလုပ်ချင်တာကြောင့် နာမည်ကျော် ဝါရင့်ကွင်းလယ်ကစားသမား ဒေးဗစ်ဘက်ခမ်းကို တွေ့ဆုံမေးမြန်းခဲ့တဲ့ သတင်းတွေထွက်ပေါ်လာခဲ့ပါတယ်။ မော်ရင်ဟိုကလည်း ဖာဂူဆန်ကို ဖိတ်ခေါ်ခဲ့တာမျိုး ဖြစ်နိုင်တယ်လို့ ဝေဖန်သုံးသပ်နေကြပါတယ်။

"တကယ်တော့ မန်ယူဆိုတာကလည်း ဖာဂူဆန်ရဲ့ အစိတ်အပိုင်းတစ်ရပ်လို့ဆိုရမှာပါ။ သူ့အနေနဲ့ လေ့ကျင့်ရေးကွင်းကို အမြဲလာရောက်နိုင်မယ်ဆိုရင် အသင်းအတွက် အကျိုးကျေးဇူးအများကြီး ဖြစ်ထွန်းစေဖို့ တွန်းအားပေးရာ ရောက်ပါတယ်" လို့ မော်ရင်ဟိုက ပြောပါတယ်။

ဖာဂူဆန်အပြီး မန်ယူနည်းပြတွေအဖြစ် ဒေးဗစ်မိုယက်စ်၊ လူးဝစ်ဗန်ဂါးလ်တို့အပြီးမှာ မော်ရင်ဟိုရောက်ရှိလာခဲ့တာဖြစ်ပြီး ရာသီကုန်မှာ အခြေအနေကောင်းတွေနဲ့ ကြုံတွေ့ရဖို့အတွက် ပွဲတိုင်းအရေးကြီးနေပြီဖြစ်ပါတယ်။ ဒါကြောင့်လည်း အဝတ်လဲခန်းအတွင်း ကစားသမားတွေရဲ့စိတ်ဓာတ်ကို တွန်းအားပေးနိုင်ဖို့ မော်ရင်ဟို ကြိုးစားခြင်းဖြစ်ပါတယ်။

မော်ရင်ဟိုရဲ့ဖိတ်ခေါ်မှုကြောင့် ဖာဂူဆန်လာရောက်ခဲ့မှုတွေနဲ့ အကျိုးသက်ရောက်မှုတွေဟာ မန်ယူကစားသမားတွေရဲ့စိတ်ဓာတ်အမြင့်မားဆုံး ရောက်ရှိပြီး ရလဒ်ကောင်းတွေ ဆက်လက်ဆောင်ကြဉ်းနိုင်မလားဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။ ။



**မိုးမြင့်လင်းလက်**

## ချယ်လ်ဆီးကို အမီလိုက်မယ်ဆိုတဲ့ မော်ရင်ဟို

မန်ယူအနေဖြင့် ချယ်လ်ဆီးနဲ့ အမှတ်ဘယ်လောက်ကွာခြားစေကာမူ ဂရုစိုက်လိမ့်မယ်မဟုတ်ကြောင်း နည်းပြမော်ရင်ဟိုက ပြောဆိုလိုက်ပါတယ်။ မန်ယူအသင်းအနေနဲ့ ထိပ်ဆုံးရောက် ချယ်လ်ဆီးအသင်းနဲ့ ၁၃ မှတ် ကွာခြားနေဆဲဖြစ်ပါတယ်။

မီခီတာရမ်းရဲ့ဂိုးနဲ့ မန်ယူက ဆန်းဒါးလန်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရခဲ့သော်လည်း ချယ်လ်ဆီးနဲ့ အမှတ်ကွာဟမှုကြီးမားလာနေဆဲဖြစ်ပါတယ်။ အမှတ်မည်မျှပင် ကွာခြားစေကာမူ ချယ်လ်ဆီးကို ဂရုစိုက်လိုက်မည်ဖြစ်ကြောင်း မော်ရင်ဟိုက ဆိုပါတယ်။ ချယ်လ်ဆီးအသင်းဟာ ပွဲစဉ် ၁၈ အပြီး ရမှတ် ၄၆ မှတ်နဲ့ ထိပ်ဆုံးမှ ဦးဆောင်နေပါတယ်။

မန်စီးတီးက ဒုတိယနေရာမှာ ၃၉ မှတ်ရရှိနေပါတယ်။ မန်ယူကတော့ ဇယားနံပါတ်(၆)မှာ ရမှတ် ၃၃ မှတ်သာ ရရှိနေပါတယ်။ လာမယ့် ခြောက်လတာကာလအတွင်း ချယ်လ်ဆီးကို အမီလိုက်ဖို့ ကြိုးစားသွားမယ်လို့ မော်ရင်ဟိုက ဆိုပါတယ်။

## မီချိုင်းဘတ်ရှူရီကို အငှားချရန် အစီအစဉ်မရှိဟု ကွန်တီပြော



ချယ်လ်ဆီးအသင်းက ကစားသမား မီချိုင်းဘတ်ရှူရီကို လာမယ့်ဇန်နဝါရီ အပြောင်းအရွှေ့ကာလမှာ အငှားချထားလိမ့်မယ်မဟုတ်ကြောင်း ချယ်လ်ဆီးနည်းပြ ကွန်တီက ပြောကြားခဲ့ပါတယ်။

ဘတ်ရှူရီဟာ ပြီးခဲ့တဲ့နွေရာသီက ပေါင် ၃၃ သန်းနဲ့ မာဆေးလ်ကလပ်ကနေ ချယ်လ်ဆီးကို ပြောင်းရွှေ့လာခဲ့ပြီးတဲ့နောက် ချယ်လ်ဆီးမှာ ပွဲအစကနေ ပါဝင်ကစားခွင့်ရခြင်း မရှိသေးပါဘူး။ ဘတ်ရှူရီဟာ အရည်အသွေးပြည့်ဝတဲ့ တိုက်စစ်မှူးဖြစ်ပြီး ချယ်လ်ဆီးက ဘုန်းမောက်ကို သုံးဂိုးပြတ်နဲ့ အနိုင်ရတဲ့ပွဲမှာ ပါဝင်ခဲ့ပေမယ့်လည်း နည်းပြကွန်တီကတော့ ဘတ်ရှူရီကို ဇဟိုတိုက်စစ်မှူးအဖြစ် အသိအမှတ်ပြုခြင်း မရှိသေးဘူးလို့ သတင်းတွေက ဆိုပါတယ်။

ကွန်တီဟာ ဝီလျံ၊ ပက်ဒရိုနဲ့ အီဒင်ဟာဇတ်တို့လို ဇဟိုတိုက်စစ်မှူးအဖြစ် ဘတ်ရှူရီကို အသိအမှတ် မပြုသေးသော်လည်း ဇန်နဝါရီအပြောင်းအရွှေ့မှာ ဘတ်ရှူရီကို အငှားချသွားမှာတော့ မဟုတ်ဘူးလို့ ဆိုပါတယ်။

## ၁၂ ပွဲဆက်တိုက် အနိုင်ရခဲ့တဲ့ ချယ်လ်ဆီး




ချယ်လ်ဆီးအသင်းဟာ ဘုန်းမောက်ကို နိုင်ပွဲရပြီးနောက် ၁၂ ပွဲဆက်တိုက် အနိုင်ရတဲ့အသင်း ဖြစ်လာပါတယ်။ ဒါဟာ ချယ်လ်ဆီးအသင်းရဲ့ဆက်တိုက်အနိုင်ရမှု စံချိန်တင်ခဲ့ခြင်းလည်းဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်းဟာ ဒီပွဲမှာ အသင်းရဲ့အဓိကကစားသမားတွေဖြစ်တဲ့ ကော်စတာနဲ့ အင်န်ဂိုလိုကန်တီးတို့ မပါဝင်ပေမယ့် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ပါတယ်။ ဖာဘရီဂတ်စ်၊ ဟာဇတ်တို့ရဲ့ဦးဆောင်မှုနဲ့ အနိုင်ရခဲ့တဲ့ပွဲဖြစ်ပါတယ်။ ဒီပွဲကတော့ တကယ်အရည်အသွေးပြည့်ဝတဲ့ တိုက်စစ်မှူးတွေမပါဘဲ ကစားခဲ့တဲ့ပွဲတစ်ပွဲလို့ နည်းပြကွန်တီက ဆိုပါတယ်။ ချယ်လ်ဆီးဟာ ဒီပွဲအနိုင်ရလိုက်တဲ့အတွက် ဒုတိယနေရာက မန်စီးတီးကို ခုနစ်မှတ်ဖြတ်ထားနိုင်ခဲ့ပြီး ဇယားထိပ်မှာ ဆက်လက်ဦးဆောင်နေပါတယ်။

လီဗာပူးနည်းပြ ဂျာဂျင်ကလော့ကတော့ ကွန်တီရဲ့ချယ်လ်ဆီးအသင်းဟာ ဒီနှစ်ထဲမှာ ကံကောင်းမှုတွေ ဆက်တိုက်ကြုံတွေ့နေရတယ်လို့ ဆိုပါတယ်။ ဒီတစ်ပတ်လီဗာပူးအသင်း ကစားတဲ့ပွဲမှာလည်း စတုတ်ကို အနိုင်ရခဲ့တဲ့အတွက် လီဗာပူးဟာ အမှတ်ပေးဇယားမှာ ချယ်လ်ဆီးနဲ့ ကိုးမှတ်အကွာ တတိယနေရာကနေ ဆက်ပြီး ကပ်လိုက်နိုင်ခဲ့ပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

# လွတ်လပ်ရေးနေ့အကြို မူကြိုကလေးငယ်များ အားကစားပြိုင်



**မြစ်သား ဒီဇင်ဘာ ၂၈**
(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသည့် အထိမ်းအမှတ်အဖြစ် မူကြိုကလေးငယ်များ အားကစားပြိုင်ပွဲများကို မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့ရှိ မြို့နယ်ပြည်သူ့အားကစားကွင်း၌ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးပြီး ဒီဇင်ဘာ ၂၇ ရက်က ကျင်းပပေးခဲ့သည်။

"ဒီပြိုင်ပွဲလုပ်တဲ့ အဓိကရည်ရွယ်ချက်ကတော့ ကလေးတွေကို ပျော်စေချင်တယ်၊ လူအများနဲ့ စုပေါင်းဆောင်ရွက်တဲ့ စိတ်ဓာတ်တွေ၊ ရိုင်းပင်းကူညီတတ်တဲ့ စိတ်ဓာတ်တွေ၊ အနိုင်အရှုံးကသာမည၊ ယှဉ်ပြိုင်ခြင်းက အဓိကဆိုတဲ့ စိတ်ဓာတ်တွေ ကိန်းအောင်းသွားစေချင်တာပါပဲ" ဟု မြစ်သားမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စန်းမြင့်က ပြောသည်။

မူကြိုကလေးငယ်များအတွက် အားကစားပြိုင်ပွဲများအဖြစ် ၂၅ မီတာ အပြေးပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ၊ မုန့်ကိုက်ပြေးပြိုင်ပွဲတို့ကို မြို့နယ်အားကစားနှင့် ကာယပညာဦးစီးအရာရှိ ဒေါ်မော်မော်ဝင်းနှင့်အဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က ကြီးကြပ်ကျင်းပပေးခဲ့ခြင်းဖြစ်ကာ ပြိုင်ပွဲတွင် မြို့နယ်အတွင်းရှိ မူကြိုကျောင်းများမှ ကလေးငယ်များ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲများတွင် ဆုရရှိသော ကလေးငယ်များအား လွတ်လပ်ရေးနေ့တွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

# ဆမ်ဆောင်းမြန်မာ၏ မိုဘိုင်းအက်ပလီကေးရှင်းပြပွဲကို မြို့ကြီးလေးမြို့တွင် ကျင်းပခဲ့

**ရန်ကုန် ဒီဇင်ဘာ ၂၈**
ဆမ်ဆောင်းမြန်မာက မြန်မာနိုင်ငံအတွင်း ဆောင်ရွက်လျက်ရှိသော ပညာရေးအကျိုးပြုအစီအစဉ်တစ်ခုဖြစ်သည့် Samsung Tech Institute: Mobile Application Training ၏ တိုးချဲ့အစီအစဉ်တစ်ခုအနေဖြင့် Mobile Application Training Roadshow ကို ဒီဇင်ဘာ ၁၉ ရက်မှ ၂၂ ရက်အတွင်း တောင်ငူ၊ မိတ္ထီလာ၊ မကွေးနှင့် ပြည်မြို့များရှိ ကွန်ပျူတာတက္ကသိုလ်များ၌ လှည့်လည်ကျင်းပခဲ့သည်။

အဆိုပါ Roadshow အစီအစဉ်တွင် ဆမ်ဆောင်းမြန်မာမှ တာဝန်ရှိသူများက သင်တန်းပိုင်းဆိုင်ရာ အကြောင်းအရာများ ဝေမျှပေးခဲ့ပြီး ယခင်နှစ်များတွင် ပါဝင်ယှဉ်ပြိုင်ကာ ဆုရရှိခဲ့သည့် ကျောင်းသူ ကျောင်းသားများကလည်း ၎င်းတို့၏ အတွေ့အကြုံများကို ရှင်းလင်းမျှဝေခဲ့သည်။ ဆမ်ဆောင်းမြန်မာအနေဖြင့် မြန်မာနိုင်ငံ၏ မိုဘိုင်းနည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မိုဘိုင်းအပလီကေးရှင်းများကို တီထွင်ဖန်တီးနိုင်သည့် အရည်အချင်းရှိ ထူးချွန်လူငယ်များ ပိုမိုထွက်ပေါ်လာစေရန် ရည်ရွယ်ကာ Mobile Application Training ကို ၂၀၁၃ ခုနှစ်မှ စတင်ကာ နှစ်စဉ်ပြုလုပ် လာခဲ့ခြင်းဖြစ်သည်။

ဆမ်ဆောင်းက ကျင်းပပြုလုပ်တဲ့သင်တန်းတွေကို တက်ရောက်ခဲ့တဲ့ ကျောင်းသူ ကျောင်းသားတွေဟာ အခြားသော ကျောင်းသား ကျောင်းသူတွေကို ဆင့်ပွားသင်တန်းတွေ ပေးနိုင်တဲ့အပြင် တန်ဖိုးရှိတဲ့ အသိပညာတွေကို တခြားကျောင်းသားကျောင်းသူတွေကိုလည်း ပြန်လည်ဝေမျှနိုင်ခဲ့တယ်။ ပြီးတော့ ဒီနှစ်မှာ ပြုလုပ်တဲ့ Android Product Show မှာ product ပေါင်း ၁၆ ခု ပြုလုပ်နိုင်ခဲ့တယ်။ ဒါတွေဟာ Samsung Tech Institute မှာ သင်တန်းတက်ရောက်ပြီး ရရှိလာတဲ့ အကျိုးအမြတ်တွေပါ။ အခုလိုမျိုး လူမှုအကျိုးပြုလုပ်ငန်းတွေကို လုပ်ဆောင်နေတဲ့ ဆမ်ဆောင်းက roadshow ကို တောင်ငူတက္ကသိုလ်မှာ ပြုလုပ်ခွင့်တောင်းတဲ့အခါမှာလည်း လှိုက်လှိုက်လှဲလှဲကို ကြိုဆိုခဲ့တာပါ။ အခုလိုမျိုး လာရောက်ကျင်းပတာကိုလည်း အလွန်ကျေးဇူးတင်ပါတယ်"ဟု တောင်ငူကွန်ပျူတာတက္ကသိုလ်မှ ပါမောက္ခ ဒေါ်အိအိလှိုင်က ပြောကြားခဲ့သည်။

ဆမ်ဆောင်းမှ လုပ်ဆောင်နေသည့် လူမှုအကျိုးပြုလုပ်ငန်းများသည် အဓိကအားဖြင့် ပညာရေး၊ လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်းအတွက်ဖြစ်ကြောင်း၊ လူငယ်များ၏ ပညာရေးကောင်းမှ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာမည်ဖြစ်၍ လူငယ်များ၏ အနာဂတ်ကောင်းမွန်အောင် တစ်စိတ်တစ်ပိုင်းအနေဖြင့် ထောက်ပံ့ပေးနိုင်မည့် ယခုလို သင်တန်းများကို ကျောင်းသား ကျောင်းသူများ ပိုမိုသိရှိလေ့လာနိုင်ရန် ယခု roadshow ကို ပြုလုပ်ခြင်းဖြစ်ကြောင်း ဆမ်ဆောင်းမြန်မာမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

Samsung Tech Institute: Mobile Application Training များတွင် ယခုအချိန်အထိ ကျောင်းသား ကျောင်းသူပေါင်း ၄၀၀ ကျော်ကို သင်တန်းပို့ချပေးခဲ့ပြီးဖြစ်ကာ သင်တန်းဆင်း ကျောင်းသားများသည် ကိုယ်ပိုင်အပလီကေးရှင်းများ ရေးဆွဲနိုင်မည်ဖြစ်သည့်အပြင် ဆမ်ဆောင်းမြန်မာကလည်း သင်တန်းဆင်းကျောင်းသားများကို နည်းပညာပိုင်းဆိုင်ရာ စွန့်ဦးတီထွင်သူများအဖြစ် ရပ်တည်နိုင်ရန်နှင့် လူမှုပတ်ဝန်းကျင်များအား အကျိုးပြုနိုင်မည့် အက်ပလီကေးရှင်းများ တီထွင်ဖန်တီးနိုင်ရန်အတွက် ကူညီထောက်ပံ့မှုများပေးအပ်သွားရန် အစီအစဉ်များရှိကြောင်း သိရသည်။

**ခင်ရတနာ**

# ကလေးများ စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပ

**ကျောက်ပန်းတောင်း ဒီဇင်ဘာ ၂၈**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့၌ ကလေးငယ်များ စာဖတ်ရှိန်မြင့်မားလာစေရေးနှင့် စာပေကို ချစ်မြတ်နိုးစိတ် ဖြစ်ပေါ်လာစေရေးတို့အတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လွတ်လပ်ရေးရပ်ကွက်မှ မုဒိတာလူမှုကူညီရေးအသင်းတို့ ပူးပေါင်း၍ ကလေးများ စာဖတ်စွမ်းရည်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၆ ရက်က မုဒိတာလူမှုရေးအသင်းရုံး၌ ကျင်းပခဲ့သည်။

စာဖတ်စွမ်းရည်ပြိုင်ပွဲတွင် ထိန်ကန်အရှေ့ကျောင်းဓမ္မစကူးလ်တွင် တက်ရောက်နေကြသည့် လွတ်လပ်ရေးရပ်ကွက်၊ သီရိမင်္ဂလာရပ်ကွက်၊ မြို့မအမှတ်(၉)နှင့် အမှတ်(၁၀)ရပ်ကွက်များမှ ကျောင်းသား ကျောင်းသူလေးများ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပညာပေးပုံပြင်ဇာတ်လမ်းများကို ဖတ်ကြားယှဉ်ပြိုင်စေခဲ့ကာ စာဖတ်ရာတွင် ရဲတင်းဖျတ်လတ်မှု၊ ဝေါဟာရစာလုံးများ ပိုင်နိုင်ကျွမ်းကျင်မှု၊ စာကို ပိုင်နိုင်ကျွမ်းကျင်စွာဖတ်နိုင်မှု၊ နားလည်နိုင်စွမ်းရှိမှုနှင့် စိတ်ခံစားမှုတို့ကို အမှတ်ပေး၍ ယှဉ်ပြိုင်စေခဲ့ကြောင်း သိရသည်။ အမှတ်ပေးဒိုင်များအဖြစ် မြို့နယ်ပြန်/ဆက်ဦးစီးဌာနမှူးနှင့် မြို့ပေါ်ရှိ စာရေးဆရာ၊ ကဗျာဆရာများက ဆောင်ရွက်ပေးခဲ့ပြီး ပြိုင်ပွဲဝင်ကလေးငယ်များအား မူလတန်း၊ အလယ်တန်းနှင့် အကြီးတန်းဟု အဆင့်သုံးဆင့်ခွဲ၍ ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**နေအောင်(ပြန်/ဆက်)**



# မြေအောက်ရေဖြင့် မိုးသီးနှံ ၃၁၇၅ ဧက စိုက်ပျိုးနိုင်၍ ဒေသခံတောင်သူများ အဆင်ပြေ

**မိတ္ထီလာ ဒီဇင်ဘာ ၂၈**
မြန်မာနိုင်ငံ၏ မိုးနည်းရပ်ဝန်းဒေသဖြစ်သော မိတ္ထီလာခရိုင်၌ ဒေသခံတောင်သူများ၏ လယ်ယာလုပ်ငန်းများအတွက် စိုက်ပျိုးရေလုံလောက်စွာရရှိနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)က စက်ရေတွင်းများ တူးဖော်ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် ခရိုင်အတွင်းရှိ ဒေသခံတောင်သူများမှာ မြေအောက်ရေဖြင့် သီးနှံများကို ရာသီမရွေး စိုက်ပျိုးလာနိုင်ကြကာ စီးပွားရေးအဆင်ပြေလျက်ရှိကြောင်း သိရသည်။

ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)အနေဖြင့် မိတ္ထီလာခရိုင်အတွင်းရှိ ကျေးရွာများတွင် သီးနှံများ ရာသီမရွေး စိုက်ပျိုးနိုင်စေရန်အတွက် စက်ရေတွင်းများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှစတင်၍ တူးဖော်ပေးခဲ့ရာ ယခုအချိန်အထိ မိတ္ထီလာမြို့နယ်တွင် စက်ရေတွင်း ၇၅၈ တွင်း၊ မလှိုင်မြို့နယ်တွင် ၁၁၀၅ တွင်း၊ သာစည်မြို့နယ်တွင် ၄၉၀ တွင်းနှင့် ဝမ်းတွင်းမြို့နယ်တွင် ၇၄၇တွင်း စုစုပေါင်း ၂၈၂၇ တွင်း တူးဖော်ပေးပြီးဖြစ်သည်။

အဆိုပါကျေးရွာများ၌ မြေအောက်ရေဖြင့် စပါးခင်းများတွင် ဖြည့်စွက်ရေများအပြင် ကြက်သွန်၊ ငရုတ်၊ ဝါ၊ ပဲသီးစိမ်းနှင့် အခြားသီးနှံများကို စိုက်ပျိုးလျက်ရှိရာ မိတ္ထီလာခရိုင်အတွင်း၌ ယခုနှစ် မိုးရာသီတွင် မြေအောက်ရေဖြင့် မိတ္ထီလာမြို့နယ်တွင် ၉၂၅ ဧက၊ မလှိုင်မြို့နယ်တွင် ၁၀၁၀ ဧက၊ သာစည်မြို့နယ်တွင် ၇၈၀ ဧကနှင့် ဝမ်းတွင်းမြို့နယ်တွင် ၈၂၀ ဧက၊ စုစုပေါင်းမိုးသီးနှံ ၃၁၇၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင်လည်း စိုက်ပျိုးရေလုံလောက်စွာမရရှိသေးသည့် ကျေးရွာများတွင် စက်ရေတွင်းများကို ဆက်လက်တူးဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်အေး၏ ပြောကြားချက်အရ သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# မန္တလေးတက္ကသိုလ် ရာပြည့်အကြိုသက်ကြီးပူဇော်

**မန္တလေး ဒီဇင်ဘာ ၂၈**
မန္တလေးတက္ကသိုလ် ရာပြည့်အကြို (၁၂)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို ဒီဇင်ဘာ ၂၂ ရက် နံနက်က မန္တလေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ မန္တလေးယူနီဗာစီတီကောလိပ်၊ မန္တလေးတက္ကသိုလ်၊ မန္တလေးဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ခေတ်အဆက်ဆက်တာဝန်ထမ်းဆောင်ခဲ့ကြသည့်ဆရာကြီး၊ ဆရာမကြီးများ၊ မန္တလေးတက္ကသိုလ်ဆေးပညာမဟာဌာန၊ စိုက်ပျိုးရေးပညာမဟာဌာန၊ ဝိဇ္ဇာဘာသာရပ်များဆိုင်ရာမဟာဌာန၊ သိပ္ပံဘာသာရပ်များဆိုင်ရာ မဟာဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဆရာကြီး၊ ဆရာမကြီးများ၊ မန္တလေးယူနီဗာစီတီကောလိပ် တည်ထောင်ရာတွင်ပါဝင်ခဲ့သည့် ဆရာကြီးဦးဘတုတ်အပါအဝင် အသက်(၆၈) နှစ်နှင့်အထက်ဆရာကြီး၊ ဆရာမကြီး ၄၇၉ ဦးကို တပည့်ဟောင်းကျောင်းသား ကျောင်းသူ ဆရာဆရာမများက ပူဇော်ကန်တော့ကြသည်။

အခမ်းအနားတွင် မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ သီတာဝင်းက နှုတ်ခွန်းဆက်စကားနှင့် ကျေးဇူးတင်စကားပြောကြားပြီး ပါဝင်လှူဒါန်းကြသည့် အလှူရှင်များကို မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသီတာဝင်းက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မန်း(ကိုယ်ပွား)**

# အခြေခံပညာ ဆရာဆရာမများ ရှေးဦးပြုစုခြင်းသင်တန်းပို့ချ

**ဒီးမော့ဆို ဒီဇင်ဘာ ၂၈**
ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ကြက်ခြေနီအသင်းခွဲနှင့် CBHFA Programme တို့ပူးပေါင်း၍ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ ရှေးဦးပြုစုခြင်းသင်တန်း (၁/၂၀၁၆)ကို ဒီးမော့ဆိုမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ဒီဇင်ဘာ ၂၆ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ကြက်ခြေနီအသင်းခွဲ ဒုတပ်ရင်းမှူး ဒေါ်လုလုဝင်းက သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ သင်တန်းတွင် ကြက်ခြေနီအကြောင်းသိကောင်းစရာ၊ အပူလောင်ခြင်း၊ အဆိပ်သင့်ခြင်း၊ ဒဏ်ရာအမျိုးမျိုးနှင့် သွေးယိုစီးခြင်း၊ လူနာဆန်းစစ်ခြင်းနှင့် ဦးစားပေးလူနာ ရွေးချယ်ခြင်း၊ အရိုးကျိုးခြင်း၊ ဆို့နင်ခြင်း၊ သတိလစ်ခြင်း(Shock)၊ (RFL)၊ ပတ်တီးစည်းနည်း၊ (CPR)၊ စိတ်ပိုင်းဆိုင်ရာ အားပေးကူညီမှု၊ လူနာသယ်ဆောင်နည်း စသည့်သင်ခန်းစာများကို သင်ကြားပို့ချခဲ့ပြီး သင်တန်းတွင် စာပေထူးချွန်ဆု၊ လက်တွေ့ထူးချွန်ဆုနှင့် ဘက်စုံထူးချွန်ဆု စသော ဆုများကိုလည်း ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို ဒီဇင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသို့ ဒီးမော့ဆိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမ ၅၄ ဦး တက်ရောက်ကာ ကြက်ခြေနီအသင်းမှ သင်တန်းနည်းပြ ငါးဦးက သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# အလွတ်တန်းကလပ်ပေါင်းစုံ ဖူဆယ်ဘောလုံးပြိုင်ပွဲကျင်းပ

**တွံတေး ဒီဇင်ဘာ ၂၈**
(၆၉) နှစ်မြောက်လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ မြို့နယ်အုပ်ချုပ်ရေးမှူးဖလား အလွတ်တန်းကလပ်ပေါင်းစုံ အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၂၆ ရက်က အောင်ဆန်းသူရိယအေးချို မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် အားကစားသမားများက သစ္စာဓိဋ္ဌာန်ရွတ်ဆိုပြီး တွံတေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်က အမှာစကားပြောကြားကာ မြို့နယ်ဖူဆယ်ဘောလုံးအဖွဲ့မှ တာဝန်ခံ ဦးမင်းသီဟက ဖူဆယ်ဘောလုံးပြိုင်ပွဲကို ရှက်ပုန်းသီးအားကစားသမားများ ပေါ်ထွန်းလာရေး၊ လူငယ်လူရွယ်များ ကျန်းမာကြံ့ခိုင်လာစေရေးနှင့် ကစားပုံနည်းစနစ် မှန်ကန်ရေး ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။ အဆိုပါဖူဆယ်ပြိုင်ပွဲသို့ အသင်းကိုးသင်း ဝင်ရောက်ယှဉ်ပြိုင်ကြကာ ပြိုင်ပွဲကို ဒီဇင်ဘာ ၂၆ ရက်မှ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပထမပွဲစဉ်အဖြစ် White Generation FC နှင့် Shwe Twantay FC တို့ ယှဉ်ပြိုင်ကစားကြရာ Shwe Twantay FC က ခြောက်ဂိုး-လေးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**မျိုးလှိုင်(တွံတေး)**

# လမ်းလယ်ဘလောက်တုံးများနှင့် အသက်အန္တရာယ်

**သိပ္ပံစာရေးဆရာကိုကိုအောင်**

ကမ္ဘာ့နိုင်ငံများ၏ မြို့ပြသယ်ယူပို့ဆောင်ရေးနှင့် ယာဉ်လမ်းကြောင်းထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများတွင် ဆန့်ကျင်ဘက်ယာဉ်ကြောများကိုပိုင်းခြားထားသည့် လမ်းလယ်အတားအဆီး ဘလောက်တုံး(Barrier)များကို အသုံးပြုလျက်ရှိနေကြသည်။ လမ်းလယ်အတားအဆီး ဘလောက်တုံးများကို အနည်းဆုံး အသွားအပြန်ယာဉ်ကြောလေးကြောရှိသည့် လမ်းမကျယ်ကြီးများ၌ တွေ့ရှိနိုင်ပြီး အဆိုပါဘလောက်တုံးများကို ဆန့်ကျင်ဘက်ယာဉ်လမ်းကြောင်းများ၏ နယ်နိမိတ်အဖြစ်လည်းကောင်း၊ ဆန့်ကျင်ဘက်ယာဉ်ကြောကိုအသုံးပြုကာ စည်းကမ်းမဲ့စွာကျော်တက်မောင်းနှင်မည့် ယာဉ်မောင်းများ၏အန္တရာယ်မှ ကြိုတင်ကာကွယ်မှုတစ်ခုအဖြစ်လည်းကောင်း၊ ဆန့်ကျင်ဘက်ယာဉ်ကြောမှ အရှိန်ပြင်းစွာမောင်းနှင်လာသောကားများက အရှိန်လွန်ပြီး တစ်ဖက်ယာဉ်ကြောအတွင်းသို့ ရောက်ရှိမသွားစေရေးအတွက်လည်းကောင်း အသုံးပြုနေကြခြင်းဖြစ်သည်။

ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ လမ်းလယ်ဘလောက်တုံးများအဖြစ် ဖိုင်ဘာဘလောက်တုံးများကိုသာ အသုံးပြုနေကြသော်လည်း ဖွံ့ဖြိုးစနှင့် ဖွံ့ဖြိုးမှုနောက်ကျသောနိုင်ငံများ၌မူ လမ်းလယ်ဘလောက်တုံးများအဖြစ် ကွန်ကရစ်တုံးများ၊ သံတုံးများ၊ သစ်သားတုံးများ၊ ကျောက်တုံးများ စသည်တို့ကို သုံးစွဲလျက်ရှိနေကြသည်။ မော်တော်ကားနှင့် လမ်း၏ သဘောသဘာဝကို နားမလည်ခြင်း၊ အသိပညာဗဟုသုတနည်းပါးခြင်း၊ စီမံခန့်ခွဲမှုညံ့ဖျင်းခြင်း၊ လူ့အသက်ကိုတန်ဖိုးမထားခြင်းစသော ဉာဏ်ရည်ဉာဏ်သွေးနှင့် အရည်အချင်းဆိုင်ရာ ချို့တဲ့မှုများကြောင့် သုံးစွဲနေကြခြင်းများရှိသလို မြို့နေလူထု၏ စည်းကမ်းလိုက်နာမှု အားနည်းခြင်းကြောင့်သော်လည်းကောင်း၊ အကျင့်စာရိတ္တ ယိုယွင်းပျက်စီးနေသူများနှင့် အများအတွက်မစဉ်းစားဘဲ အတ္တအကျိုးကိုသာ ရှေ့တန်းတင်တတ်သူများ၏အန္တရာယ်မှ ကြိုတင်ကာကွယ်သည့်အနေဖြင့်လည်းကောင်း သုံးစွဲနေကြရခြင်းများကလည်း ရှိနေကြသည်။

မည်သို့ပင်ဆိုစေကာမူ လမ်းလယ်အတားအဆီးအဖြစ်သုံးစွဲနေကြသော ကွန်ကရစ်တုံးများအပါအဝင် လေးလံမာကျောကျစ်လျစ်သည့်ပစ္စည်းများသည် အကြောင်းအမျိုးမျိုးဖြင့် ယင်းတို့ကို ထိတွေ့ပွတ်တိုက်မိသော စက်တပ်ယာဉ်များနှင့် အဆိုပါယာဉ်များပေါ်၌ လိုက်ပါလာကြသည့် ခရီးသည်များကို ကြီးမားသောထိခိုက်ပျက်စီးမှုများ ဖြစ်စေနိုင်သည်ကို သတိပြုကြရန်လိုအပ်သည်။

မော်တော်ကားများအပါအဝင် ရွေ့လျားမောင်းနှင်နိုင်သည့် စက်တပ်ယာဉ်များ၏ သဘောသဘာဝအရ လေးလံမာကျောပြီး ထုထည်ပမာဏကြီးမားသော မျက်နှာပြင်တစ်ခုခုကို အရှိန်ပြင်းပြင်းဖြင့် တိုက်မိသည့်အခါ ယာဉ်မောင်းသူနှင့်တကွ ခရီးသည်များအဖို့ အသက်အန္တရာယ်အထိ ဖြစ်ပွားနိုင်ခြေရှိနေကြသည်။

မော်တော်ကားခေတ်ဦးကာလများက ကား၏ရှေ့နှင့်နောက် ဘမ်ပါများကို ထူထဲလေးလံသောသံပြားများဖြင့်ပြုလုပ်ကာ တပ်ဆင်ထုတ်လုပ်ခဲ့ကြသည်။ ထိုခေတ်ကာလများကထုတ်လုပ်ခဲ့သော မော်တော်ကားများအားလုံး၏ ယာဉ်ကိုယ်ထည်အခွံ(Shell)ကလည်း ထူထဲသောသံပြားများဖြင့်ပင် ပြုလုပ်ထားသည့်အစိတ်အပိုင်းများ ဖြစ်ခဲ့ကြသည်။ အကြောင်းကြောင်းကြောင့် ယာဉ်တိုက်မှုဖြစ်သည့်အခါ ကားအချင်းချင်းတိုက်မိသည်ဖြစ်စေ၊ ကားနှင့် သစ်ပင်၊ အုတ်ခုံစသည်တို့ တိုက်မိသည်ဖြစ်စေ ထူထဲမာကျောလှသည့် ဘမ်ပါနှင့် ယာဉ်ကိုယ်ထည်အခွံများသည် လွယ်လင့်တကူ ချိုင့်ဝင်ကွဲအက်ခြင်းမရှိသည့်အတွက် တိုက်မိသောအား(Force)၏ ရာနှုန်းပြည့်နီးပါးသည် ယာဉ်မောင်းသူနှင့် ကားပေါ်ပါခရီးသည်တို့ထံကျရောက်ကာ ပြင်းထန်စွာဒဏ်ရာရခြင်း၊ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းများ ကျိုးပဲ့ပျက်စီးခြင်းနှင့် အသက်ဆုံးရှုံးခြင်းများကို ဖြစ်ပွားစေခဲ့သည်။

မော်တော်ကားထုတ်လုပ်မှုနည်းပညာများ တိုးတက်ပြောင်းလဲလာသည့်အခါ အိမ်သုံးကားငယ်လေးများနှင့် ပစ်ကပ်ကားများ၊ လိုက်ထရပ်နှင့် မိုက်ခရိုဘတ်စ်ကားများ၏ ဘမ်ပါများကို အရည်အသွေးမြင့်ဖိုင်ဘာများဖြင့် တပ်ဆင်ထုတ်လုပ်လာကြသလို ယာဉ်ကိုယ်ထည်အခွံများကိုလည်း ပါးလွှာပြီး အရည်အသွေးကောင်းသော သံပြားများ၊ ခေတ်သစ်ကာဗွန်ဖိုင်ဘာများဖြင့် ထုတ်လုပ်လာကြသည်။

ခေတ်သစ်မော်တော်ကားများအဖို့ ယာဉ်တိုက်မှုတစ်စုံတစ်ရာ ဖြစ်ပေါ်သည့်အခါ ဘမ်ပါက လွယ်လင့်တကူပင် ချိုင့်ဝင်ကျိုးပဲ့သွားမည်ဖြစ်၍ ထိုကဲ့သို့ ကွဲအက်ပျက်စီးသွားခြင်းကြောင့် တိုက်မိသည့်အား၏ ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ လျော့ကျသွားလိမ့်မည်ဖြစ်သည်။ အလားတူပင် ပါးလွှာသော ယာဉ်ကိုယ်ထည်အခွံများကလည်း သာမန်အားဖြင့် အလွယ်တကူကွဲအက်နိုင်ခြင်းမရှိသည့်တိုင် ပြင်းထန်သောအားဖြင့်တိုက်မိသည့်အခါ ချိုင့်ဝင်သွားခြင်းဖြင့် တိုက်မိသည့်အား၏ အချို့အဝက်ကို လျော့ကျသွားစေလိမ့်မည်ဖြစ်သည်။

ဤသို့အားဖြင့် ယနေ့ခေတ်မော်တော်ကားများအဖို့ ယာဉ်တိုက်မှုဖြစ်သည့်အခါ ယာဉ်မောင်းသူနှင့် ခရီးသည်များထံသို့ တိုက်မိသည့်အား၏ ၆၀ ရာခိုင်နှုန်းခန့်သာ သက်ရောက်လာမည်ဖြစ်ပြီး အသက်အန္တရာယ်ဖြစ်ရသည့်အဆင့်အထိ ရောက်ရှိရန် အခွင့်အလမ်းနည်းပါးသွားသည်။ ထိုသို့သောအခြေအနေမျိုး၌ ယာဉ်မောင်းသူနှင့် ခရီးသည်များအဖို့လည်း ထိုင်ခုံခါးပတ်ကိုပတ်ထားပြီး လေအိတ်(Air Bag)၏ ထောက်ကူပေးမှုကိုပါ ရရှိမည်ဆိုပါကမူ ယာဉ်တိုက်မှုကြောင့် အသက်ဆုံးရှုံးနိုင်ခြေ သိသာစွာလျော့ပါးသွားလိမ့်မည်ဖြစ်သည်။

ယနေ့ခေတ် မော်တော်ကားတပ်ဆင်ထုတ်လုပ်မှု နည်းပညာများက တိုးတက်ပြောင်းလဲလာသလို လမ်းလယ်အတားအဆီး ဘလောက်တုံးများကိုလည်း အရည်အသွေးမြင့် ဖိုင်ဘာကုန်ကြမ်းများဖြင့်သာ ထုတ်လုပ်အသုံးပြုကြမည်ဆိုလျှင် ယနေ့ခေတ်ပေါ်မော်တော်ကားတစ်စီးအဖို့ အကြောင်းတစ်စုံတစ်ရာကြောင့် လမ်းလယ်အတားအဆီးဘလောက်တုံးများကို အရှိန်ပြင်းပြင်းဖြင့် တိုက်မိသည့်တိုင် ဘလောက်တုံးများ လွယ်လင့်တကူကျိုးပဲ့ပျက်စီးသွားခြင်းဖြင့် ယာဉ်မောင်းသူနှင့် ခရီးသည်များအဖို့ အသက်ဆုံးရှုံးရလောက်သည့်အဆင့်အထိ ရောက်ရှိသွားရန် ခဲယဉ်းလိမ့်မည်ဖြစ်သည်။

သို့ရာတွင် ကွန်ကရစ်တုံးနှင့် သံတုံးကဲ့သို့သော မာကျောကျစ်လျစ်ပြီး ထူထဲလေးလံသည့်ပစ္စည်းကြီးများကို တိုက်မိခဲ့လျှင်မူ တိုက်မိသောကား၏ဘမ်ပါနှင့် ကိုယ်ထည် အခွံများက လွယ်လင့်တကူ ချိုင့်ဝင်ကွဲအက်သွားမည်ဖြစ်သော်လည်း အတိုက်ခံရသည့်မျက်နှာပြင်၏ ကြီးမားသောခုခံအားကြောင့် တိမ်းမှောက်မှုဖြစ်ပွားကာ ကားတစ်စီးလုံးပျက်စီးခြင်း ယာဉ်မောင်းသူနှင့် ခရီးသည်များ ပြင်းထန်စွာဒဏ်ရာရရှိခြင်းမှ အသက်ဆုံးရှုံးရခြင်းများအထိ ဖြစ်ပွားနိုင်ခြေရှိသည်။



အင်္ဂလန်နိုင်ငံ လမ်းမကြီးတစ်ခုပေါ်၌ ချထားသော Heavy-duty ဘလောက်တုံးများ

ထို့ကြောင့်ပင် ကားလမ်းမကျယ်ကြီးများ၌အသုံးပြုမည့် လမ်းလယ်အတားအဆီး ဘလောက်တုံးများကို အရည်အသွေးမြင့်မားသော ဖိုင်ဘာကုန်ကြမ်းများဖြင့်သာ ထုတ်လုပ်သုံးစွဲရန် သိပ္ပံပညာရှင်တို့က အကြံပြုခဲ့ကြခြင်းဖြစ်သည်။ ဖွံ့ဖြိုးပြီးနိုင်ငံများ၏ လမ်းမကျယ်ကြီးများ၌ ဖိုင်ဘာဖြင့်ပြုလုပ်ထားသော ဘလောက်တုံးများကိုသာ သုံးစွဲခဲ့ကြသည်မှာ ဆယ်စုနှစ်ပေါင်းများစွာပင် ကြာမြင့်ခဲ့ပြီ ဖြစ်သည်။

ကွန်ကရစ်ဘလောက်တုံးများကို လမ်းလယ်အတားအဆီးများအဖြစ် အသုံးပြုနေမှုကြောင့် အဆိုပါကွန်ကရစ်တုံးများကိုတိုက်မိကာ အသက်အန္တရာယ်ဖြစ်ပွားလျက်ရှိနေသည့်တိုင် ဖွံ့ဖြိုးမှုနောက်ကျသောနိုင်ငံများ၌ လမ်းလယ်အတားအဆီးအဖြစ် ကွန်ကရစ်တုံးများကို ဆက်လက်သုံးစွဲနေကြဆဲပင်ဖြစ်သည်။ ကွန်ကရစ်ဘလောက်တုံးများ၏အန္တရာယ် မည်မျှကြီးမားသည်ဆိုသည့် ပြယုဂ်များအဖြစ် သံရုံးအချို့၌လည်းကောင်း၊ ပါလီမန်အဆောက်အအုံများ၌လည်းကောင်း၊ သမ္မတအိမ်တော်များ၌လည်းကောင်း၊ စစ်ဌာနချုပ်များ၌လည်းကောင်း ကွန်ကရစ်တုံးကြီးများဖြင့် တားဆီးကာရံထားကြသည်ကို တွေ့ရှိနိုင်သည်။

အဆိုပါနေရာများအတွင်းသို့ ခွင့်ပြုချက်မရဘဲ အင်အားသုံးပြီးဝင်ရောက်လာခြင်းမျိုး မပြုလုပ်နိုင်အောင်နှင့် ကားကိုအရှိန်ပြင်းပြင်းမောင်းပြီး ဝင်ရောက်လာခြင်းမျိုး မပြုလုပ်နိုင်အောင် ကြိုတင်ကာကွယ်တားဆီးထားခြင်းဖြစ်ပြီး အကယ်၍ ကားဖြင့် အရှိန်ပြင်းစွာဝင်ရောက်လာခဲ့လျှင်လည်း ကွန်ကရစ်တုံး၏ ကြီးမားသောခုခံအားကြောင့် ဝင်ရောက်တိုက်မိသောကားမှာ ဆိုးဆိုးရွားရွားထိခိုက်ပျက်စီးကာ အကြမ်းဖက်သူများ ထိခိုက်သေကျေစေရန် စနစ်တကျ စီမံလုပ်ဆောင်ထားခြင်းဖြစ်သည်။

လမ်းလယ်ကွန်ကရစ်တုံးများသည် အလင်းရောင်ကောင်းစွာရရှိနေသည့် နေ့အချိန်၌ပင် ဤမျှအန္တရာယ်ရှိနေသည်ဖြစ်ရာ ညအခါ၌ ကားမောင်းသူများအတွက်ဆိုလျှင် အန္တရာယ်က ပို၍ပင်ကြီးမားလှသည်။ ယေဘုယျအားဖြင့် အသက် ၅၀ နှစ်နှင့်အထက် လူကြီးပိုင်းအရွယ် ယာဉ်မောင်းသူများအတွက် လမ်းလယ်ကွန်ကရစ်တုံးများက ညအချိန်တွင် အထူးပင်အန္တရာယ်ရှိနေသည်။ လမ်းလယ်ကွန်ကရစ်တုံးကိုသော်လည်းကောင်း၊ ဖိုင်ဘာဘလောက်တုံးများကိုသော်လည်းကောင်း ဆန့်ကျင်ဘက်ယာဉ်ကြောများ၏ နယ်နိမိတ်အဖြစ် လမ်းမပေါ်၌ချထားရာတွင် ယာဉ်လမ်းကြောင်းများပေါ်ရှိ မောင်းနှင်လာသောယာဉ်များအားလုံးအတွက် ညအခါ ထင်သာမြင်သာရှိအောင် ရောင်ပြန်ပြားများကို ဘလောက်တုံးတိုင်းတွင် မဖြစ်မနေကပ်ထားရန် လိုအပ်သည်။

ရောင်ပြန်ပြားများ ကပ်မထားလျှင်သော်လည်းကောင်း၊ ကပ်ထားသောရောင်ပြန်ပြားများကို ရေရှည်တည်တံ့အောင် မထိန်းသိမ်းနိုင်လျှင်သော်လည်းကောင်း၊ ရောင်ပြန်ပြားမရှိသော ဘလောက်တုံးများနှင့် ရောင်ပြန်ပြားပျက်စီးနေသော ဘလောက်တုံးများသည် ညအခါ ကားမောင်းသူတို့အတွက် အန္တရာယ်ကို ဖိတ်ခေါ်လျက်ရှိနေကြသည်။ အကယ်၍ လမ်းလယ်ဘလောက်တုံးများ၌ ရောင်ပြန်ပြားများ ကပ်မထားနိုင်လျှင် အဆိုပါဘလောက်တုံးကို အရောင်နှစ်မျိုး ခြယ်သထားရန် လိုအပ်သည်။ ထိုအရောင်နှစ်မျိုးမှာ အဝါရောင်နှင့် အဖြူရောင်တို့ ဖြစ်ကြသည်။

အဝါရောင်သည် နေအလင်းရောင်ရှိသော နေ့အခါ၌ ထင်သာမြင်သာရှိစေရန်အတွက်ဖြစ်ပြီး၊ အဖြူရောင်ကမူ နေအလင်းရောင်မရှိတော့သော ညအခါ၌ ထင်သာမြင်သာရှိစေရန်ဖြစ်သည်။ ယာဉ်လမ်းကြောင်းအတိုင်း အလျားလိုက်ရှိနေသော မျက်နှာပြင်ကို အဝါရောင်ခြယ်သရန်ဖြစ်ပြီး ယာဉ်လမ်းကြောင်းနှင့် ကန့်လန့်ဖြတ်ရှိနေသောမျက်နှာပြင်ကို အဖြူရောင်ခြယ်သထားရန် လိုအပ်သည်။ သို့မှသာလျှင် နေ့အခါ၌ကားမောင်းသူတို့က ဘလောက်တုံးများ၏ အဝါရောင်မျက်နှာပြင်များကို လွယ်လင့်တကူမြင်တွေ့နိုင်သလို ညအခါကားမောင်းသူတို့ကလည်း ဘလောက်တုံးများ၏ အဖြူရောင်မျက်နှာပြင်ကို လွယ်လင့်တကူမြင်တွေ့နိုင်ကြကာ ထိခိုက်တိုက်မိမှုအန္တရာယ်တို့မှ ရှောင်ရှားနိုင်ကြလိမ့်မည်ဖြစ်ပေသည်။

လမ်းလယ်အတားအဆီး ဘလောက်တုံးများသည် ယာဉ်လမ်းကြောင်းထိန်းသိမ်းရေးလုပ်ငန်းအတွက် အထောက်အကူပြုပစ္စည်းများ ဖြစ်ကြသည့်အားလျော်စွာ သတ်မှတ်ထားသော ယာဉ်လမ်းကြောင်းများအတိုင်း စည်းကမ်းနှင့်အညီ မောင်းနှင်သွားလာနိုင်ကြစေရန် အထောက်အကူပြုပေးနိုင်ကြသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတို့တွင် အနည်းဆုံး ယာဉ်ကြောလေးကြောရှိသော လမ်းမကျယ်ကြီးများ၌ ဆန့်ကျင်ဘက်ယာဉ်ကြောများ၏ အပိုင်းအခြားနယ်နိမိတ်အဖြစ် အုတ်ခုံများ၊ ဓာတ်မီးတိုင်များ၊ လက်ရမ်းတန်းများ၊ သံဆန်ခါကွက်များ၊ သံပန်းကွက်များ၊ ပန်းပင်စိုက်ထားသည့် အုတ်ခုံများ၊ သံပိုက်တန်းများ၊ ကွန်ကရစ်လမ်းလယ်ကျွန်းများ၊ သစ်ပင်စိုက်ထားသော လမ်းလယ်ကျွန်းများ အစရှိသည်တို့ကို တပ်ဆင်တည်ဆောက် အသုံးပြုနေကြသည့်တိုင် လမ်းလယ်အတားအဆီး ဘလောက်တုံးများကိုလည်း ဘေးဖယ်ထား၍ မရနိုင်ပေ။

အဘယ်ကြောင့်ဆိုသော် ဘလောက်တုံးများကို လမ်းလယ် အတားအဆီးများအဖြစ် ချထားသော လမ်းမကြီးများပေါ်၌ အရေးပေါ်ကိစ္စဖြင့် အလျင်အမြန်မောင်းနှင်သွားလာကြရသော လူနာတင်ယာဉ်များ၊ မီးသတ်ယာဉ်များ၊ လုံခြုံရေးတပ်ဖွဲ့ယာဉ်များ စသည်တို့အတွက် အရေးပေါ်အခြေအနေအရ ချိုးကွေ့ရန်လိုအပ်သည့်အခါနှင့် ဂငယ်ကွေ့ကွေ့ရန် လိုအပ်သည့်အခါများ၌ လမ်းလယ်ဘလောက်တုံးများကို အချိန်တိုအတွင်းမှာပင် ယာယီအားဖြင့် ချက်ချင်းဖယ်ရှားလိုက်နိုင်သောကြောင့် ခရီးလမ်းကြောင်းတိုတောင်းသွားကာ လူနာ၏အသက်ကို အချိန်မီကယ်တင်နိုင်ခြင်း၊ အချိန်မီ မီးငြိမ်းသတ်နိုင်ခြင်း၊ လုံခြုံမှုထိန်းသိမ်းရေးတာဝန်ကို အချိန်မီထမ်းဆောင်နိုင်ခြင်း စသော ကောင်းကျိုးများကို ရရှိစေနိုင်သောကြောင့်ဖြစ်သည်။

ထိုကဲ့သို့သော အရေးပေါ်အခြေအနေမျိုးများတွင် သက်ဆိုင်ရာတာဝန်ရှိသူတို့က လမ်းလယ်ဘလောက်တုံးများကို ဖယ်ရှားရာ၌ လွယ်လင့်တကူရွှေ့ပြောင်းဖယ်ရှားနိုင်သော ဖိုင်ဘာဘလောက်တုံးဖြစ်နေမှသာလျှင် အကျိုးရလဒ်ကောင်းများကို ရရှိနိုင်မည်ဖြစ်သည်။ အကယ်၍ အတားအဆီးအဖြစ်ချထားသည့် ဘလောက်တုံးများသည် သာမန်အားဖြင့် ကြံ့ခိုင်သန်မာသော လူလေးဦးခန့်၏ခွန်အားဖြင့် သယ်မမှသာလျှင် ရွှေ့ပြောင်းခြင်းပြုနိုင်သော ကွန်ကရစ်ဘလောက်တုံးများ ဖြစ်နေသည်ဆိုလျှင်မူ အရေးပေါ်အခြေအနေမျိုး၌ အလျင်အမြန် မောင်းနှင်သွားလာကြရမည့် သက်ဆိုင်ရာတာဝန်ရှိယာဉ်များအဖို့လည်း အကျိုးရှိနိုင်မည် မဟုတ်ပေ။

ဖိုင်ဘာဘလောက်တုံးများကို လမ်းလယ်အတားအဆီးများအဖြစ် ချထားမည်ဆိုပါက မသမာသူများ၏ရန်ကို စိုးရိမ်နေရပါသည်ဟူသော အကြောင်းပြချက်မျိုးအတွက်ကိုမူ စီမံခန့်ခွဲရေးဆိုင်ရာ နည်းလမ်းကောင်းများဖြင့် ဖြေရှင်းဆောင်ရွက်သွားကြရမည်သာဖြစ်ပေသည်။ ။

**ခေတ်သစ်မော်တော်ကားများအဖို့ ယာဉ်တိုက်မှုတစ်စုံတစ်ရာ ဖြစ်ပေါ်သည့်အခါ ဘမ်ပါက လွယ်လင့်တကူပင် ချိုင့်ဝင်ကျိုးပဲ့သွားမည်ဖြစ်၍ ထိုကဲ့သို့ ကွဲအက်ပျက်စီးသွားခြင်းကြောင့် တိုက်မိသည့်အား၏ ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ လျော့ကျသွားလိမ့်မည်ဖြစ်သည်။ အလားတူပင် ပါးလွှာသော ယာဉ်ကိုယ်ထည်အခွံများကလည်း သာမန်အားဖြင့် အလွယ်တကူ ကွဲအက်နိုင်ခြင်းမရှိသည့်တိုင် ပြင်းထန်သောအားဖြင့်တိုက်မိသည့်အခါ ချိုင့်ဝင်သွားခြင်းဖြင့် တိုက်မိသည့်အား၏ အချို့အဝက်ကို လျော့ကျသွားစေလိမ့်မည်ဖြစ်သည်။ ဤသို့အားဖြင့် ယနေ့ခေတ်မော်တော်ကားများအဖို့ ယာဉ်တိုက်မှုဖြစ်သည့်အခါ ယာဉ်မောင်းသူနှင့် ခရီးသည်များထံသို့ တိုက်မိသည့်အား၏ ၆၀ ရာခိုင်နှုန်းခန့်သာ သက်ရောက်လာမည်ဖြစ်ပြီး အသက်အန္တရာယ်ဖြစ်ရသည့် အဆင့်အထိရောက်ရှိရန် အခွင့်အလမ်းနည်းပါးသွားသည်။**

# မြန်မာနိုင်ငံတွင် ငွေကြေးဝန်ဆောင်မှုများ တိုးချဲ့နိုင်ရန် ကမ္ဘာ့ဘဏ်မှ ဒေါ်လာသန်း ၁၀၀ ချေးမည်

**ရန်ကုန် ဒီဇင်ဘာ ၂၈**

မြန်မာနိုင်ငံရှိ ပြည်သူများ၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် အကျိုးပြုနိုင်မည့် ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံအစိုးရအား အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကို ကမ္ဘာ့ဘဏ်က ချေးငွေအဖြစ် ပေးအပ်သွားမည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ် ဒါရိုက်တာဘုတ်အဖွဲ့၏ ဒီဇင်ဘာ ၂၁ ရက်က သတင်းထုတ်ပြန်ချက်အရ သိရသည်။

မြန်မာနိုင်ငံ ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းသည် ခိုင်မာအားကောင်းပြီး တည်ငြိမ်သည့် ငွေကြေးကဏ္ဍတစ်ရပ်ကို ဖော်ဆောင်မြှင့်တင်နိုင်ရန် ရည်ရွယ်ထားပြီး တစ်နိုင်ငံလုံးတွင် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ တိုးချဲ့နိုင်ရန်၊ ချေးငွေနှင့် ငွေရေးကြေးရေး ဝန်ဆောင်မှုအမျိုးမျိုးကို တိုးတက်ရရှိနိုင်စေရန် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး အသေးစား ငွေချေးလုပ်ငန်းများနှင့် အာမခံလုပ်ငန်း ကဏ္ဍများကိုလည်း မြှင့်တင်သွားနိုင်ရန် ရည်ရွယ်ထားသည်။

နိုင်ငံပိုင်ဘဏ်များကို ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခြင်း၊ ငွေရေးကြေးရေးကဏ္ဍ၏ ဥပဒေနှင့် ကြီးကြပ်ကွပ်ကဲမှုမူဘောင်များကို အားကောင်းခိုင်မာစေရန် ဆောင်ရွက်ခြင်း၊ ငွေရေးကြေးရေးကဏ္ဍ အခြေခံအဆောက်အအုံများကို ခေတ်မီတိုးတက်စေခြင်းဖြင့် ပြည်သူများ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အကျိုးပြုနိုင်မည့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရာတွင် ယခုစီမံကိန်းက အထောက်အကူပြုမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ငွေရေးကြေးရေးဝန်ဆောင်မှုများနှင့် အလှမ်းဝေးနေဆဲဖြစ်သည့် ဒေသများမှ ပြည်သူများအတွက် အခြေခံကျသည့် ငွေကြေးဝန်ဆောင်မှုအမျိုးမျိုးကို ရရှိနိုင်အောင် ကူညီနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြောကြားသည်။

မြန်မာနိုင်ငံ၌ ဘဏ်ဝန်ဆောင်မှုများနှင့် ငွေရေးကြေးရေးကဏ္ဍသည် ၂၀၁၂ ခုနှစ်မှစတင်၍ တိုးတက်လာလျက်ရှိသော်လည်း တိုင်းပြည်၏ တိုးတက်လျက်ရှိသည့် စီးပွားရေးလုပ်ငန်းများ၏ လိုအပ်ချက်များကို ထိထိရောက်ရောက်ဖြည့်ဆည်းပေးနိုင်ခြင်း မရှိသေးကြောင်း၊ ကမ္ဘာပေါ်တွင် ငွေကြေးဝန်ဆောင်မှုကို အသုံးပြုနိုင်မှု နောက်အကျဆုံး နိုင်ငံများတွင် မြန်မာနိုင်ငံသည် ပါဝင်နေဆဲဖြစ်ကြောင်း သိရသည်။

ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအားဖြင့် တစ်နိုင်ငံလုံးမှပြည်သူများအနေဖြင့် ငွေရေးကြေးရေးဝန်ဆောင်မှု အမျိုးမျိုးနှင့် အသေးစားချေးငွေများကို ပိုမိုရရှိလာနိုင်မည်ဖြစ်ကြောင်း၊ ကမ္ဘာ့ဘဏ်အနေဖြင့် ယခုစီမံကိန်းကို အကောင်အထည်ဖော်ခြင်းဖြင့် မြန်မာနိုင်ငံအစိုးရကို ကူညီနိုင်မည်ဖြစ်သည့်အတွက် ဝမ်းမြောက်ကြောင်း ကမ္ဘာ့ဘဏ်၏ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Ulrich Zachau က ပြောသည်။

အဆိုပါချေးငွေသည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အထူးရည်ရွယ်ထားသည့် ကမ္ဘာ့ဘဏ်၏ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအဖွဲ့(International Development Association)၏ ရန်ပုံငွေမှဖြစ်ပြီး အတိုးမဲ့ နှစ်ရှည်ချေးငွေဖြစ်ကာ ချေးငွေသက်တမ်းမှာ ၃၈ နှစ်ဖြစ်ကြောင်းနှင့် ချေးငွေပြန်ဆပ်ရန် ဆိုင်းငံ့ကာလ ခြောက်နှစ် ရရှိမည်ဖြစ်ကြောင်း သိရသည်။

**ခင်ရတနာ**



ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြို့နယ်သံဃနာယကကျောင်းတိုက်၌ ဒီဇင်ဘာ စတုတ္ထပတ်က အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ဒုတိယခရိုင်မှူး လက်ထောက်ညွှန်ကြား ရေးမှူး ဦးဝင်းမြင့်က ရဟန်း၊ သာမဏေ စုစုပေါင်း ၁၇၉ ပါးတို့၏ သာသနာ့ဝင် စိစစ်ရေးကတ်ပြားများကို မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဉာဏဓဇအား ဆက်ကပ်ပူဇော်စဉ်

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

## ကလေးသူငယ်များ ဗဟုသုတဖွံ့ဖြိုးရေးပန်းချီပြိုင်ပွဲ

**ကျိုက်မရော ဒီဇင်ဘာ ၂၈**

ကျိုက်မရောမြို့နယ်အတွင်း ကျောင်းနေအရွယ် ကလေးသူငယ်များအား အထွေထွေ ဗဟုသုတဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပန်းချီပြိုင်ပွဲကို ဒီဇင်ဘာ ၂၇ ရက် က မြို့နယ်ရုံး ပြည်သူ့စာကြည့်တိုက်၌ ကျင်းပခဲ့သည်။

ထို့နောက် ကလေးများအား သုတ၊ ရသ စာအုပ်စာပေအကြောင်း သိကောင်းစရာများနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း သိကောင်းစရာများ၊ ကွမ်းစား ခြင်း၏ ဆိုးကျိုးများစသည့် နံရံကပ်စာစောင်များအား လေ့လာစေခဲ့ကြောင်း သိရသည်။

**နိုင်ထွန်း(ပြန်/ဆက်)**



## လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို ကဗျာပြိုင်ပွဲကျင်းပ

**လှိုင်းဘွဲ ဒီဇင်ဘာ ၂၈**

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်တွင် (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ကဗျာပြိုင်ပွဲကို အခြေခံပညာ ဦးစီးဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဒီဇင်ဘာ ၂၇ ရက်က ပြည်သူ့စာကြည့်တိုက်၌ ကျင်းပခဲ့သည်။

ကလေးများ၏ အတွေးအခေါ်နှင့် ဉာဏ်ရည်ဉာဏ်သွေးထက်မြက်လာစေရေး၊ စိတ်ကူးစိတ်သန်းများ ရင့်ကျက်လာစေရေးနှင့် မမေ့အပ်သည့် နေ့တစ်နေ့ဖြစ်သော လွတ်လပ်ရေးနေ့ကို အစဉ်သတိရနေစေရန်စသည့် ရည်ရွယ်ချက်များဖြင့် ပြိုင်ပွဲများကိုကျင်းပခြင်းဖြစ်ပြီး အ.မ.က(၂)နှင့် အ.မ.က(၅)(လွန်) ကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၆ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆုရရှိသူများကို ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့တွင် ဆုများပေးအပ် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ပုဂံရွှေဟောင်းသမိုင်းဝင် ဘုရားအမှတ် ၉၈၀(ဃ) (၁၃)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပ

**ပုဂံ ဒီဇင်ဘာ ၂၈**

ဒဂုံတက္ကသိုလ် သင်္ချာမိသားစု (၂၀၀၁-၂၀၀၆) ကသိုလ်တော် ပုဂံရွှေဟောင်းဘုရားအမှတ် ၉၈၀(ဃ) ပညာသိပ္ပမေ္မရံသီ စေတီတော်မြတ်၏ (၁၃)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ဘုရားရင်ပြင်တော်၌ ဒီဇင်ဘာ ၂၅ ရက်က ကျင်းပခဲ့သည်။

ဗုဒ္ဓပူဇနီယပွဲတော် အခမ်းအနားသို့ ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေမှ သက်တော်ရှည်ဆရာတော်ကြီးများဖြစ်ကြသော ရှင်မထီးကျောင်းဆရာတော်၊ ရတနာကံကျောင်းဆရာတော်၊ ဂိတ်ကျောင်းဆရာတော်နှင့် ကန်ဇွန်းတော်ကျောင်းဆရာတော်၊ မန္တလေး-ရန်ကုန် ဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်၊ ဒုတိယပါမောက္ခချုပ်ဆရာတော်တို့နှင့် ပုဂံ-ညောင်ဦး၊ ပခုက္ကူ၊ မန္တလေး၊ တောင်သာ၊ ဝဲလောင်ဒေသများမှ ဆရာတော် သံဃာတော် အပါး ၃၀ ကြွရောက်၍ အနေကဇာတင်ပေးကြပြီး ဒဂုံတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(ငြိမ်း) ဦးတင်လတ်၊ အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)ဦးစိန်ဝင်း၊ သမိုင်းသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)ဒေါက်တာမြင့်သိန်း၊ ရန်ကုန်တက္ကသိုလ်မြန်မာစာပါမောက္ခ(ငြိမ်း)ဦးလှမြင့် စသည့် အငြိမ်းစား ပါမောက္ခများနှင့် သင်္ချာကထိကများ၊ ဒဂုံတက္ကသိုလ် သင်္ချာကျောင်းသားဟောင်းများ၊ အလှူရှင်များ တက်ရောက်ကြည်ညိုခဲ့ကြသည်။

အခမ်းအနားတွင် မန္တလေး-ရန်ကုန် ဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတမထေရ်မြတ်မှ သြဝါဒကထာချီးမြှင့်ပြီး အလှူရှင်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ဓမ္မရာဇကစေတီတော် ဗုဒ္ဓပူဇနီယပွဲ ဆွမ်းသပိတ် ၅၄ လုံးအတွက် အလှူငွေ ကျပ်တစ်သိန်းကိုးသောင်းကို မြန်မာသံတော်ဆင့်သတင်းဌာန အမှုဆောင်အရာရှိချုပ် ဦးကျော်စွာဝင်းနှင့် ဇနီးတို့က ပေးအပ်လှူဒါန်းခဲ့သည်။

**(မြန်မာ့အလင်း)**

## လူငယ်ဘောလုံးပြိုင်ပွဲကျင်းပနိုင်ရေး အလှူငွေပေးအပ်

**ဂန့်ဂေါ ဒီဇင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်တွင် လူငယ်ဘောလုံးပြိုင်ပွဲကျင်းပနိုင်ရေး အလှူငွေပေးအပ်ပွဲကို ဒီဇင်ဘာ ၂၇ ရက်က ဂန့်ဂေါခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနတွင်ပြုလုပ်ရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဇင်က ဂုဏ်ပြုစကားပြောကြားသည်။

အလှူငွေပေးအပ်ပွဲတွင် Global World Insurance Co.,LTD ဒါရိုက်တာ ဦးစိုးဝင်းသန့်က အလှူငွေပေးအပ်ခြင်းနှင့် အာမခံလုပ်ငန်းများအကြောင်းကို လည်းကောင်း၊ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နွဲ့က ဘောလုံးပွဲကျင်းပခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဒါရိုက်တာဦးစိုးဝင်းသန့်က လူငယ်ဘောလုံးပွဲကျင်းပနိုင်ရေး အလှူငွေကျပ် ၁၀ သိန်းကို နည်းစနစ်မှူး ဦးဌေးမင်းထံ ပေးအပ်လှူဒါန်းသည်။

အဆိုပါ အလှူငွေပေးအပ်ပွဲသို့ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်လင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြ၍ အထူးခရီးသွားအာမခံ၊ အသက်အာမခံ၊ မီးအာမခံ၊ အလုံးစုံမော်တော်ယာဉ်အာမခံ၊ ကျန်းမာရေးအာမခံကိစ္စများကို တင်ပြဆွေးနွေးကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ဗိုလ်လောင်းသင်တန်းကျောင်း ပရဟိတအသင်းက အုတ်ရေကန်ဆောက်လုပ်လှူဒါန်း

**ငါ့သရောက် ဒီဇင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့ အမှတ်(၄) သိမ်တော်ရပ်ကွက်ရှိ ဘုန်းတော်ကြီးကျောင်း၌ ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ် အမှတ်စဉ်(၅၉) ဗိုလ်လောင်းသင်တန်းကျောင်း မေတ္တာစမ်းရေ ပရဟိတလူမှုကူညီရေးအသင်းသားများ၏ လှူဒါန်းမှုဖြင့် ဂါလန် ၂၀၀ ဆံ့ အုတ်ရေလှောင်ကန်တစ်လုံးကို ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါဘုန်းတော်ကြီးကျောင်း အုတ်ရေလှောင်ကန်သည် ငွေကျပ် ၁၅ သိန်းခန့်တန်ဖိုးရှိပြီး ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ် အမှတ်စဉ်(၅၉) ဗိုလ်လောင်းသင်တန်းကျောင်း (မေတ္တာစမ်းရေ) ပရဟိတလူမှုကူညီရေးအသင်းမှ အဖွဲ့ခေါင်းဆောင် ဦးမြတ်မင်းကိုက ဦးဆောင်၍ ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း၊ ဘုန်းတော်ကြီးကျောင်းတွင် သီတင်းသုံးနေထိုင်လျက်ရှိသည့် သံဃာများအတွက် လိုအပ်သောသောက်သုံးရေများ သိုလှောင်ထားရှိနိုင်ပြီး ရေလုံလောက်စွာအသုံးပြုနိုင်ရေးအတွက် လှူဒါန်းခြင်းဖြစ်ကြောင်း၊ အုတ်ရေလှောင်ကန် တည်ဆောက်မှုလုပ်ငန်းများမှာ ဒီဇင်ဘာ ၂၆ ရက်တွင် ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

## တောင်သူများအား စိုက်ပျိုးနည်းပညာပေးဆွေးနွေး

**နတ်မောက် ဒီဇင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်အတွင်း ကျေးရွာအုပ်စုလေးခုမှ တောင်သူများအား စိုက်ပျိုးရေးနည်းပညာပေးဆွေးနွေးပွဲကို နတ်မောက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ဒီဇင်ဘာ ၂၆ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကြည်မြင့်က သီးနှံစိုက်ပျိုးရေးနည်းစနစ်များနှင့် နွေနှမ်းစိုက်ပျိုးရေး နည်းပညာများကိုလည်းကောင်း၊ ဒုတိယဦးစီးမှူး ဒေါ်နွယ်နွယ်ခိုင်က နွေစပါးစိုက်ပျိုးရေး နည်းပညာများနှင့် ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး သုံးစွဲခြင်းဆိုင်ရာ နည်းပညာများကိုလည်းကောင်း၊ ဒုတိယလက်ထောက်ဦးစီးမှူး ဦးမင်းသူက သဘာဝမြေသြဇာနှင့် သဘာဝရွက်ဖျန်းမြေသြဇာများ ပြုလုပ်သုံးစွဲသည့် နည်းပညာများကိုလည်းကောင်း တောင်သူများအား ဆွေးနွေးဟောပြောခဲ့ကြပြီး တောင်သူများကလည်း ဓာတုဓာတ်မြေသြဇာများနှင့် ဓာတုပိုးသတ်ဆေးများနေရာတွင် အစားထိုးသုံးစွဲနိုင်ရန် အလွယ်တကူပြုလုပ်နိုင်သော သဘာဝမြေသြဇာနှင့် သဘာဝပိုးသတ်ဆေးများ ပြုလုပ်ခြင်းနှင့်ပတ်သက်၍ မရှင်းသည့်အချက်များကို ပြန်လည်မေးမြန်းကာ မြို့နယ်ဦးစီးမှူးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**လှဝင်း(နတ်မောက်)**

ပဲခူးတိုင်းဒေသကြီးအတွင်း မူခင်းကျဆင်းရေးအတွက် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးမင်းထိုက်၏လမ်းညွှန်မှုအရ ရဲတပ်ဖွဲ့၏ မှုခင်းပညာပေးယာဉ်ဖြင့် အသိပညာပေးမှုများကို မြို့နယ်များတွင် လိုက်လံဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၇ ရက်တွင် သနပ်ပင်မြို့ ဈေးပိုင်းရပ်ကွက်နှင့် ရေကျောကျေးရွာတို့မှ ကျောင်းသား ကျောင်းသူများအား အသိပညာပေး ပြသနေစဉ်

ပဲခူး(သန့်စင်)



# ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၆ ခုနှစ်အတွင်း ကမ္ဘောဇဘဏ်လီမိတက်မှ လက်ခံရရှိခဲ့သော နိုင်ငံတကာဆုများအတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ဆထက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

- ၂၀၁၆ စက်တင်ဘာလအတွင်း အင်္ဂလန်နိုင်ငံ၊ လန်ဒန်အခြေစိုက် Finance Asia မှ ချီးမြှင့်သော "Best Bank in Myanmar 2016"
- ၂၀၁၆ အောက်တိုဘာလအတွင်း စပိန်နိုင်ငံအခြေစိုက် Business Initiative Directions မှ ချီးမြှင့်သော "World Quality Commitment 2016"
- ၂၀၁၆ ဒီဇင်ဘာလအတွင်း အင်္ဂလန်နိုင်ငံ၊ လန်ဒန်အခြေစိုက် World Finance မှ ချီးမြှင့်သော "Best Commercial Bank in Myanmar 2016" နှင့် "Best Retail Bank in Myanmar 2016"
- ၂၀၁၆ ဒီဇင်ဘာလအတွင်း အင်္ဂလန်နိုင်ငံ၊ လန်ဒန်အခြေစိုက် Financial Times (The Banker) မှ ချီးမြှင့်သော "Bank of the Year in Myanmar 2016"

ဦးအောင်သန်း – Three Stars GRAM MILL (Mandalay)
ဦးကျော်ဝင်း – Sein & Mya Mattress Industry Co., Ltd. (Mandalay)
ဦးအောင်ဆန်းဝင်း – Aung Thamadi Gold & Jewellery (Mandalay)
ဦးမောင်ကို – Eternal Gold Mining Co., Ltd. (Mandalay)
ဒေါ်ခင်လေးမြင့် – Hotel and Gems & Jewellery (Mandalay)
ဦးမိုးကျော်ကျော် – Htun Kar Construction Co., Ltd. (Mandalay)
ဦးကျော်သက်လှိုင် – KT Construction Group (Mandalay)
ဦးလှဖုန်းကျော် – Rainbow Bridge Distribution Co., Ltd. (Mandalay)
ဦးညီညီလွင် – Sein Wit Hmun Trading (Mandalay)
ဦးဝင်းဆွေ – Best Oil Co., Ltd. (Mandalay)
ဦးကျော်စွာဝင်း – Taw Win Diamond (Mandalay)
ဦးတင်ကိုကို – Shining Star Jewellery (Mandalay)

# ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတကာမှ သတ်မှတ်ထားသော စံချိန်စံညွှန်းများ၊ အရည်အချင်းများနှင့် အရည်အသွေး စစ်ဆေးမှုများကို အောင်မြင်ပြီး ၂၀၁၆ ခုနှစ်အတွင်း မြန်မာ့ဘဏ္ဍာရေးသမိုင်း၌ ပထမဆုံး အနေဖြင့် ထိုင်းနိုင်ငံ၊ စင်္ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် နိုင်ငံတကာကိုယ်စားလှယ်ဘဏ်ရုံးခွဲများကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် **"ကမ္ဘောဇဘဏ်လီမိတက်"** နှင့်ထပ်တူ အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် မြန်မာပြည်သူပြည်သားများ အမြဲထာဝရ အားကိုးအားထားရသော အောင်မြင်သည့် ထိပ်တန်းဘဏ်ကြီးအဖြစ် ထာဝရ ရပ်တည်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

ဦးအောင်သန်း – Three Stars GRAM MILL (Mandalay)
ဦးကျော်ဝင်း – Sein & Mya Mattress Industry Co., Ltd. (Mandalay)
ဦးအောင်ဆန်းဝင်း – Aung Thamadi Gold & Jewellery (Mandalay)
ဦးမောင်ကို – Eternal Gold Mining Co., Ltd. (Mandalay)
ဒေါ်ခင်လေးမြင့် – Hotel and Gems & Jewellery (Mandalay)
ဦးမိုးကျော်ကျော် – Htun Kar Construction Co., Ltd. (Mandalay)
ဦးကျော်သက်လှိုင် – KT Construction Group (Mandalay)
ဦးလှဖုန်းကျော် – Rainbow Bridge Distribution Co., Ltd. (Mandalay)
ဦးညီညီလွင် – Sein Wit Hmun Trading (Mandalay)
ဦးဝင်းဆွေ – Best Oil Co., Ltd. (Mandalay)
ဦးကျော်စွာဝင်း – Taw Win Diamond (Mandalay)
ဦးတင်ကိုကို – Shining Star Jewellery (Mandalay)

# ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

မိုးကုတ်မြို့နှင့် ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်နေ
ဦးသောင်းထူး-ဒေါ်မြင့်မြင့်စန်းတို့၏သား

**မောင်ကြည်ငြိမ်းချမ်း(ခ)ချမ်းချမ်း**

**Senior Franchise Specialist (Ooredoo Myanmar)**

**နှင့်**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်နေ
ဦးတင်ဦး-ဒေါက်တာဒေါ်စန်းလှဲ့ဝေတို့၏သမီး

**မခိုင်ဇင်ဦး(ခ)မီးငယ်**

**(Dreams True Fashion House)**

တို့၏ ၁၉-၁၁-၂၀၁၆ ရက် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် လက်မှတ်ရေးထိုးပေးပါသော ဒေါ်ခိုင်ဆုဝေခင် မြို့နယ်ဥပဒေအရာရှိ (သန်လျင်မြို့နယ်)အားလည်းကောင်း၊ ၂၁-၁၁-၂၀၁၆ ရက် မိုးကုတ်မြို့၊ နန့်မွန်းဓမ္မဗိမာန်၌ ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၂၅-၁၂-၂၀၁၆ ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ SEDONA HOTEL (Ball Room) ၌ ကျင်းပပြုလုပ်သည့် ထိမ်းမြားမင်္ဂလာအခမ်းအနားတွင် မင်္ဂလာအောင်စပယ်ကုံး ဆင်မြန်းပေးပါသော ဦးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေအားလည်းကောင်း၊ မင်္ဂလာလက်ထက်လက်စွပ်ချီးမြှင့်ပေးပါသော ဒေါက်တာဦးအောင်ကျော်သန်း (နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်ကြီး)နှင့် ဇနီးဒေါက်တာဒေါ်မြင့်မြင့်သွင် (Microbiologist) အားလည်းကောင်း၊ မင်္ဂလာရွှေဆွဲကြိုးဆင်မြန်းပေးပါသော ပါမောက္ခဒေါက်တာဦးဘမြင့် (ပါမောက္ခချုပ်-ငြိမ်း) သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)နှင့် ဇနီးဒေါ်ခင်စမ်းထွေးတို့အားလည်းကောင်း၊ မင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာပန်းခြင်းကိုင်ပေးပါသော မောင်ထွဋ်ဝဏ္ဏလွင်နှင့် မယွန်းယုယဦး၊ မင်္ဂလာပန်းကြဲပေးပါသော မထက်ထက်ဝင်း၊ မင်္ဂလာပန်းကုံးဗန်းကိုင်ပေးပါသော မနော်အဲဗားဂရင်း၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ပေးပါသော မခိုင်ဆွေသော်၊ မင်္ဂလာရွှေဆွဲကြိုးဗန်းကိုင်ပေးပါသော မစုမွန်ကျော်၊ မင်္ဂလာသတို့သားအရံ များဖြစ်ကြသော မောင်ကောင်းခန့်ဇော်နှင့် မောင်ဉာဏ်ဖြိုး၊ မင်္ဂလာသတို့သမီးအရံများဖြစ်ကြသော မနှင်းနန္ဒာကျော်နှင့် မမြတ်ဖြိုးသိမ့်တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေး သီဆိုပေးပါသော တေးသံရှင် ဒေါ်စိမ်းမို့မို့၊ စောင်းဦးဝင်းကျော်၊ တေးဂီတဖြင့်ဖျော်ဖြေပေးပါသော The Aces တေးဂီတအဖွဲ့အားလည်းကောင်း၊ မိတ်ကပ်နှင့်ဆံပင်အလှဖန်တီးပေးပါသော မေဦးမောင်(တော်ဝင်သူ)နှင့်အဖွဲ့အားလည်းကောင်း၊ ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးပေးပါသော My Dream အဖွဲ့သားများအားလည်းကောင်း၊ ပန်းအလှပြင်ပေးသော Island Flowers အားလည်းကောင်း၊ မင်္ဂလာဝတ်စုံများကို ကိုယ်တိုင်ဖန်တီးရာတွင် ကူညီပေးပါသော မမင်းမင်း၊ မအေးအေးမော်နှင့် မဖြိုးဖြိုးတို့အားလည်းကောင်း၊ SEDONA HOTEL မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ၂၅-၁၂-၂၀၁၆ ရက် (စိမ်းလန်းစိုပြည်)ပန်းခြံတွင် ကျင်းပသော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်ဆွေ သူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာဖိတ်စာကို မေတ္တာဖြင့်ကူညီပေးပါသော ဦးစိုးမိုးကျော်(Singapore) နှင့် ဖိတ်စာပုံနှိပ်ရာတွင် စီစဉ်ပေးပါသော ဒဂုံပုံနှိပ်တိုက်အားလည်းကောင်း၊ မင်္ဂလာအခမ်းအနား အစီအစဉ်များကို အစစအရာရာအဆင်ပြေချောမွေ့အောင် ဝိုင်းဝန်းကူညီပေးခဲ့ကြသော နှစ်ဖက်သောဆွေမျိုးများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးအား လှိုက်လှဲစွာ ကျေးဇူး ဥပကာရအထူးတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများ၊ မောင်ကြည်ချမ်းငြိမ်းနှင့် မခိုင်ဇင်ဦး**

---

# ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဒုတိယရဲမှူးခင်မောင်ဝင်း (ငြိမ်း) + ဒုတိယရဲမှူးကြီးကြည်ကြည်မြင့် (နည်းပြမှူးချုပ်-ရဲအကြပ်အတတ်သင်ကျောင်း-ရန်ကုန်)တို့၏ သားကြီး
မောင်အောင်မြင့်မြတ် B.A (English)
Diploma in Hotel Management (CTH.UK)
HR, Admin & HSE Manager (MER Myanmar Co., Ltd.)

နှင့်

ရန်ကုန်မြို့နေ
ဗိုလ်မှူးကြီးသန်းမြင့် (ငြိမ်း) + ဒေါ်နီနီစိုး (မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း-ငြိမ်း)
(တည်ထောင်အုပ်ချုပ်သူ - ပင်လုံနှင်းဆီကိုယ်ပိုင်အထက်တန်းကျောင်း)တို့၏ သမီးကြီး
ဒေါက်တာပြည့်ဖြိုးမြင့်
M.B.,B.S (Ygn) | Master of Business Administration (YUE)

တို့အား (၉. ၁၂. ၂၀၁၆)ရက်နေ့တွင် NOVOTEL HOTEL ၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်တရားရုံး ဒုတိယခရိုင်တရားသူကြီး ဒေါ်ခင်ခင်ဆွေအားလည်းကောင်း၊ အသိသက်သေအဖြစ် လက်မှတ်ရေးထိုး၍ မင်္ဂလာဩဝါဒ စကားပြောကြားပေးပါသော ဗိုလ်မှူးကြီးမျိုးမြင့် (ငြိမ်း) (MD-ဗန္ဓုလပို့ဆောင်ရေးကုမ္ပဏီလီမိတက်)နှင့် ဇနီး ဒေါ်ခင်ငွေးငွေး၊ ရဲမှူးချုပ်မောင်စိုး (ငြိမ်း)နှင့် ဇနီး ဒေါ်ဥမ္မာချစ်တင်တို့အားလည်းကောင်း၊ မေတ္တာဖြင့် ပန်းအလှပြင်ဆင်ပေးပါသော Everlasting Floral Service အားလည်းကောင်း၊ (၁၁. ၁၂. ၂၀၁၆) ရက်တွင် ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက် (ရန်ကင်း)၌ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ (၁၈. ၁၂. ၂၀၁၆)ရက်တွင် ရန်ကုန်မြို့ SEDONA HOTEL (Grand Ballroom) မင်္ဂလာခန်းမ၌ ကျင်းပသည့်မင်္ဂလာဧည့်ခံပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့် ဆင်မြန်းပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးအုန်းမြင့်(ငြိမ်း)နှင့် ဇနီး ဒေါ်နုနုဆွေ၊ မင်္ဂလာလက်စွပ် ဆင်မြန်းပေးပါသော ရဲမှူးချုပ်မြဝင်းနှင့်ဇနီး ဒေါ်ရင်ရင်မြင့်တို့အားလည်းကောင်း၊ ကိုယ်တိုင် ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှ အကြီးအကဲများနှင့် ဇနီးများအားလည်းကောင်း၊ အငြိမ်းစားစစ်ဘက်နယ်ဘက်မှ အကြီးအကဲများနှင့် ဇနီးများအားလည်းကောင်း၊ ဧည့်ခံပွဲသို့ မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မြန်မာ့ယဉ်ကျေးမှုလက်ရာဖြင့် ကျက်သရေရှိအောင် မေတ္တာထားကူညီပေးပါသော ဦးထွန်းဝဏ္ဏစိုး (ကထိက-ဂီတပညာဌာန၊ ယဉ်ကျေးမှုတက္ကသိုလ်)၊ မေတ္တာဖြင့် လက်ဝတ်ရတနာများဆင်မြန်းပေးပါသော ရွှေနန်းတော်၊ မအေး(ဗိုလ်ချုပ်ဈေး)၊ နုရတနာတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးခိုင်မြဲသာ၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော တေးသံရှင်ရီရီသန့် နှင့် တေးဂီတအဖွဲ့သားများ၊ မင်္ဂလာပန်းကြဲပေးပါသော မချစ်စံဝင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကလပ် ကိုင်ဆောင်ပေးပါသော မစိုးယုမေ၊ မင်္ဂလာလက်စွပ်ကလပ် ကိုင်ဆောင်ပေးပါသော မဟန်နီနွယ်ဇော်၊ မင်္ဂလာသတို့သားအရံ ဒေါက်တာဟိန်းရဲမာန်၊ မောင်တင်ထူးမြတ်၊ မင်္ဂလာသတို့သမီးအရံ မယုဇနကျော်၊ မမြင့်မြတ်သောင်း၊ မင်္ဂလာလမ်းပြ ရှေ့ဆောင်အဖြစ် လျှောက်လှမ်းပေးပါသော မောင်တာရာဟိန်း၊ မောင်စွမ်းလင်းထွဋ်၊ မဟေဇင်၊ မအိမ့်ခြူးသံသာ၊ မေတ္တာဖြင့် ပုံတော်ဖိနပ်များဆင်မြန်းပေးပါသော မသီရိအောင် (Info Myanmar) အားလည်းကောင်း၊ မင်္ဂလာဝတ်စုံ Designer ကိုမင်းသက်စံ၊ အရံဝတ်စုံ Designer ကိုဇော်နောင်၊ သတို့သမီးမိတ်ကပ်ဆံပင်အလှပြင်ပေးပါသော မေဦးနှင့်အဖွဲ့၊ မိတ်ကပ်ဆံပင်တိုးတိုး၊ ပန်းအလှပြင်ဆင်ပေးပါသော Eternal Floral Service၊ Pre Wedding နှင့် မင်္ဂလာအခမ်းအနားများတွင် ဓါတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးပါသော ကိုဝဏ္ဏခွာနီးနှင့်အဖွဲ့ (Focus Daily Photo Studio)၊ Aroma (Zulu Studio)၊ အစားအသောက်များ တည်ခင်းဧည့်ခံပေးပါသော SEDONA HOTEL နှင့် NOVOTAL HOTEL မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ SEDONA HOTEL POOL SIDE တွင်ကျင်းပသော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများ၊ မင်္ဂလာညစာစားပွဲအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော အန်တီလွင်မာသန်းနှင့် မကေခိုင်တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြပါသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးအထူးတင်ရှိပါသည်။

**နှစ်ဘက်မိဘများနှင့်**
**မောင်အောင်မြင့်မြတ် + ဒေါက်တာပြည့်ဖြိုးမြင့်**

---


မောင်ကျော်ဇော (သံတမန်) ၏

ဗေဒင်ပညာ အသိပညာလေ့လာသူများနှင့် ဝင်ခွင့်အသီးသီးဖြေဆိုမည့်သူများအတွက်

**ကြယ်စင် အထွေထွေဗေဒင်သုတ (၂၀၁၇ - ၂၀၁၈)**

နှင့်

ကမ္ဘာ့နိုင်ငံများဆိုင်ရာ ကုလသမဂ္ဂနှင့် ပွဲကိုင်ရှင်များအကြောင်း ပြည့်စုံစွာတင်ပြထားသည့်

**ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်များ အတ္ထုပ္ပတ္တိအကျဉ်း**

ဖြန့်ချိရေး - ကြယ်စင်စာပေ - 09421010037, 095064594
( အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်များတွင် ရရှိနိုင်ပါသည်။ )
ထွက်ပြီ။


---


မန္တလေးစိတ်ကူးချိုချိုစာအုပ်ဆိုင်-သုံးနှစ်ပြည့်အမှတ်တရနှင့်
စိတ်ကူးချိုချိုစာအုပ်ဆိုင်များ

**နှစ်သစ်ကြို စာအုပ်ဈေးရောင်းပွဲ**

**စိတ်ကူးချိုချိုစာအုပ်များတစ်ဦးချင်း ၂၀% ကိုယ်စားလှယ် ၃၀%**
**အခြားတိုက်ထုတ်များတစ်ဦးချင်း ၁၀%**

၃၀.၁၂.၂၀၁၆(သောကြာ)မှ ၈.၁.၂၀၁၇(တနင်္ဂနွေထိ)နံနက် ၉နာရီမှ ညနေ၇နာရီထိ။

စိတ်ကူးချိုချို(၇၇ လမ်း၊ ၃၁×၃၂ကြားနှင့် ၂၆ဘီလမ်း၊ မန္တလေးမြို့)၊
ရန်ကုန်မြို့စိတ်ကူးချိုချိုဆိုင်များ (လမ်း ၄၁၊ သြဘာလမ်း၊ လှည်းတန်း ၁ လမ်း)

**မြန်မာဝတ္ထုတိုရာပြည့်အကြို/** မြန်မာဝတ္ထုတို ၂၀၁၆၊ **ပီမိုးနင်း**-ဝတ္ထုပဒေသာပေါင်းချုပ်-၁၊ **ဗန်းမော်တင်အောင်**-ဝတ္ထုတိုပေါင်းချုပ်-၂၊ **သော်တာဆွေ**-ဟာသဝတ္ထုတိုပေါင်းချုပ်-၂၊ **တင်မိုး**-ကဗျာဆရာနဲ့ ပန်းသူဇာဝတ္ထုတိုများ၊ **မိုးဟိန်း**- ဟာသဝတ္ထုတိုပေါင်းချုပ်-၂၊ **မောင်ဝဏ္ဏ**-မောင်စိန်သောင်း မနှင်းရည် ဝတ္ထုတိုများပေါင်းချုပ်၊ **ကြူးနှစ်**-သေစာရင်းမှာမပါတဲ့လူ ဝတ္ထုတိုများ၊ **စုသဲမွန်**-နှလုံးသားပျားရည်စက် ဝတ္ထုတိုများ။

**ဝတ္ထုလတ်များအစီအစဉ်/ ဒဂုန်တာရာ**-ဝတ္ထုလတ်များပေါင်းချုပ်၊ **ငြိမ်းကျော်**-ဝတ္ထုလတ်ပေါင်းချုပ်။

**နှစ်ဦးကြိုစာအုပ်များ/** ကြည်အေး-ပေါက်ကျော်ဖို့ပုံ၊ **ဇော်ဇော်အောင်**-ထင်မိထင်ရာရေးချထားတဲ့ ဖြုတ်စဖျင်း တောင်းစာစုများ၊ **အောင်ချိမ့်**-တခွေ၊ **ဦးဘဂျမ်း**-ကာတွန်းပေါင်းချုပ်ဒုတိယအုပ်၊ **ဦးစန္ဒိမာ (စလင်း)**-သမိုင်းတွင်သမိုင်းဝင်စာဆိုရှင်များ . . . .

**အခြားစာအုပ်များ/ မန်းတင်**-ကိုဖိုးလုံးဝတ္ထုတိုများ၊ **သိန်းဖေမြင့်**-ချစ်၍ခေါ်ရာ၊ **ပါရဂူ**-စိန္တာမယနှင့် စိန္တာနယ၊ **အထောက်တော် လှအောင်**-ရှစ်စပ်ကဂျင်ခြေလည်


---


ကျန်းမာရေးနှင့်သင့်လျော်သည့်
သစ်သီးများကို နည်းလမ်းမှန်ကန်စွာ
စားသုံးခြင်းဖြင့် ရရှိနိုင်မည့်
ကျန်းမာရေးအကျိုးကျေးဇူးများအပြင်
ရှောင်ကြဉ်သင့်သည့်အချက်များကိုပါ
စုံလင်စွာရေးသားဖော်ပြထားသော...

**“သစ်သီးများနှင့် ကျန်းမာရေး”**

ဒေါက်တာခင်မောင်လွင် (FAME)




အမှတ်(၂၀)၊ မင်းကြီးမဟာမင်းခေါင်လမ်း၊ စက်မှုဇုန်(၃)၊ လှိုင်သာယာမြို့
ဖုန်း - ၀၁ - ၆၈၅၆၀၉၊ ၆၈၂၁၉၉၊ ၆၈၅၀၈၃၊ ၀၉ - ၉၆၅၅၅၉၈၆၀
E-mail : marketing@famepharma.com, FAME Pharmaceuticals


---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၁ယ/၉၈၈၁၉ Jialing 90, M/C ယာဉ်လက်ဝယ်ရှိသူ ဦးတေဇလှိုင် ၉/မရမ(နိုင်)၀၀၇၃၆ ၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၃ယ/၁၈၃၈၄ Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မင်းလတ် ၉/မရမ(နိုင်)၀၀၃၉၂၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲနှင့် မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အောင်ဇမ္ဗူရပ်ကွက်နေ
ဦးတင်သန်း-ဒေါ်သန်းနွဲ့တို့၏သားကြီး
**ဗိုလ်မှူးရဲခေါင်**
**D.S.A, B.Sc (Chemistry) လက်ထောက်စစ်သံမှူး**
**မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)ရုံး၊ ဝါရှင်တန်ဒီစီ**
နှင့်
မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့၊ မှန်တန်းတိုးချဲ့ရပ်ကွက်နေ
ဦးစိန်မြ(ဗိုလ်ကြီး၊ ဒုတိယရဲမှူးကြီး-ငြိမ်း)-ဒေါ်အမာတို့၏ တစ်ဦးတည်းသောသမီး
**မအိအိမွန်**
**B.Sc(Phys)Q Master of Policy(Japan)**
**ပထမအတွင်းဝန်၊ မြန်မာသံရုံး၊ ဝါရှင်တန်ဒီစီ**

တို့၏ ၂၁-၁၂-၂၀၁၆ရက်တွင် မြန်မာသံရုံး၊ ဝါရှင်တန်ဒီစီ၌ မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပေးပါသော အမေရိကန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအောင်လင်း၊ အသိသက်သေများအဖြစ် ဆောင်ရွက်ပေးပါသော အမေရိကန်နိုင်ငံဆိုင်ရာ မြန်မာစစ်သံမှူး ဗိုလ်မှူးချုပ်ချစ်ဆွေနှင့် မြန်မာသံရုံး သံမှူးကြီး ဦးစိုးကိုကိုတို့အားလည်းကောင်း၊ ၂၄-၁၂-၂၀၁၆ရက်(စနေနေ့)တွင် မင်္ဂလာနေရာ အမေရိကန်နိုင်ငံ၊ ဝါရှင်တန်ဒီစီ၊ 1708 Powder Mill Rd, Silver Spring,MD 20903,USA မင်္ဂလာရာမကျောင်းတိုက်၌ ကျင်းပသော မြန်မာသံရုံးနှင့် စစ်သံရုံးတို့၏ အကြီးအကဲများ၊ မိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားဖြစ်မြောက်အောင်မြင်သည်အထိ အဘက်ဘက်မှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြသောကျေးဇူးတင်ထိုက်သူအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။

**နှစ်ဖက်သော မိဘဆရာသမားများနှင့်**
**ဗိုလ်မှူးရဲခေါင်-မအိအိမွန်**

---

## စီးပွားရေးအထူးလုပ်ကိုင်ရန် နေရာအလွန်ကောင်း နှစ်(၉၀)ဂရန်ကြီးကျပြီး မြေကွက်ကြီးပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

လုပ်ငန်းရှင်ကြီးများအတွက် စီးပွားရေးအထူးလုပ်ကိုင်ရန် ကောင်းမွန်သော နေပြည်တော်ဥတ္တရသီရိမြို့နယ် (ပျဉ်းမနား-တောင်ညိုကားလမ်းမကြီးဘေး) မင်းကုန်းအုတ်စက်ရုံအနီး (KLO)စက်သုံးဆီအရောင်းဆိုင်ရှေ့တွင် တည်ရှိသော နေရာအလွန်ကောင်းနှစ်(၉၀)ဂရန်ကြီးကျပြီး မြေဧရိယာအကျယ်(၅)ဧကခန့်အပြင် တစ်ဆက်တည်းပါဝင်သည့် ကျန်မြေ(၄)ဧကခန့်ကိုပါ ထည့်သွင်းပေးမည်ဖြစ်ပြီး စုစုပေါင်းမြေဧရိယာအကျယ်(၉)ဧကခန့်ရှိသည့် အဖိုးတန်မြေကွက်ကြီး ရောင်းမည်။
**ဆက်သွယ်ရန်။ (၁၆)လမ်းနှင့် ခတ္တာလမ်းထောင့်၊ ပေါင်းလောင်း(၂)ရပ်ကွက်၊ ပျဉ်းမနားမြို့၊ နေပြည်တော်**
ဖုန်း-၀၉-၈၃၀၀၄၄၂၊ ၀၉-၉၆၁၂၈၀၃၉၀၊ ၀၉-၂၆၃၀၄၆၉၅၁၊ ၀၉-၄၄၈၅၄၈၇၇၈၊ ၀၉-၄၅၈၀၂၃၆၁၀

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်တရားရုံး**
**၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-(၃၀)**

ဒေါ်ခင်ဆွေမြင့် **နှင့်** ၁။ ဒေါ်ခင်မာဝင်း ၂။ ဒေါ်သန်းညွန့်
၃။ ဒေါ်သီတာမိုး ၄။ ဒေါ်ဆယ်ရင်
၅။ ဒေါ်ခင်ပြုံး ၆။ ဒေါ်ဆန်းလှ
၇။ ဒေါ်မူအေး ၈။ ဒေါ်အမာ
၉။ ဒေါ်ဇင်မာအေး ၁၀။ ဒေါ်အေးခိုင်
၁၁။ ဒေါ်တင်ဝင်း ၁၂။ ဦးထွန်း(ခ)ထွန်းထွန်း
၁၃။ နော်ဖိုးဝါး(ခ)ဖြူဖြူလွင် ၁၄။ ဦးမာန်ရှင်း
၁၅။ ဦးခန့်ဇင်ဦး

**တရားလို** **တရားပြိုင်များ**

ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ တပြေးကျေးရွာအုပ်စု၊ တပြေးကျေးရွာနေ ဒေါ်တင်ဝင်း(ဘ)ဦးမောင်မောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်ခင်ဆွေမြင့်မှ ငွေကျပ်(၄၀၀၀၀၀၀ိ/-) တိတိရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၆ရက် (၁၃၇၈ ခုနှစ် ပြာသိုလဆန်း ၉ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၄င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝင်းမြင့်စိုး)**
**မြို့နယ်တရားသူကြီး**
**ထန်းတပင်မြို့နယ်တရားရုံး**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
### အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
### ပြည်ပအလုပ်အကိုင်လမ်းညွှန်သင်တန်းအတွက် သင်တန်းသားခေါ်ယူခြင်း

၁။ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသည် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသောသူများအား ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အသိပညာပေးရန်နှင့် လုံခြုံစိတ်ချရသော ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ရည်ရွယ်၍ ၂၀၁၇ခုနှစ် ဇန်နဝါရီလမှစ၍ ပြည်ပအလုပ်အကိုင် လမ်းညွှန်သင်တန်းကို အောက်ပါသင်တန်းကျောင်းများ၌ အခမဲ့ဖွင့်လှစ်သင်ကြားပို့ချမည်ဖြစ်ပါသည်။

(က) ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ရန်ကုန်)
ဗိုလ်မင်းရောင်လမ်းနှင့်မင်းရဲကျော်စွာလမ်းထောင့်၊ (၄၃)ရပ်ကွက်
ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရန် ဖုန်း-၀၁-၅၈၄၀၂၄၊ ၀၁-၈၀၁၁၄၀

(ခ) ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(မန္တလေး)
H-250၊ စက်မှု(၂)၊ ကနောင်မင်းသားကြီးလမ်း၊ ပြည်ကြီးတံခွန်မြို့နယ်
မန္တလေးတိုင်းဒေသကြီး။ ဆက်သွယ်ရန် ဖုန်း-၀၂- ၅၁၅၂၃၂၇

၂။ သင်တန်းများကို (တနင်္လာနေ့)မှ(ဗုဒ္ဓဟူးနေ့)အထိလည်းကောင်း၊ (ကြာသပတေးနေ့)မှ(စနေနေ့)အထိလည်းကောင်း တစ်ပတ်လျှင်နှစ်ကြိမ်ဖြင့် အချိန်ပြည့်ပို့ချမည်ဖြစ်ပါသည်။ ရန်ကုန်မြို့၊ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းတွင် တစ်ကြိမ်လျှင် သင်တန်းသား (၃၀၀)ဦး၊ မန္တလေးမြို့၊ ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်းတွင် တစ်ကြိမ်လျှင် သင်တန်းသား (၁၀၀)ဦးလက်ခံမည်ဖြစ်ပါသည်။ ယခုသင်တန်းတက်ရောက်ပြီးမှသာ ပြည်ပသို့ တရားဝင်သွားရောက်အလုပ်လုပ်ကိုင်ခွင့်ရရှိမည်ဖြစ်ပါသည်။

၃။ သို့သော် မလေးရှားနိုင်ငံဆိုင်ရာ လုပ်ငန်းခွင်အကြိုသင်တန်း တက်ရောက်ပြီးသူများ တက်ရောက်ရန်မလိုပါ။ ထို့အပြင် ထိုင်းနိုင်ငံသို့ သွားရောက်လုပ်ကိုင်ရန်ခွင့်ပြုချက်ရရှိပြီးသည့် အလုပ်သမားများအတွက် အလုပ်ရှင်နှင့် အလုပ်သမား စာချုပ်ချုပ်ဆိုသည့်ရက်မှသာ လိုအပ်သည့်သင်တန်းပို့ချမည်ဖြစ်ပါသည်။

၄။ သင်တန်းသို့ အောက်ပါသတ်မှတ်အရည်အချင်းရှိသူများ တက်ရောက်နိုင်ပါသည်။
(က) အသက်(၁၈) နှစ် ပြည့်ပြီးသူ မြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ကျန်းမာရေးကောင်းမွန်ရမည်။
(ဂ) မြန်မာစာ ရေး/ဖတ်တတ်ရမည်။

၅။ သင်တန်းကို ၂၀၁၇ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းတက်ရောက်လိုပါက အထက်ဖော်ပြပါ သင်တန်းကျောင်းများတွင် ၂၀၁၇ ခုနှစ် ဇန်နဝါရီ၂ရက်မှစတင်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူနှင့်အတူ သွားရောက်လျှောက်ထားရမည်ဖြစ်ပြီး လျှောက်ထားသူ အမှတ်စဉ်စာရင်းအလိုက် တက်ရောက်စေမည်ဖြစ်သည်။

၆။ အသေးစိတ်သိလိုပါက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ရွှေ့ပြောင်းအလုပ်သမားဌာနခွဲ၊ ဖုန်း-၀၆၇-၄၃၀၁၈၃၊ ၄၃၀၁၈၄၊ ၄၃၀၂၈၄နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ ဖုန်း-၀၆၇-၄၃၀၄၃၅သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

---

## ချာချီးယား ဒဂုံမြို့သစ်

အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
09-450026077
09-510 1862

---

## တိုက်ခန်းအမြန်ရောင်းမည်

BCCကျပြီးတိုက်သစ်တိုက်ခန်းများ လိုင်စင်ရကန်ထရိုက်ကိုယ်တိုင်ရောင်းမည်။
၁။ (၁၈)အောင်သုခလမ်းနှင့် ရွှေနှင်းဆီ(၂)လမ်းထောင့်၊ ပန်းခြံမှတ်တိုင်အနီး၊ (၂၅)ရပ်ကွက်၊ဒဂုံတောင်။(၁၉'×၅၄')မြေညီ(၄၈ဝသိန်း)၊ပ-ထပ်(၃၈ဝသိန်း)၊ဒုထပ်(၃၅ဝသိန်း)တ-ထပ်(၃၂ဝသိန်း)၊စတုတ္ထထပ်(၂၈ဝသိန်း)၊ပဉ္စမထပ် (၂၅ဝသိန်း)×၂ခန်း
၂။ (၂)အောင်သုခလမ်းနှင့်ရွှေနှင်းဆီ(၄)လမ်းထောင့်၊(၂၅)ရပ်ကွက်၊ဒဂုံတောင်၊ (၁၉'×၅၄')၊မြေညီ(၄၈ဝသိန်း)၊ပ-ထပ်(၃၈ဝသိန်း)၊ဒု-ထပ်(၃၅ဝသိန်း)၊ တ-ထပ်(၃၂ဝသိန်း)၊စတုတ္ထထပ်(၂၈ဝသိန်း)၊ပဉ္စမထပ် (၂၅ဝသိန်း)×၂ ခန်း
-၀၁ ၈၅၅၀၉၈၇၊ ၀၉ ၂၅၄၄၈၇၉၃၀၊ ၀၉ ၃၁၀၅၃၄၄၄။

---

### ပျောက်ဆုံးကြောင်း

ကျွန်မ မန္တယ်နွယ်ခိုင် ၈/ခမန(နိုင်) ၁၄၀၁၀၄၏ နိုင်ငံကူးလက်မှတ် အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၄၄၀၈၉၈၉**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်နိုင်ဦး ၈/စလန(နိုင်)၁၄၀၂၅၅၏ နိုင်ငံကူးလက်မှတ် အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၃၆၅၈၀၀၅**

---

## အောင်ပြည့်စုံ

အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကား မျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-250095114
09-421041338
09-73224763

---

ကွန်ကရစ် အုတ်ရိုက်စက်
ခေတ်မီမြေအုတ်ရိုက်စက် ရပြီ
09 4200 35882
09 4200 35884
(၆၀၄)အင်းလေး(၁)လမ်း၊ဇုန်(၂)၊တောင်ဒဂုံ။

---

## ဒိုးလေး

အိမ်ပြောင်း/အိမ်ရွှေ့
မြို့တွင်း/နယ်ဝေး
09 425308777,09 960154777

---

### အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5K/4229 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

---

### ကန်ထရိုက်တာ ဦးရှိန်းနောင်နောင်ဦး ၁၂/သဃက(နိုင်)၁၇၂၃၁၀နှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ စကားဝါလမ်း၊ အမှတ် (၃၂၃)နေ ဦးအီစမိုင်၏ ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ဦးအီစမိုင်မှ ၄င်းပိုင် အထက်ပါလိပ်စာရှိ မြေကွက်ပေါ်တွင် အခန်းပေး အခန်းယူစနစ်ဖြင့် တိုက်ဆောက်လုပ်ရန် ဦးရှိန်းနောင်နောင်ဦးအား လုပ်ငန်းအပ်နှံထားရာ ဦးရှိန်းနောင်နောင်ဦးမှ သတ်မှတ်ရက်တွင် တိုက်အားပြီးစီးအောင် ဆောက်လုပ်အပ်နှံမှုမရှိကြောင်း၊ ရက်ထပ်တိုးသော်လည်း ပြီးစီးအောင် ဆောက်လုပ်အပ်နှံခြင်းမရှိ၊ ဆောက်လက်စတိုက်သို့ လာရောက်ခြင်းမရှိ၊ အိမ်ငှားရမ်းနေထိုင်သည့်စရိတ်အား ဆက်လက်ပေးမှုမရှိ၊ လူချင်းပင်တွေ့ခံခြင်းများမရှိတော့၍ မြေရှင်ဦးအီစမိုင်မှာ ဦးရှိန်းနောင်နောင်ဦး၏ဖခင်နှင့်သဘောတူညီချက်ရယူကာ ဆောက်လက်စတိုက်ကို မိမိငွေဖြင့် ယာယီကာရံကာ နေထိုင်နေရကြောင်း သိရပါသည်။

ထို့ကြောင့် ဦးရှိန်းနောင်နောင်ဦးမှ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ဦးအီစမိုင်ထံသို့ဖြစ်စေ လာရောက်တွေ့ဆုံဖြေရှင်းပါရန်နှင့် ပျက်ကွက်ပါက ဦးအီစမိုင်နှင့် ဦးရှိန်းနောင်နောင်ဦးတို့ ချုပ်ဆိုထားသည့်စာချုပ်များအားလုံးအား ဖျက်သိမ်းရန် သဘောတူသည်ဟု မှတ်ယူမည်ဖြစ်ပြီး အထက်ပါလိပ်စာရှိမြေကွက်ပေါ်မှ ဦးရှိန်းနောင်နောင်ဦးထံတွင် တိုက်ခန်းကြိုပွိုင့်ဝယ်ယူထားသူများသည် ဦးရှိန်းနောင်နောင်ဦးနှင့်သာ ဖြေရှင်းကြပါရန်နှင့် မြေရှင်ဦးအီစမိုင်မှ လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**ညွှန်ကြားသူ-** **ဦးအီစမိုင်**
**ညွှန်ကြားချက်အရ-**
**ဒေါ်ဌေးဌေးရီ H.G.P, LL.B,D.L 101 WIPO (Switzerland), B.D.S (MOFA) ADVOCATE**
**တိုက် (၂)အခန်း (၀၀၁)၊ နှင်းဆီကုန်းအဆင့်မြင့်အိမ်ရာ (က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၈၉၂၃၉**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဇ/၈၆၄၀ AMA Aung Mya; Asia L/T, P/U (4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းလင်း ၉/ခအဇ(နိုင်)၀၀၇၂၉၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

---

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်DD/3199 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2G/9580 Toyota Vitz SCP90 Hatch Back (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမောင် ၁၂/ဥကမ(နိုင်)၀၆၈၄၁၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

---

## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း

ကျွန်မဒေါ်နန်းဇင်မာမျိုးချစ် ၁၀/မလမ(နိုင်) ၁၉၃၉၉၀ နှင့် ကျွန်မ၏ ခင်ပွန်း ဦးမင်းရဲထွဋ် ၁၄/နေဖ(နိုင်)၀၀၀၀၃၄ တို့သည် သဘောထားခြင်း မတိုက်ဆိုင်ပါသဖြင့် နှစ်ဦးသဘောတူ ၂၆-၂-၂၀၁၆ရက် မော်လမြိုင်ခရိုင် တရားရုံးတွင် ကွာရှင်းပြတ်စဲခဲ့ပါသည်။ သို့ဖြစ်ပါ၍ ၄င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား မိမိနှင့်မသက်ဆိုင်တော့ကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

**ဒေါ်နန်းဇင်မာမျိုးချစ်**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄၄)၊ မြေကွက်အမှတ်(၇၄၁)၊ အလျား ပေ၄၀×အနံ ပေ ၆၀ရှိ ဦးစောဖေ အမည်ပေါက် ဂရန်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၄)ရပ်ကွက်၊ နဝရတ်(၂)လမ်း၊ အမှတ်(၇၄၁)ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ဦးစောဖေ (ကွယ်လွန်)၏ဇနီးဒေါ်စီ ၅/ဆလက(နိုင်)၀၅၉၃၄၈က မိမိသည် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုပိုင်ဆိုင်၍ လက်ရှိဖြစ်ကြောင်း အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံသဖြင့် ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူသွယ်ယု (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၅)၊ မြေညီထပ်၊ ဗဟန်း(၃)လမ်း၊ မြို့မရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၈၇၉၉၄၇၉၇၊ ၀၉-၄၂၁၀၇၄၆၀၂**

---

## ဦးစိုးညွန့်(တော်ဝင်နှင်းဆီ)နှင့် သက်ဆိုင်သူအများသိစေရန် ကြေညာခြင်း

၁။ ယခင်အမှတ် (၂၂၃)၊ အလယ်ရွှေဂုံတိုင်လမ်း၊ အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်း မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်၍ ယခုအခါ အမှတ် ၁၄၄၁၊ ရွှေယင်းမာ(၁)လမ်း၊ ၂၄ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ ဒေါ်မူယာခင်၏ ညွှန်ကြားချက်အရ ကြေညာအပ်သည်မှာ-

၂။ ဦးစိုးညွန့်(တော်ဝင်နှင်းဆီ)အမှတ်-၂၂၃၊ အလယ်ရွှေဂုံတိုင်လမ်း၊ အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်နေသူ၏ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၁၂/ဗဟန(နိုင်)၀၂၅၆၉၁နှင့် ဒေါ်မူယာခင် ၁၂/ဗဟန(နိုင်)၀၂၅၉၃၂တို့၏ နိုင်ငံသား စိစစ်ရေးကတ်ပြားများကို ၂၀-၁၂-၂၀၁၆ရက်မှ စတင်ပယ်ဖျက်လိုက်ပြီဖြစ်ကြောင်း၊ အလုပ်သမားလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံး ဗဟန်းမြို့နယ်၊ ရန်ကုန်အနောက်ပိုင်းခရိုင်၊ ရန်ကုန်တိုင်းဒေသကြီး၏ကြေညာချက်အမှတ် (၁/၂၀၁၆)စာအမှတ် ၁၀၂/ မ-၆(နငသ-၄) ၁၄၈၆/အမတ အရ ထုတ်ပြန်ကြေညာအသိပေးထားပြီးဖြစ်ပါသည်။

၃။ ထို့ကြောင့် ဦးစိုးညွန့်(တော်ဝင်နှင်းဆီ)က မွေးစားမိဘဖြစ်သည့် ဦးဘရွှေ-ဒေါ်တုတ်တို့ကို မိဘအရင်းဟု လိမ်လည်ကျမ်းကျိန်ကာ မြေနှင့်အိမ်ပိုင်ဆိုင်ကြောင်း မွက်ဟစာချုပ်အမှတ် -၆၄၂/၁၉၈၃သည်လည်းကောင်း၊ မြေကွက်များခွဲစိတ်၍ ဦးစိုးညွန့်ထံမှ ဝယ်ယူထားသူ (၁) ဒေါ်ဟယ်လွန်ပုမ်၊ (၂) ဒေါ်နုနုရီ၊ (၃) ဦးအောင်ဆန်းဝင်း၊ (၄) ဒေါက်တာမြတ်ဦး၊ (၅) ဦးကျော်ခင်တို့၏ မြေအရောင်းအဝယ်မှတ်ပုံတင်စာချုပ်၊ (၅) စုံသည်လည်းကောင်း ဥပဒေနှင့် ငြိစွန်းနေပြီဖြစ်၍ သတိထားဆောင်ရွက်ကြရန်နှင့် ဒေါ်မူယာခင်၏ မွေးစားမိဘများဖြစ်သော ဦးဘရွှေ-ဒေါ်တုတ်တို့အမည်ဖြင့်ကျန်ရစ်သည့် ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၂A၊ တာမွေတိုက်နယ်၊ မြေကွက်အမှတ် (၄၂၈)၊ မြေအကျယ် (၂ဒသမ၇၆၂)ဧက၊ မြေပိုင်မြေ မျိုးမြေကွက်နှင့် မြေကွက်တည်နေရာအမှတ် ၂၂၃၊ အလယ်ရွှေဂုံတိုင်လမ်း၊ အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး လိပ်စာရှိ မြေကွက်နှင့်အဆောက်အအုံများအား ဒေါ်မူယာခင် သဘောတူခွင့်ပြုချက်မရှိဘဲ ဦးစိုးညွန့်တစ်ဦးတည်းက ဆက်လက်၍ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း၊ ပြုလုပ်ပိုင်ခွင့်မရှိပါကြောင်းနှင့် ထိုကဲ့သို့မပြုလုပ်ရန် သတိပေးတားမြစ်လိုက်ပါကြောင်း ဦးစိုးညွန့်(တော်ဝင် နှင်းဆီ)နှင့် သက်ဆိုင်သူ အများသိစေရန် ကြေညာအပ်သည်။

ညွှန်ကြားချက်အရ-
၁။ ဦးလှမြင့်(ဒဂုံ) စဉ်-၉၀၁၂ H.G.P, W.I.P.O (SWITZERLAND)
၂။ ဦးတင်အောင်ကြည်(တောင်သုံးလုံး) (စဉ်-၃၀၇၂၂) LL.B (အထက်တန်းရှေ့နေများအဖွဲ့)

**အမှတ် -၂၆၃/သုံးလွှာ၊ ဗားကရာလမ်း၊ မြေနီ/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၃၁၈၁၀၊ ၀၁-၅၃၄၃၆၉**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူသည့်နေ့ရက်တိုးမြှင့်ခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာနတွင် အသုံးပြုရန် လိုအပ်သော ရုံးသုံး စက်ကိရိယာ၊စက်နှင့် စက်ပစ္စည်းများနှင့် ရုံးသုံး ပရိဘောဂများကို Lot (6)ခုခွဲ၍ မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန် ၁၁-၁၂-၂၀၁၆ရက် ဤသတင်းစာ စာမျက်နှာ(၂၅)တွင် အိတ်ဖွင့်တင်ဒါ ခေါ်ယူခဲ့ပါသည်။

၂။ အထက်ပါကြော်ငြာတွင် ဖော်ပြထားသည့် တင်ဒါပိတ်မည့်ရက်နှင့် အချိန်အား အောက်ပါအတိုင်း တိုးမြှင့်သတ်မှတ်လိုက်ပါသည်-
**တိုးမြှင့်သည့် တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၆-၁-၂၀၁၇ရက်၊ ညနေ ၄ နာရီ

၂။ အသေးစိတ် အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၀၅၀၅၁၊ ၀၆၇-၄၀၅၁၀၁၊ ဖုန်းနံပါတ်များသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**ညွှန်ကြားရေးမှူး၊သင်တန်းကျောင်းများကြီးကြပ်ရေးဌာန**

---

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မန္တလေးခရိုင်တရားရုံးတော်**
**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၆၃၈**

၁။ ဒေါ်ဆွေဆွေမြင့် **နှင့်** ၁။ ဒေါ်စိန်စိန်
၂။ ဒေါ်ဝင်းချောစုခိုင် ၂။ ဒေါ်သန္တာဝင်း
**(တရားလို)** **(တရားပြိုင်များ)**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သံလျှက်မော်အနောက်ရပ်ကွက်၊ G-7စတိုးဆိုင် ၄၁လမ်း၊ ၈၈×၈၉လမ်းကြားနေ မသန္တာဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ဆွေဆွေမြင့် ပါ-၂ဦးက ယုံကြည်စွာပေးအပ်ထားသော ချေးငွေကျပ်(၄၅၀၀၀၀၀ိ/-)တိတိနှင့် အကျိုးအမြတ်(သို့မဟုတ်) နစ်နာကြေး (၆၇၅၀၀၀ိ/-)စုစုပေါင်း(၅၁၇၅၀၀၀ိ/-) (ကျပ်ငါးရာတစ်ဆယ်ခုနစ် သိန်းငါးသောင်းတိတိ)ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ ၅ ရက် (၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်အမည်ပါသူက တရားလို၏အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၄င်းအပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့၏မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်းမီ လေးရက်ကတင်သွင်းရမည်။

၂၀၁၆ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ယဉ်ယဉ်ဟန်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မန္တလေးခရိုင်တရားရုံး**

# ယေရှုခရစ်တော်၏ မွေးနေ့တော်(ခရစ္စမတ်)နှင့် နှစ်သစ်ကူးအကြို ကျေးဇူးတော်ချီးမွမ်းခြင်း ညစာစားပွဲကျင်းပ




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်အသင်းဝင်များ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ် (သတင်းစဉ်)

**နေပြည်တော် ဒီဇင်ဘာ ၂၈**

မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ် (MECA)က ကြီးမှူးကျင်းပသည့် ယေရှုခရစ်တော်၏ မွေးနေ့တော် (ခရစ္စမတ်)နှင့် နှစ်သစ်ကူးအကြို ကျေးဇူးတော်ချီးမွမ်းခြင်း ညစာစားပွဲကို ယနေ့ ညနေ ၅ နာရီခွဲတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ သိက္ခာတော်ရဆရာတော်များက သမ္မာကျမ်းစာ ဖတ်ကြားခြင်း၊ ဆုတောင်းဆက်ကပ်ခြင်းများ ဆောင်ရွက်ကြပြီး ညစာစားပွဲတက်ရောက်လာသူများက ဓမ္မသီချင်း စုပေါင်းသီဆိုကြသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ❒

## ယနေ့ မာတိကာ

လူရည်ချွန်တွေ ပြန်စုစည်းပြီး နိုင်ငံအကျိုးပြု လုပ်ငန်းတွေမှာ ဆောင်ရွက်နေပါတယ် စာမျက်နှာ » ၅

(၂၂)ကြိမ်မြောက် အာရှသကြားညီလာခံနှင့် မြန်မာနိုင်ငံ ကြံ၊ သကြား ဈေးကွက်အလားအလာ စာမျက်နှာ » ၆

"ပစ္စုပ္ပန်ကမ္ဘဝါဒဗုဒ္ဓဘာသာ" ဟူသော ဘာသာသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မညီညွတ်သော အသင်းအဖွဲ့သာဖြစ် စာမျက်နှာ » ၇

ဆီးရီးယားအပစ်အခတ်ရပ်စဲရေးအစီအစဉ် တူရကီနှင့် ရုရှားပြင်ဆင် စာမျက်နှာ » ၁၀



## တပ်မတော်က သိမ်းပိုက်ခဲ့သော ပွိုင့်-၇၆၈ စခန်းနှင့် ပတ်ဝန်းကျင်စခန်းငယ်များမှ လက်နက်ခဲယမ်းနှင့် မူးယစ်ဆေးဝါးအမြောက်အမြား သိမ်းဆည်းရမိ

*စာမျက်နှာ - ၈*

# ကျိုင်းတုံ၌ အာခါတိုင်းရင်းသားများ စုပေါင်းနှစ်သစ်ကူးပွဲတော် ကျင်းပ

**မြင့်မိုရ်(တာချီလိတ်)**

**ကျိုင်းတုံ ဒီဇင်ဘာ ၂၈**

အာခါတိုင်းရင်းသားများ စုပေါင်းနှစ်သစ်ကူးပွဲတော်ကျင်းပရေးကော်မတီ(ဗဟို)က ကြီးမှူးစီစဉ်ဆောင်ရွက်မှုဖြင့် ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့ အမှတ်(၅)ရပ်ကွက်ရှိ မြို့မအားကစားကွင်း၌ (၄၂)ကြိမ်မြောက် အာခါတိုင်းရင်းသားများ စုပေါင်းနှစ်သစ်ကူးပွဲတော်အခမ်းအနားကို အာခါတိုင်းရင်းသားများ၏ ရိုးရာဓလေ့ထုံးတမ်း အစဉ်အလာများနှင့်အညီ နှစ်စဉ် အစဉ်အလာမပျက် ဒီဇင်ဘာ ၂၈ ရက် နံနက်က ကျင်းပသည်။ (ယာပုံ)

*စာမျက်နှာ ၅ ကော်လံ ၁* ❀

